## အခန်း(၉၆၃) - ထိုးဖောက်မှု အောင်မြင်ခြင်း

ကောင်းကင်မျှော်စင် တောင်ထိပ်၏ အစည်းအဝေး အခန်းထဲတွင် ငွေရောင် ဆံပင်နှင့် အဘိုးအို တစ်ယောက်သည် ပင်မထိုင်ခုံတွင် ထိုင်နေသည်။ သူ၏ ဘယ်ဘက်နှင့် ညာဘက်တွင် သန်မာသော ဝမ်ရှင်းနှင့် တောက်ပသော မျက်လုံး သေးသေးလေးများ ရှိသည့် လူဝကြီးတစ်ယောက်တို့ ထိုင်နေကြပြီး ဖဲသမား မျက်နှာနှင့် လူတစ်ယောက်က သာမန်ထိုင်ခုံတွင် ထိုင်နေသည်။

သူတို့ လေးယောက်သည် နယ်မြေ (၁၇) ၏ ဒေသဆိုင်ရာ အကြီးအကဲများနှင့် လက်ထောက် အကြီးအကဲများ ဖြစ်ကြသည်။

အဘိုးအို ဘယ်ဘက်တွင် ထိုင်နေသော ဝမ်ရှင်းက အဘိုးအို၏ စကား ဩဝါဒကို ပြီးဆုံးအောင် စောင့်ပြီးနောက် ရုတ်တရက် ပြောလိုက်သည်။

"ဒေသဆိုင်ရာ အကြီးအကဲ... ငါ့ မူရင်း ခန္ဓာကိုယ်က ပြောနေတယ်... သူက မင်းတို့အားလုံးနဲ့ ဆွေးနွေးချင်တယ်တဲ့..."

"ဆွေးနွေးချင်တယ် ဟုတ်လား......"

ပင်ကျန်းသည် ထိုစကားကို ကြားလိုက်လျှင် မျက်ခုံးပင့်လိုက်ပြီး…

“ဘာကို ဆွေးနွေး ချင်တာလဲ…”

“လွန်ခဲ့တဲ့ နာရီဝက်လောက်က ကိုယ်စားလှယ်လောင်း တစ်ယောက်က မူရင်း ခန္ဓာကိုယ်ဆီကို ရောက်လာတယ်… သူက အစားအစာ အရင်းအမြစ်တွေ အများကြီး ယူလာတယ်လို့ ပြောနေတယ်။ နောက်ပြီးတော့ ငါတို့နဲ့ ညှိနှိုင်း ချင်နေတယ်…”

ဝမ်ရှင်းက ရှင်းပြလိုက်သည်။

"ငါ့ရဲ့ မူရင်း ခန္ဓာကိုယ်ကလည်း သူ ထောက်ပံ့မယ်ဆိုတဲ့ အစားအသောက်တွေကို စစ်ဆေးပြီးပြီ... အသားတွေ အပြင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေနဲ့ အရက်လိုမျိုး သောက်စရာတွေလည်း ပါသေးတယ်။ ဒီ ကိုယ်စားလှယ်လောင်းက ပြင်ဆင်ပြီး ရောက်လာတယ်ဆိုတာ ထင်ရှားနေတယ်"

အစားအသောက် ဆိုသည်မှာ ဤနေရာတွင် အရှားပါးဆုံး အရင်းအမြစ် ဖြစ်နေသည်။ သူတို့သည် ဤနေရာသို့ စရောက်လာ ကတည်းက

အခြေခံအားဖြင့် အသားကိုသာ စားနေရသည်။ သူတို့၏ ပတ်ဝန်းကျင်တွင် အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များ မရှိပေ။ ကျတ်တီးမြေ ဖြစ်နေသောကြောင့် အရက်သောက်ရန် မဆိုထားနှင့် စိုက်ပျိုး၍ပင် မရချေ။

ကျန်သည့် သုံးယောက်သည် ထိုစကားကို ကြားလျှင် တံတွေး မြိုမချဘဲ မနေနိုင်ကြတော့ချေ။

“ ဒီထောင်က ကျတ်တီးမြေဆိုတာ သိနေတယ်ဆိုတော့ ဒီ ကိုယ်စားလှယ်လောင်းက ဘာလိုချင်တာလဲ”

ပင်ကျန်းသည် စိတ်လှုပ်ရှား နေသော်လည်း ဆင်ခြင်ဉာဏ် ရှိနေသေးသည်။

"သူက ငါတို့တွေ အားလုံး မဖွင့်နိုင်တဲ့ သိုလှောင်ပစ္စည်းတွေ လိုချင်တယ်လို့ ပြောတယ်..."

ဝမ်ရှင်းက ညှိုနှိုင်းချင်သည့် အခြေအနေကို ထုတ်ပြောလိုက်သည်။

"သူက အစားအသောက်နဲ့ သိုလှောင် ပစ္စည်းတွေ လဲဖို့တောင်းဆိုတာ ဆိုတော့ ဒီကောင် စိတ်လွတ်နေလို့လား....။ ဒီလိုသာ လှောင်ပစ္စည်းတွေကို ဖွင့်နိုင်ရင် ကောင်းကင်

မျှော်စင်တောင်မှာ နှစ်ရာပေါင်းများစွာ စားလို့ရတဲ့ ပစ္စည်းတွေနဲ့ လဲလို့ရတယ်.....”

ဖဲသမားမျက်နှာက လျှောင်ပြောင် လိုက်သည်။ ဤတောင်းဆိုမှုနှင့် ပက်သက်၍ တော်တော်လေး မကျေမနပ် ဖြစ်နေသည်မှာ အထင်အရှားပင်။

“မင်း ဒီလို ပြောလို့မရဘူး လူအိုကြီးနင်.....၊ သိုလှောင်ပစ္စည်းတွေက အပြင်ဘက်မှာ အဖိုးတန် ပေမယ့် ဒီထောင်ထဲမှာတော့ ဖွင့်လို့မရလို့ အမှိုက်နဲ့ မခြားဘူး။ ဒီထဲမှာ နတ်ဘုရား ဓါတ်ကြွင်းတွေ၊ နတ်ဘုရား ပစ္စည်းတွေ၊ နတ်ဘုရားအဆင့်

ကျင့်စဉ်တွေ ရှိနေရင်တောင် ငါတို့ မရယူနိုင်လို့ အမှိုက်ပဲ။ အစားအသောက် ဆိုတာက ဒီအကျဉ်းထောင်မှာ ရှားပါး အရင်းအမြစ်ပဲ... ရှားပါးအရင်းအမြစ်နဲ့ အမှိုက်ကို ဘာဖြစ်လို့ မလဲရမှာလဲ...”

ဝမ်ရှင်းဘေးတွင် ထိုင်နေသော ဖက်တီးထံတွင် မတူသောအမြင် ရှိနေ၏။

ဖဲသမားမျက်နှာက အေးစက်စက် နှာခေါင်း တစ်ချက်ရှုံ့လိုက်ပြီး စကား ဆက်မပြောတော့ပေ။

“မင်း ဘယ်လိုထင်လဲ... လူအိုကြီးဝမ်”

ပင်ကျန်းက ဝမ်ရှင်းကိုယ်ပွားကို လှည့်ကြည့်ပြီး မေးလိုက်သည်။

“ဟာရန်း ပြောတာကို ထောက်ခံတယ်၊ ဒီသိုလှောင်ပစ္စည်းတွေက ဘာပဲဖြစ်ဖြစ် ငါတို့ ဖွင့်လို့မရဘူး။ ဒါကြောင့် သိမ်းထားလည်း အသုံးမဝင်ဘူး။ အဲ့အထဲက ပစ္စည်း တချို့ဆိုရင် နှစ်ထောင်ပေါင်းများစွာတောင် ကြာနေပြီ။ ငါတို့ မဖွင့်နိုင်သေးဘူးလေ။ တကယ်လို့ အဲ့ဒီအထဲမှာ အံ့သြစရာကောင်းတဲ့ ပစ္စည်းတစ်ခုခု ရှိနေရင်တောင်

ငါတို့ မယူနိုင်တဲ့အရာက အလကားပဲ။ ဘာဖြစ်လို့ အစားအသောက်နဲ့ မလဲရမှာလဲ”

ဝမ်ရှင်းက ဖက်တီးနှင့် တူညီသောအမြင်ကို ထုတ်ပြောလိုက်သည်။

“မင်းရဲ့ မူရင်း ခန္ဓာကိုယ်က အဲ့ဒီကောင့်ကို ဖမ်းချုပ်ပြီး အစားအသောက် လွှဲပြောင်းပေးဖို့ ဘာဖြစ်လို့ အတင်းအကျပ် မလုပ်တာလဲ…”

ဖဲသမားမျက်နှာက ဝမ်ရှင်းကို မေးလိုက်သည်။

“ငါလည်း အဲ့ဒီလို တွေးမိပါသေးတယ်… ဒါပေမယ့် ဒီကောင်လေးက ငါနဲ့တွေ့တဲ့အချိန်မှာ ရေရှည်လက်တွဲဖို့ အဖွဲ့တစ်ဖွဲ့ ရှာနေတယ်လို့ ပြောတာနဲ့……”

“ သူက ပထမဦးဆုံးအကြိမ် အစားအသောက် ယူလာပေးတဲ့ ရှေ့ပြေး လူတစ်ယောက်တဲ့၊ ပူးပေါင်းဆောင်ရွက်နိုင်မလား ဆိုတာ သူ ကြည့်ချင်တယ်။ ပထမဦးဆုံး ပူးပေါင်းဆောင်ရွက်မှု အဆင်ပြေချောမွေ့သွားတာနဲ့ စမ်းသပ်မှု စတင်တဲ့ အချိန်တိုင်း အဖွဲ့ဝင် (၁၀) ယောက်လောက်က

အစားအသောက်တွေ ယူလာ ပေးလိမ့်မယ်။ အစားအသောက် ပမာဏကလည်း ငါတို့ သဘောတူညီ ညှိနှိုင်းချက်ရဲ့ (၁၀) ဆကျော် ပိုများ စေရမယ်တဲ့လေ ။ နောက်ပြီးတော့ သူက အနာဂတ်မှာ ငါတို့လိုအပ်တဲ့ အစားအသောက် အရင်းအမြစ်တွေကို ထောက်ပံ့ ပေးနိုင်တယ်လို့ ပြောနေလို့ပဲ”

ဝမ်ရှင်း၏ ကိုယ်ပွားက သူ့မူရင်းခန္ဓာကိုယ် ရှင်းပြသည့် အတိုင်း ပြောလိုက်သည်။

“ပူးပေါင်း ဆောင်ရွက်မယ် ဟုတ်လား။ ငါလိုး..... နောက်တစ်ကြိမ် လုပ်မယ့် တော်ဝင်စမ်းသပ်မှုက ဘယ်လောက်ကြာမယ် ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ ဒါတောင် ငါတို့နဲ့ ရေရှည်လက်တွဲမယ်လို့ ပြောနေတာကို မင်းက ယုံနေတာလား။ သူ့အလကား ကတိတွေ လျှောက်ပေးနေတာလေ... ဒါကိုတောင် မင်း မသိဘူးလား...”

အခြားတစ်ဖက်တွင်မူ ဖဲသမားမျက်နှာ၏ မျက်နှာပေါ်တွင် အထင်သေး ရှုံ့ချမှုများ ပြည့်နက်နေသည်။

"သူက အလကား ကတိတွေ ပေးနေတာလား မပေးနေတာလား ဆိုတာကို သိရအောင် စမ်းသပ်မှု ပြီးတဲ့အထိ စောင့်နေစရာ မလိုပါဘူးကွာ"

ဝမ်ရှင်းသည် သူ့အနားက ဖက်တီးကို လှည့်ကြည့်ပြီး ပြောလိုက်သည်။

"ဟုတ်တယ်...ဒီလို အင်မော်တယ် အဆင့် တစ်ယောက်ကို စစ်ဆေးဖို့ အများကြီး အားစိုက်စရာတောင် မလိုပါဘူး.."

ဖက်တီးက သူ့လက်ကို ဆန့်တန်းပြီး ပြောလိုက်သည်။

“ကဲ... ဒါဆို ဒီအတိုင်းပဲ ထားလိုက်တော့..... လူအိုကြီးဝမ်... ကိုယ်စားလှယ်လောင်းကို ဒီနေရာဆီ တိုက်ရိုက်ခေါ်လာဖို့ မင်းရဲ့ ခန္ဓာကိုယ်ကို ပြောလိုက်။ သူ့ကို ဟာရန်းက စမ်းသပ်လိမ့်မယ်။ တကယ်လို့ စမ်းသပ်မှု အောင်မြင်ရင်တော့ ထပ်ဆွေးနွေးမယ်... မအောင်ရင်တော့ တစ်ခါတည်း သတ်ပစ်မယ်...”

ပင်ကျန်းသည် လူသုံးယောက်နှင့် ဆွေးနွေးပြီးနောက် တစ်ခါတည်း ဆုံးဖြတ်လိုက်သည်။

ဖဲသမားမျက်နှာနှင့် အမျိုးသားသည် လက်ပိုက်ထားပြီး မကျေနပ်သော အမူအရာဖြင့် အဝေးသို့ အကြည့်လွှဲလိုက်ကာ ဘာမှ ထပ်မပြောတော့ချေ။

ထို့နေရာနှင့် ကီလိုမီတာ ထောင်ပေါင်းများစွာ ဝေးကွာသော နေရာတွင် ဝမ်ရှင်း၏ ခန္ဓာကိုယ်သည် ကိုယ်ပွားနှင့် အသံ ပို့လွှတ်ပြီး စကား ပြောနေသော်လည်း မျက်လုံးက အသိစိတ် ကင်းလွတ်နေသည်။

“သူတို့က သဘောတူတယ်။ ဒါပေမယ့် တရားဝင် ဆွေးနွေးမှု မလုပ်ခင် မင်းပြောခဲ့တဲ့ ရေရှည်ပူးပေါင်းမှုက မှန်၊ မမှန်ကို စစ်ဆေးလိမ့်မယ်။ တကယ်လို့ မဟုတ်ရင် မင်းကို တစ်ခါတည်း သတ်လိမ့်မယ်...”

“စမ်းသပ်မယ်... စိတ်ညို့ပြီး မေးတာလား...”

လင်းဟွမ်သည် ထိုစကားကို ကြားလျှင် မျက်ခုံး ပင့်လိုက်ပြီး စစ်ဆေးမှုက ဘာဖြစ်နိုင်မလဲ ဆိုသည်ကို ခန့်မှန်းလိုက်သည်။

"အဲ့ဒီလိုမျိုး တစ်ခုခုပဲ။ အဲ့ဒီ ဒေသဆိုင်ရာ လက်ထောက်အကြီးအကဲ ဟာရန်းကျိုးက ပုံရိပ်ယောင်စွမ်းရည် ကျွမ်းကျင်တော့ သူသိချင်တဲ့ အရာကို အလွယ်တကူ အဖြေ ထုတ်နိုင်တယ်..."

ဝမ်ရှင်းက ဆက်ပြောလိုက်သည်။

"ပူးပေါင်း ဆောင်ရွက်မှု ကိစ္စအပြင် ဒီအခွင့်အရေးကို ဆုပ်ကိုင်ပြီးတော့ ပြင်ပကမ္ဘာက မင်းရဲ့ အနေအထားကို စစ်ဆေးကြလိမ့်မယ်..."

" အခု နားလည်ပြီ... လမ်းပြတော့"

လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

သူကလည်း ပင်ကျန်းနှင့် ကျန်သည့်လူများကို သတ်ပစ်ရန် ကြံစည်နေခြင်း ဖြစ်သောကြောင့် ဘာအတွက် ကြောက်ရမည်နည်း။

(၁၅) မိနစ်ခန့် ကြာပြီးနောက် လင်းဟွမ်သည် ဝမ်ရှင်းနောက်မှ လိုက်ပါ၍ နယ်မြေ (၁၇) ကောင်းကင် မျှော်စင်တောင်သို့ ရောက်ရှိလာသည်။ ဒီတောင်သည် နယ်မြေ (၁၇) ထဲမှ တောင်များထဲတွင် အမြင့်ဆုံးတောင် ဖြစ်သည်။ ဤနေရာသည် မင်းဆက်ထောင်၏ ပထမဦးဆုံး

ထောင်မှူးဖြစ်သော ဝူပိုင် နေထိုင်ခဲ့သော နေရာလည်း မမှားပေ။

လွန်ခဲ့သော နှစ်သန်းပေါင်း များစွာက ဤအကျဉ်းထောင်ထဲတွင် အကြီးအကဲ (၄) ယောက် ရှိခဲ့ပြီး ဝူပိုင်က ထိုအထဲမှ တစ်ယောက် ပင်။ သူက ယခုလက်ရှိ ရှိနေသည့် တည်ငြိမ်သော ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေခဲ့ပြီး အကျဉ်းထောင်ထဲက အဆင့်ဆင့် ကွဲကွဲအုပ်ချုပ်မှုကို အကောင်အထည် ဖော်ခဲ့သော လူများထဲမှ တစ်ယောက်လည်း ဖြစ်သည်။

ဝူပိုင်ကို လေးစားမှု ပြသသည့်အနေနှင့် ကောင်းကင် မျှော်စင်တောင်တွင် မည်သူမှ မနေထိုင်ကြပေ။ ဤကဲ့သို့ဖြင့် ဝူပိုင် နေထိုင်ခဲ့သည့် နန်းတော်သည် တဖြည်းဖြည်းနှင့် နယ်မြေ (၁၇) ၏ အခြေစိုက်ရုံး ဖြစ်လာခဲ့သည်။

ခပ်လှမ်းလှမ်းက လေထဲတွင် ရှိနေသော လင်းပျံသည် ကောင်းကင် မျှော်စင်တောင်၏ အနီးတဝိုက်တွင် အစောင့်ပေါင်း များစွာကို တွေ့လိုက်ရသည်။ အနည်းဆုံး (၃၀ ၊ ၄၀) ခန့် ရှိနိုင်သည်။ သူတို့အနက် အများစုက အင်ပါယာ

ရွှေဝါရောင်အဆင့် တိုက်ခိုက်ရေး အဆင့်များရှိပြီး အချို့က အင်ပါယာ ရွှေဖြူရောင် အဆင့် ရှိကြသည်။

အစောပိုင်းကတည်းက ဝမ်ရှင်းထံမှ ဤအကြောင်းကို ကြားထားခဲ့သောကြောင့် မအံ့သြမိပေ။

လင်းဟွမ်သည် ကောင်းကင် မျှော်စင်တောင်သို့ ရောက်သောအခါ ဝမ်ရှင်း နောက်မှလိုက်၍ နန်းတော်ထဲ ချက်ချင်း ဝင်သွားသည်။ မည်သူမှ မတားကြပေ။ အစောင့်များက သူတို့၏

ဖြစ်တည်မှုကို လျစ်လျူရှုထားပြီး လှည့်ကြည့်ဖို့ပင် စိတ် မပါကြချေ။

ပင်ကျန်းက သူတို့ကို မရောက်ခင် ကြိုတင် အကြောင်းကြားခဲ့ခြင်း ဖြစ်နိုင်သည်ဟု လင်းဟွမ်က တွေးလိုက်သည်။ ထိုကဲ့သို့ မဟုတ်ပါက ဝမ်ရှင်း ပါနေလျှင်ပင် ဤနန်းတော်ထဲ ခြေချရန် မဖြစ်နိုင်ပေ။

လင်းဟွမ်သည် နန်းတော်ထဲ ဝင်လိုက်သည်နှင့် ဤနန်းတော်က နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း တစ်ခုဖြစ်ကြောင်း သိလိုက်သည်။ နှစ်သန်းပေါင်းများစွာ ကုန်လွန် သွားခဲ့သော်လည်း

နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း နန်းတော်က အသစ်စက်စက် အတိုင်း သစ်လွင် နေသေး၏။

မျိုးဆက်စွမ်းအင်များ စုဆောင်းထားသည့် အပြင် မကြာခဏ ထောက်ပံ့သူ ထံမှလည်း စွမ်းအားများ ထည့်သွင်းနေသောကြောင့် ဖြစ်နိုင်သည်။

လင်းဟွမ်က နန်းတော်ထဲ ဝင်လိုက်သည်နှင့် တံခါးက အလိုလို ပိတ်သွားသည်။

ခန်းမထဲ၌ တစ်ခေါင်းလုံး ဖြူနေသော ပင်ကျန်းက ပင်မထိုင်ခုံတွင် ထိုင်နေပြီး ဝမ်ရှင်းနှင့်

အခြားနေ့စ်ယောက်က ဘေးတွင် ရံပြီး ထိုင်နေကြသည်။

ဝမ်ရှင်းကိုယ်တိုင် ရောက်လာသောအခါ ဝမ်ရှင်း၏ ကိုယ်ပွားက ချက်ချင်း မှေးမှိန်၍ ပျောက်ကွယ်သွားသည်။ သူက ခြေလှမ်းကျဲကြီးများ လှမ်းပြီး သူ့ကိုယ်ပွား ထိုင်ခဲ့သော နေရာတွင် ဝင်ထိုင်လိုက်သည်။

လင်းဟွမ်က ရှေ့သို့ ဖြည်းဖြည်းချင်း လမ်းလျှောက် လာသည်။

ပင်ကျန်းနှင့် ကျန်သည့်လူများက သူ့ကို မေးခွန်းများမေးရန် လုပ်လိုက်စဉ် အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက အနိမ့်အမြင့် ဒိုင်မေးရှင်းထဲမှ အိပ်မက်ဆိုး ကြံ့သူတော်ကို လွှတ်ပေးလိုက်သည်။

လင်းဟွမ် ပခုံးပေါ်တွင် ကြောင်ဖြူလေး တစ်ကောင် ပေါ်လာသည့် အချိန်၌ အိပ်မက်ဆိုး ကြံ့သူတော်၏ မျက်လုံးများက လုံးဝ မည်းနက်သွားပြီး ပင်ကျန်းနှင့် ကျန်သည့်လူများကို ဗလာ မျက်လုံးကြီးများနှင့် စိုက်ကြည့်လိုက်လျှင်

သူတို့သည် ထိုင်ခုံပေါ်တွင် ထိုင်နေသော်လည်း တုပ်တုပ်မျှ မလှုပ်ကြတော့ချေ။

## အခန်း(၉၆၄) - ပေါ်ထွက်လာသော မင်းဆက်၏ လျှို့ဝှက်ချက်....

အိပ်မက်ဆိုး ကြွံသူတော်က သူ့စွမ်းရည်ကို အသက် သွင်းလိုက်သည်နှင့် တပြိုင်နက် ပင်ကျန်းနှင့် ကျန်သည့်လူများသည် ခုခံ တိုက်ခိုက်နိုင်ခြင်း လုံးဝ မရှိတော့ဘဲ ညှို့ယူခြင်း ခံလိုက်ရသည်။

တစ်မိနစ်အတွင်းမှာပင် အိပ်မက်ဆိုး ကြွံသူတော်က သူတို့၏ စိတ်များကို ဖတ်ခဲ့ပြီး သေးရဲရဲလေးထံ အချက်အလက်များ

ပေးပို့လိုက်သည်။ သွေးရဲရဲလေးက အချက်အလက်များအား ရွေးချယ်ခြင်း၊ အမျိုးအစားခွဲခြားခြင်းကို သုံးမိနစ်၊ လေးမိနစ်ခန့် အချိန်ယူကာ ပြုလုပ်ခဲ့သည်။

"အသုံးဝင်တဲ့ အချက်အလက်တွေ ရှိလား..."

ဘေးနားတွင် မတ်တပ်ရပ်နေသော လင်းဟွမ်က မေးလိုက်သည်။

" ဒီ အကျဉ်းထောင်ရယ် မင်းဆက်အကြောင်းတွေနဲ့ ပတ်သက်တဲ့ အချက်အလက်

တချို့တော့ ရှိတယ်... မင်း ကြည့်သင့်တယ်လို့ ထင်တယ်...”

သွေးရဲရဲလေးက ထိုကဲ့သို့ ပြောပြီးနောက် လက်တံတစ်ခုကို ဆန့်ထုတ်ပြီး လင်းဟွမ်၏ နဖူးကို ထိလိုက်သည်။ ခဏအကြာ သွေးရဲရဲလေး အမျိုးအစား ခွဲခြား၍ ရွေးချယ်ထားသော သတင်းအချက်အလက် ပင်လယ်ကြီးက လင်းဟွမ် ခေါင်းထဲ စီးဝင်လာသည်။

သွေးရဲရဲလေးက လွှဲပြောင်းမှု ပြီးဆုံး၍ လက်တံ ပြန်ရုပ်သိမ်းလိုက်သည့် အချိန်မှာပင် လင်းဟွမ်က မျက်လုံးမှိတ်၍ မိနစ်ဝက်နီးပါးခန့် အချိန်ယူခဲ့သည်။

“မင်းဆက်က ဒီလောက်တောင် အစွမ်းထက်တာလား…”

ဒါသည် လင်းဟွမ် မျက်လုံး ပြန်ဖွင့်ပြီးနောက် ပထမဦးဆုံး ပြောလိုက်သော စကား ဖြစ်သည်။

အမှန်တကယ်တွင် ယနေ့ မနက်၌ လင်းဟွမ်သည် သွေးရဲရဲလေးကြောင့် အသတ်ခံရသော လူများထံမှ မှတ်ဉာဏ်အချို့

ရရှိပြီးသား ဖြစ်သည်။ အခြားကမ္ဘာနှင့် ပတ်သက်သော သတင်းအချက်အလက် အချို့ကိုလည်း သိရှိခဲ့သည်။

ပင်ကျန်းနှင့် ကျန်သည့်လူများ၏ မှတ်ဉာဏ်ကို ရရှိပြီးနောက် မင်းဆက်အကြောင်းကို အကြမ်းဖျင်း နားလည်လာခဲ့သည်။

ထို့အတူ ကျောက်စရစ်ခဲကမ္ဘာ၊ အသေးစားကမ္ဘာ၊ မဟာကမ္ဘာတို့ အကြောင်းတို့ကိုလည်း အကြမ်းဖျင်း နားလည်လာခဲ့သည်။

ကျောက်စရစ်ခဲ ကမ္ဘာသည် မပြီးပြည့်စုံသော အသေးစား ကမ္ဘာတစ်ခု ပင်။ ကြီးထွားနေသော ကမ္ဘာငယ်လေးက ပို၍ ကြီးထွား လာတာလည်း ဖြစ်နိုင်သလို ပြိုကျသွားတာလည်း ဖြစ်နိုင်သည်။

လင်းပွမ်း ယခုလက်ရှိ နေထိုင်နေသော ကမ္ဘာသည် ကျောက်စရစ်ခဲ ကမ္ဘာ ဖြစ်သည်။ သို့သော်လည်း လက်ရှိ အခြေအနေအရ သူတို့သည် ဒုတိယအမျိုးအစားနှင့် သက်ဆိုင်နေ၏။

မပြီးပြည့်စုံသော ကျောက်စရစ်ခဲ ကမ္ဘာထဲတွင် အစစ်အမှန် နတ်ဘုရားများ နေထိုင်ရန် မဖြစ်နိုင်ပေ။

အတုယောင် နတ်ဘုရား အဆင့်ကို မြှင့်တင်ရန်ပင် အလွန် ခက်ခဲလှ၏။

အသေးစား ကမ္ဘာက ပြီးပြည့်စုံသော ကျောက်စရစ်ခဲကမ္ဘာ ဖြစ်သည်။ ထိုကမ္ဘာတွင် အစစ်အမှန် နတ်ဘုရားများ မွေးဖွားနိုင်သော နိယာမ အပြည့်အစုံ ရှိသည်။

အထူး အကြောင်းပြချက် သို့မဟုတ် အခွင့်အလမ်းများကြောင့် အသေးစား ကမ္ဘာလေးထဲတွင် မွေးဖွားလာသော အစစ်အမှန်

နတ်ဘုရားများတွင် ကောင်းကင် နတ်ဘုရားအဆင့် စွမ်းအားများ ရှိကောင်း ရှိနိုင်သည်။

လူအချို့က ဤကမ္ဘာကို အလယ်အလတ် ကမ္ဘာဟု ခေါ်ကြသည်။ သို့သော်လည်း ထိုကမ္ဘာ၏ သဘော သဘာဝနှင့် နိယာမအရ အသေးစား ကမ္ဘာလေးသာ ဖြစ်နေဆဲပင်။

မဟာကမ္ဘာသည် ကမ္ဘာတစ်ခု၏ ဆင့်ကဲ တိုးတက်မှု ဖြစ်စဉ်ဖြစ်၏ နောက်ဆုံး ပုံစံလည်း ဖြစ်သည်။ ထိုကဲ့သို့ ကမ္ဘာတွင် အုပ်စိုးသူအဆင့် တန်ခိုးရှင်များ မွေးဖွားလာနိုင်သည်။ သူတို့က

လက်ဖျောက်တစ်ချက် တီးရုံနှင့် အသေးစား ကမ္ဘာကို အဆုံးသတ် နိုင်သည်။

မျိုးနွယ်စုများစွာနှင့် ထက်မြက်သော ပါရမီရှင်များစွာ ရှိသော မဟာကမ္ဘာကြီးတွင် မရေမတွက်နိုင်သော အုပ်စိုးသူများ ရှိနေသည်။

ပင်ကျန်း၏ မှတ်ဉာဏ်ထဲတွင် ရှိနေသော အချက်အလက်များအရ မင်းဆက်သည် မျိုးနွယ်စုတစ်ခု မဟုတ်ဘဲ မဟာကမ္ဘာကြီးတစ်ခု အပြင်ဘက်က အထူး အဖွဲ့အစည်းတစ်ခု

ဖြစ်နေသည်။ သူတို့သည် ကမ္ဘာကြီးထဲတွင် ကွဲပြားခြားနားစွာ ပေါ်ပေါက်လာခဲ့သည်။

သို့သော်လည်း သူတို့၏ ဌာနခွဲ တစ်ခုစီတိုင်းတွင် သူတို့ကို စောင့်ရှောက်နေသော အုပ်စိုးသူ တစ်ပါးစီ ရှိကြသည်။

ထိုကမ္ဘာကြီးထဲတွင် သူတို့၏ အလုံးစုံ စွမ်းရည်အရ အဖွဲ့အစည်း အားလုံးထဲတွင် အဆင့် (၃) ရှိ၏။

မင်းဆက်၏ အဖွဲ့ဝင်အဖြစ် လက်ခံသော စံနှုန်းက အလွန် မြင့်မားသည်။ လူနည်းစုဖြစ်သော

မျိုးနွယ်စုများနှင့် အသူရာ မျိုးနွယ်စုများကိုပင် မျိုးနွယ်စု ခွဲခြားဆက်ဆံခြင်း မရှိဘဲ အားလုံးကို တန်းတူညီတူ ဆက်ဆံသည်။ သူတို့က ကမ္ဘာအသီးသီးမှ အဖွဲ့ဝင်များကို အချိန်အခါ မရွေး စုဆောင်းနေကြသည်။

လူတစ်ယောက်က ကျောက်စရစ်ခဲ ကမ္ဘာမှ ဆင်းသက်လာသူ ဖြစ်ပါစေ၊ အသေးစား ကမ္ဘာ သို့မဟုတ် မဟာကမ္ဘာမှ ဆင်းသက်လာပါစေ၊ သူတို့ စမ်းသပ်မှုကို အောင်မြင်သည်နှင့် မင်းဆက် အဖွဲ့ဝင် ဖြစ်လာနိုင်သည်။

မင်းဆက်အဖွဲ့ဝင် ဖြစ်ရခြင်း၏ အကြီးမားဆုံး အားသာချက်မှာ သူတို့က မည်သည့်ကမ္ဘာတွင် ရှိနေပါစေ သူတို့လိုချင်သော အရင်းအမြစ်များကို မင်းဆက် ဈေးကွက်ထဲတွင် ရောင်းဝယ် ဖောက်ကားနိုင်သည့် အချက် ဖြစ်သည်။

နတ်ဘုရားများစွာ တည်ရှိနေသော ကမ္ဘာတိုင်းတွင် မင်းဆက် အဖွဲ့ဝင် အမြောက်အများ ရှိနေသောကြောင့် လူတစ်ယောက်က သူ ဝယ်ချင်သည့် ပစ္စည်းတိုင်းကို ဝယ်ယူနိုင်သည်။

နတ်ဘုရားပစ္စည်းများ၊ နတ်ဘုရား ဓါတ်ကြွင်းများ အပါအဝင် နတ်ဘုရား တစ်ပါးကနေ အုပ်စိုးသူ တစ်ယောက် ဖြစ်လာနိုင်သည့် ကျင့်စဥ်များပါ ဝယ်ယူ ရရှိနိုင်သည်။

“မင်းဆက်က ပြည်ထောင်စု အစိုးရ အဖွဲ့အစည်းကို အဆင့်မြင့်ထားတဲ့ ပုံစံနဲ့ နည်းနည်း တူတယ်။ ဒါပေမယ့် သူတို့ရဲ့ စံနှုန်းသတ်မှတ်ချက်က ပိုမြင့်မားတယ်။ မင်းဆက်က မင်းသားစာရင်းနဲ့ နှိုင်းယှဉ်ရင် အထွတ်အထိပ် ပါရမီရှင် အယောက်

တစ်သောင်းမှာ တစ်ယောက်ကပဲ စမ်းသပ်မှုကို အဆုံးထိ ရောက်နိုင်တာပေါ့...”

လင်းဟွမ်သည် မနေနိုင်ဘဲ အလန့်တကြား ရေရွတ်လိုက်သည်။

“ပင်ကျန်းနဲ့ ကျန်တဲ့ လူတွေရဲ့ မှတ်ဉာဏ်တွေထဲက သမိုင်းတွေအရတော့ ငါ့ကို ထည့်မတွက်ရင် မင်းသားငါးပါးထဲက ဟွမ်ဝူကျိုလိုမျိုး တန်ခိုးရှင် ကိုယ်စားလှယ်တွေတောင် စမ်းသပ်မှုကို ဖြတ်ကျော်နိုင်ဖို့ (၁၀) ရာခိုင်နှုန်းလောက်ပဲ အခွင့်အရေး ရှိမယ်”

"ဒါပေမယ့် ကမ္ဘာ့အသီးသီးက မတူညီတဲ့ အရင်းအမြစ်တွေကို ရောင်းဝယ် ဖောက်ကားနိုင်လို့ မင်းဆက် အဖွဲ့ဝင် ဖြစ်လာအောင် ကြိုးစားရကျိုး နပ်ပါတယ်..."

လင်းဟွမ်သည် မင်းဆက် အကြောင်းကို အနည်းငယ် လေ့လာပြီးနောက် မင်းဆက်အဖွဲ့ဝင် ဖြစ်ချင်ကြောင်း သေချာသွားခဲ့သည်။

"ဒီစမ်းသပ်မှုမှာ အမှတ်အများဆုံး ရတဲ့လူကိုပဲ မင်းဆက် အဖွဲ့ဝင်အနေနဲ့ လက်ခံတယ်။ ပုံမှန် အခြေအနေဆို မင်းက ဦးဆောင်သူ စာရင်းမှာ

အဆင့်တစ်ရဖို့ လွယ်ပေမယ့် တခြား လူတွေဆီမှာ ဘယ်လို နည်းစနစ်တွေ ပါလာမှန်း မသိလို့ မသေချာတော့ဘူး။ သူတို့ အားလုံးရဲ့ အမှတ်တွေကိုလည်း ငါတို့ မမြင်နိုင်ဘူးလေ။ ဒါကြောင့် စိတ်ချရအောင် ကိုယ်စားလှယ်လောင်း အားလုံးကို အရင်ဆုံး ဖယ်ရှားပစ်ဖို့ အကြံ ပေးချင်တယ်”

သွေးရဲရဲလေးက ရဲတင်းသော အဆိုပြုချက်ကို ပေးလာခဲ့သည်။

လင်းဟွမ်သည် ထိုစကားကို ကြားသောအခါ ကြောင်သွားသည်။ သွေးရဲရဲလေးက ဤကဲ့သို့ အကြံမျိုး ပေးလာလိမ့်မည်ဟု မည်သည့် အချိန်ကမှ မတွေးခဲ့မိပေ။

သွေးရဲရဲလေးသည် လင်းဟွမ်က စကားမပြောဘဲ ခေတ္တမျှ ကြာသွားသည်ကို သတိ ထားမိပြီးနောက်...

"ပင်ကျန်းရဲ့ မှတ်ဉာဏ်အရ သူတို့ထဲက အများစုက အသေးစား ကမ္ဘာက လာကြတာ။ အချို့ကတော့ မဟာကမ္ဘာတွေက လာကြတယ်။ အဲ့ဒီလိုပဲ အဲ့ဒီ လူတွေကလည်း ကြီးမားတဲ့

အဖွဲ့အစည်းကြီးတွေက အသီးသီး ဆင်းသက်လာကြတာပဲ။ "

"တချို့ အဖွဲ့အစည်းတွေမှာ ကောင်းကင်ဘုံနတ်ဘုရားတွေ ရှိသလို... တချို့မှာဆိုရင် အစစ်မှန်နတ်ဘုရားတွေ ရှိကြတယ်။ အဲ့ဒီလို အဖွဲ့အစည်းတွေက စေလွှတ်လိုက်တဲ့ ပျိုးပင်လောင်းကစားသမားတွေမှာ ကြောက်စရာကောင်းတဲ့ ဝှက်ဖဲတွေ ပါမှာပဲ။ သူတို့ကြောင့် ထိခိုက်နစ်နာနိုင်တဲ့ ဖြစ်နိုင်ခြေက အဆုံး မရှိဘူး။ ဒီလိုမျိုးခြိမ်းခြောက်မှုကို အလွယ်ကူဆုံး ဖယ်ရှားနိုင်တဲ့

နည်းလမ်းကတော့ သူတို့ကို ချက်ချင်း သုတ်သင်ရှင်းလင်းဖို့ပဲ...”

လင်းဟွမ်သည် သွေးရဲရဲလေး၏ စကားကို လုံးဝမငြင်းနိုင်ပေ။

“ဒါဆိုရင် ငါတို့က ဒီအကြီးအကဲ သုံးယောက်နဲ့ ပက်သက်ပြီး မူလ အစီအစဉ်အတိုင်း မလုပ်တော့ဘူးလို့ ပြောချင်တာလား။ အဲ့ဒီအစားကိုယ်စားလှယ်လောင်းတွေကို အမဲလိုက်ရမှာပေါ့...”

"ငါက ငါ့ရဲ့ ကနဦး အစီအစဉ် တစ်ခုလုံးကို အကောင်အထည် ဖော်နေတုန်းပဲ... ဒါပေမယ့် နယ်မြေ (၁၇) ကိုတော့ မရှင်းလင်းသေးဘူး"

သွေးရဲရဲလေးက ခေါင်းခါလိုက်ပြီး

"ဘာဖြစ်လို့လဲ ဆိုတော့ ဒီ ကိုယ်စားလှယ်လောင်းတွေကို လိုက်ဖမ်းပေးမယ့် အကျဉ်းသားတွေ လိုသေးတယ်"

"မင်း ပြောချင်တာက ဒီကိုယ်စားလှယ်လောင်း အားလုံးကို ဖယ်ရှားဖို့ ငါတို့က ဒေသခံ

အကျဉ်းသားတွေရဲ့ အင်အားကို အသုံးပြုမယ်လို့ ပြောချင်တာလား...”

လင်းဟွမ်သည် သွေးရဲရဲလေး ပြောချင်သည့် အဓိပ္ပာယ်ကို နားလည်သွားသည်။

“ဟုတ်တယ်...”

သွေးရဲရဲလေးက ပြုံးပြီး အတည်ပြုလိုက်သည်။

“ငါတို့ ကိုယ်တိုင် လုပ်ရင် ထိရောက်မှု နည်းလွန်းတယ်။ တစ်လတည်းနဲ့ နေရာတိုင်းမှာ ပုန်းနေတဲ့ ကိုယ်စားလှယ်လောင်း အားလုံးကို

သတ်ပစ်ဖို့ဆိုတာ ဘယ်လိုမှ အချိန်မလောက်ဘူး။ ဒါကြောင့် အကျဉ်းသားတွေကို အသုံးပြုတာက ပိုမြန်လိမ့်မယ်။ “

“သူတို့က မြေပြင် အနေအထားနဲ့ ပိုရင်းနှီးတဲ့အပြင် အရေအတွက်ကလည်း (၁၀) ဆ ပိုများတယ်။ အားလုံး ပေါင်းလိုက်ရင် ကိုယ်စားလှယ်လောင်း အားလုံးကို သုတ်သင် ဖယ်ရှားဖို့ အချိန် အများကြီး မယူရဘူး။ ငါတို့ကသာ သူတို့ အားလုံးကို သတ်ပစ်ဖို့

အကျဉ်းသားတွေကို အသုံးပြုနိုင်မယ်ဆိုရင် ဝှက်ဖဲရဲ့ အန္တရာယ်ကိုလည်း တားဆီး နိုင်လိမ့်မယ်...”

“ဒါဆိုရင် ငါတို့ ဘာဆက်လုပ်ကြမလဲ...”

လင်းဟွမ်က မေးလိုက်သည်။

“ငါတို့က အကြီးအကဲ သုံးယောက်ကို ရှာ........ ပြီးရင် စိတ်ညှို့ပြီးတော့ ကိုယ်စားလှယ်လောင်းတွေကို အမဲလိုက်ဖို့ အမိန့် ပေးမှာလား...”

" ဒါပေမယ့် သူတို့ကို အမဲလိုက်ဖို့ အမိန့်ပေးလို့ မရဘူး။ ဒီအကျဉ်းသားတွေက နာခံမှု မရှိတော့ ချက်ချင်း အမဲလိုက်ပါလို့ ပြောရင် သူတို့ထဲက အများစုက အကောင်အထည်ဖော်ဖို့ စိတ်ပါမှာ မဟုတ်ဘူး..."

သွေးရဲရဲလေးက ပြုံးပြီး ခေါင်းခါလိုက်သည်။

"သူတို့အတွက် အကျိုးရှိမယ်လို့ ထင်မှ စိတ်ပါပါ လုပ်မှာပေါ့"

သွေးရဲရဲလေးက အစီအစဉ်ကို ပြောပြီးနောက် စိတ်ပူနေသော လေသံနှင့် ထပ် ပြောလိုက်သည်။

"နောက်တစ်ခု ရှိသေးတယ်... အကြီးအကဲ သုံးယောက်က အင်ပါယာ ရွှေခရမ်းရောင် အဆင့်တွေထဲမှာတောင် ထိပ်တန်းတွေပဲ။ ပင်ကျန်းရဲ့ မှတ်ဉာဏ်တွေ အရဆို သူတို့ကလည်း အထွတ်အထိပ် ပါရမီရှင်တွေ ဖြစ်နိုင်တယ်။ အိပ်မက်ဆိုး ကြွံသူတော်ရဲ့ တိုက်ခိုက်ရေးအဆင့်က အင်ပါယာ ရွှေဖြူရောင်အဆင့်ပဲ ရှိသေးလို့ စိတ်ညှို့မှု မအောင်မြင်မှာတော့ စိုးရိမ်မိတယ်"

ထိုစကားကို ကြားလိုက်လျှင် လင်းဟွမ်က ပြုံးပြီး သိုလှောင်လက်စွပ်ထဲမှ နတ်ဘုရားတစ်ပိုင်းအဆင့် ဝိညာဉ်သလင်းကျောက်ကို ထုတ်ယူလိုက်သည်။

"ကဲ ခဏသိမ်းထားတဲ့ ပစ္စည်းက အခု အသုံးပြုဖို့ အချိန်ကျပြီ..."

နတ်ဘုရား တစ်ပိုင်းအဆင့် ဝိညာဉ်သလင်းကျောက်ကို အိပ်မက်ဆိုး ကြွံသူတော်အား ကျွေးလိုက်သည်။ (၁၀) မိနစ် ကြာပြီးနောက် ဝိညာဉ်သလင်းကျောက် လုံးဝ ကုန်ဆုံးသွားပြီး အိပ်မက်ဆိုး ကြွံသူတော်က အင်ပါယာ

ရွှေဖြူရောင်အဆင့်မှ အင်ပါယာ ရွှေခရမ်းရောင် အဆင့်သို့ တက်လှမ်းသွားသည်။

ဒါသည် လင်းဟွမ် ပိုင်ဆိုင်သော တတိယမြောက် အင်ပါယာ ရွှေခရမ်းရောင်အဆင့် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ် ဖြစ်သည်။

"ငါတို့ အခု သွားကြတော့မလား..."

လင်းဟွမ်သည် အိပ်မက်ဆိုး ကြွံသူတော်က အဆင့် တက်လှမ်းပြီးနောက် လုယက်ချင်၍ လက်ယားနေသည်ကို သတိထား မိပြီးနောက်

နောက်ထပ် လုပ်ဆောင်မည့် အစီအစဉ်ကို မစောင့်နိုင်လောက်အောင် ဖြစ်နေသည်။

## အခန်း(၉၆၅) - သုတ်သင် ရှင်းလင်းရေး အစီအစဉ် ပျက်သွားခြင်း

လင်းဟွမ်သည် အလွယ်တကူ စိတ်ညို့နိုင်သော အိပ်မက်ဆိုး ကြွံ့သူတော်ကို ရထားသောကြောင့် ယခုအခါတွင် ပင်ကျန်းနှင့် ကျန်သည့်လူများသည် တစ်စိတ်တစ်ပိုင်း စိတ်ညို့ခြင်း ခံထားရသည်။ သို့သော်လည်း အပြင်လူများအတွက်မူ သာမန်ဟုသာ ထင်ရသည်။

လင်းဟွမ်သည် ကောင်းကင် မျှော်စင်တောင်မှ ထွက်လာပြီးနောက် အကြီးအကဲ လင်းဟုန်နေထိုင်ရာသို့ ဦးတည် ထွက်သွားသည်။

လင်းဟုန် သည် ယခုလက်ရှိ မင်းဆက် အကျဉ်းထောင်၏ အကြီးအကဲ (၃) ယောက်ထဲမှ တစ်ယောက်ဖြစ်ပြီး လျှို့ဝှက် အထောက်အထားရှိသူ ဖြစ်သည်။ သူသည် ပင်ကျန်း၏တူ ဖြစ်နေသည်။

လင်းဟုန်တွင် ကြောက်စရာ ကောင်းသော အရည်အချင်းရှိပြီး အင်ပါယာအဆင့် မတက်လှမ်းခင်က အထွတ်အထိပ် ပါရမီရှင်ဟု

သတ်မှတ်ခံရသူ ဖြစ်သည်။ မဟာကမ္ဘာကြီးထဲတွင် တမူထူးခြားသော အရည်အချင်း ရှိသူဟု သတ်မှတ်ခြင်း ခံခဲ့ရသည်။

ကံဆိုးသည်မှာ အင်အား ကြီးမားသော မိသားစုမှ ဆင်းသက်လာခဲ့ခြင်း မဟုတ်ခဲ့ပေ။ ပင်ကျန်း တည်ထောင်ခဲ့သော အဖွဲ့အစည်းလေး တစ်ခုထဲတွင် ကြီးပြင်း ခဲ့ရသည်။ သို့သော်လည်း လင်းဟုန် အင်မော်တယ်အဆင့် ရောက်သည့် အချိန်တွင် သူတို့ အဖွဲ့အစည်းက တိုက်ခိုက်ခံရပြီး လုံး၀ ပျက်စီး သွားခဲ့သည်။

ထိုအချိန်မှစ၍ သူ့ဘဝသည် ပင်ကျန်း နောက်လိုက်ရင်း လှည့်စားမှုများ ပြည့်နှက်လာခဲ့သည်။

လင်းဟုန် အင်ပါယာ အဆင့်သို့ တက်လှမ်းပြီးနောက် သူတို့ နှစ်ယောက်သည် မဟာကမ္ဘာထဲက လူသစ်များကို ဂျင်းထည့်နိုင်ရန် အဖွဲ့သေးလေးတစ်ခု ဖွဲ့စည်းခဲ့ကြသည်။ သူတို့အား မဖော်ထုတ်နိုင်ရန် လူသစ်များကို ချုပ်နှောင်ပြီး သတ်ပစ်ခဲ့ကြသည်။ ထိုကဲ့သို့ မမှန်မကန်သော အရင်းအမြစ်များကို အားကိုးပြီး လင်းဟုန်နှင့်

ပင်ကျန်းတို့သည် အင်ပါယာ ရွှေခရမ်းရောင် အဆင့်ထိ ရောက်အောင် ကျင့်ကြံနိုင်ခဲ့ကြသည်။

သို့သော်လည်း သူတို့၏ ကောင်းမွန်သော နေ့ရက်များက ကြာရှည် မခံခဲ့ပေ။ နောက်ဆုံး၌ တစ်နေ့တွင် မင်းဆက်အဖွဲ့ဝင် တစ်ယောက်ကို စော်ကားမိခဲ့သည်။ အဖွဲ့အစည်း ဖျက်ဆီးခံရပြီး လင်းဟုန်နှင့် ပင်ကျန်းတို့လည်း ဤအကျဉ်းထောင်ထဲ ပို့ဆောင်ခြင်း ခံလိုက်ရခြင်းပင်။

လင်းဟုန်သည် ဤနေရာသို့ ရောက်လာပြီး မကြာခင် ထောင်ထဲတွင် ကြီးစိုးနိုင်ကြောင်း

မကြာခင် သိလိုက်ရသည်။ ယခင်က အကြီးအကဲကို စိန်ခေါ်ပြီး သတ်ပစ်လိုက်သည်။ ထုံးစံအတိုင်း ထိုအချိန်မှစ၍ အကြီးအကဲအသစ် ဖြစ်လာခဲ့သည်။

ထို အချက်အလက်များကို လင်းဟွမ်သည် ပင်းကျန်း၏ မှတ်ဉာဏ်များမှ သိရှိခဲ့သည်။ လင်းဟွမ်သည် ယခင်ကတည်းက အထွတ်အထိပ် ပါရမီရှင် ဖြစ်သည့် လင်းဟုန်၏ စွမ်းရည်နှင့် ပတ်သက်၍ သံသယ လုံးဝ မရှိပေ။

အင်ပါယာအဆင့်ကို ရောက်နေခဲ့ပြီ ဖြစ်သောကြောင့် သူ့စွမ်းရည်က အတုယောင်

ဒဏ္ဍာရီအဆင့် မွန်းစတား တစ်ကောင်ထက် မည်သို့မှ အားမနည်းနိုင်ပေ။

ထို့အပြင် အကြီးအကဲ ဖြစ်လာသောကြောင့် သူ့စွမ်းရည်က ယခင်ကထက်ပင် ပိုမို အားကောင်း နေနိုင်သည်။ နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း အစုံအလင် ရှိနေသည့်အပြင် သူကိုယ်တိုင်ကလည်း နတ်ဘုရား ဓါးတစ်ချောင်း ရထားသည်။

သို့သော်လည်း လင်းဟုန်က နတ်ဘုရားရုပ်ထု တိုက်လိုက်ရေး ဝိညာဉ်နှင့် တိုက်ခိုက်မည် ဆိုပါက

လင်းဟုန်က မည်သို့မှ အသာစီး မရနိုင်ကြောင်း လင်းဟွမ် တွေးလိုက်မိသည်။

နာရီဝက်ခန့် ကြာပြီးနောက် လင်းဟွမ်သည် လင်းဟုန် နေထိုင်ရာ နဂါးတောင်ထိပ်သို့ ရောက်လာသည်။ လင်းဟွမ်သည် နဂါးတောင်နှင့် ခပ်လှမ်းလှမ်း လေထုထဲတွင် ရှိနေစဉ် အချိန်ကတည်းက အင်ပါယာအဆင့် တန်ခိုးရှင် (၁၀၀) ကျော်၏ အော်ရာကို ခံစားမိလိုက်သည်။ သူတို့ထဲမှ အများစုသည် အင်ပါယာ

ရွှေဝါရောင်အဆင့်တွင် ရှိပြီး လူအနည်းစုက အင်ပါယာ ရွှေဖြူရောင် အဆင့်တွင် ရှိကြသည်။

နောက်တစ်ခုက အစောင့်များ ဖြစ်သည်။

နဂါးရေကန် တောင်ထိပ်တွင် ရောမ အဆောက်အဦးကြီး တစ်ခုကို တွေ့လိုက်ရသည်။ ဒါသည် နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်း နန်းတော်တစ်ခု ဖြစ်သည်မှာ အထင်အရှားပင်။ နန်းတော်အတွင်းမှ အော်ရာများကို အပြည့်အဝ ပိတ်ဆို့နိုင်သောကြောင့် အတွင်းထဲကို အာရုံ မခံနိုင်ပေ။ သို့သော်လည်း နန်းတော်တွင်းရှိ

လူတိုင်းက သူရောက်ရှိနေသည်ကို အစောပိုင်းကတည်းက သတိထားမိနေကြောင်း သူ သိသည်။

နန်းတော်အတွင်းရှိ လူများမှလွဲ၍ နဂါးရေကန်တောင်ပေါ်ရှိ အစောင့်အားလုံးက သတိထားမိပြီးကောင်းကင်ပေါ် မော့ကြည့်နေကြသည်။

ကြေးဝါ ပုလ္လင်ပေါ်တွင် ထိုင်နေသော လင်းဟုန်ကခေါင်းအနည်းငယ် မော့ပြီး..

"ကိုယ်စားလှယ်လောင်းလား......"

"အကြီးအကဲ သူ့ကို အရှင်လတ်လတ် ဖမ်းရမှာလား.."

နန်းတော် ခန်းမထဲတွင် ယောကျာ်း (၃) ယောက်နှင့် အင်ပါယာ ရွှေခရမ်းရောင် အဆင့်ရှိသော အမျိုးသမီးတစ်ယောက် အပါအဝင် လူလေးယောက် ရှိနေသည်။ သူတို့ လေးယောက်သည် လင်းဟုန်၏ ကိုယ်ရံတော်များ ဖြစ်ကြသည်။

"အင်မော်တယ် အဆင့် (၇) ပဲ ရှိသေးတာဆိုတော့ မင်းဆက်က ဒီတစ်ကြိမ် စမ်းသပ်မှုရဲ့ စံနှုန်းကို လျှော့ချ လိုက်တာလား.."

လင်းဟုန်က တိုးတိုးလေး ပြောပြီးနောက် ခေါင်းခါကာ ပြုံးလိုက်သည်။

"သူ့ကို လျစ်လျူရှု ထားလိုက်ပါ.. အပြင်က အစောင့်တွေ တာဝန်ယူလိမ့်မယ်.."

သူ့ စကားမဆုံးခင် အငွေ့အသက် တစ်ခုကို ခံစားမိပြီး တုန်လှုပ် သွားရသည်။ အကြောင်းမူ ပေါ်လာသည့် အသက် (၂၀) ပင် မပြည့်သေးသော လူငယ်လေးက မွန်းစတားတစ်ကောင်ကို ဆင့်ခေါ်ပြီး တိုက်ခိုက် ခိုင်းလိုက်ရာ နတ်ဘုရား ရေကန်တောင်ပေါ်ရှိ အစောင့်အားလုံး မြေပေါ်

ပြုတ်ကျသွားသည်။ သူတို့သည် မမြင်နိုင်သော ကျိန်စာတစ်ခုနှင့် တိုက်ခိုက်ခြင်း ခံလိုက်ရသည့်ပုံရှိသည်။

နောက်ထပ် တစ်စက္ကန့်တွင် လူငယ်လေးက အပေါက်တွင် စောင့်နေသော အစောင့်၏ခါးမှ တံဆိပ်ကို ဆွဲယူပြီး နန်းတော်တံခါးကို တွန်းဖွင့်လိုက်သည်။

လင်းဟွမ်နှင့် အိပ်မက်ဆိုး ကြွံသူတော်တို့သည် တံခါး တွန်းဖွင့်ပြီးနောက် နန်းတော်ခန်းမထဲ လျှောက် ဝင်လာကြသည်။ ယခု လက်ရှိတွင်

လင်းဟွမ်က ခန်းမထဲမှ လူ (၄) ယောက် အပြုံးကလေးနှင့် လှမ်းကြည့် နေပြီး လင်းဟုန်ပေါ်တွင် သူ့မျက်လုံးများက ရပ်တန့် သွားသည်။

“မင်း ဘယ်သူလဲ..”

လင်းဟုန်က လင်းဟွမ်ကို မေးနေသော်လည်း သူ့မျက်လုံးများက အိပ်မက်ဆိုး ကြွံ့သူတော်ကို အကဲခတ်နေသည်။

တော်တော်လေး သေးငယ်သော ဤ မွန်းစတားပေါက်လေးက သူ့ကို အန္တရာယ် ပေးနိုင်ကြောင်း သူ့ဗီဇက ပြောနေသည်။

"မင်္ဂလာပါ အကြီးအကဲလင်း.."

လင်းဟွမ်က ပြုံးပြီး သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

"နှိမ့်ချတဲ့ ကိုယ်စားလှယ်လောင်း ကျွန်တော် လင်းဟွမ် ရောက်လာရတဲ့ အကြောင်းအရင်းက မင်းကို ကောင်းကောင်း အိပ်ပျော်စေချင်လို့ပါ"

"သွားစမ်း.."

လင်းဟွမ် စကားမဆုံးခင် လင်းဟုန်က ရုတ်တရက် အော်ဟစ်လိုက်သည်။ သူတို့ (၅) ယောက်လုံးသည် ထိုင်ခုံမှ တပြိုင်နက်တည်း ထလာပြီး လေးမှပစ်လိုက်သော မြှားများကဲ့သို့ လင်းဟွမ်နှင့် အိပ်မက်ဆိုး ကြံ့သူတော်ထံ ပြေးဝင်လာကြသည်။

ထိုအချိန်တွင် အိပ်မက်ဆိုး ကြံ့သူတော်က ကျယ်လောင်စွာ ဟိန်းဟောက်ပြီး နှာတံကို မြှောက်တင် လိုက်သည်။ အသံလှိုင်းက

အသံနှုန်းထက် အဆ (၁၀၀) နီးပါး ပိုမြန်သော နှုန်းဖြင့် ပျံ့နှံ့လာကာ သူတို့ငါးယောက်၏ လှုပ်ရှားမှုကို ရပ်တန့်သွားစေသည်။

လင်းဟုန်သည် စိတ်ညို့ခံရပြီး ရပ်သေးရပ် မဖြစ်ခင် (၀.၁) စက္ကန့်အောက် ရုန်းကန် နိုင်ခဲ့သော်လည်း ကျန်သည့် လေးယောက်၏ မျက်လုံးများကမူ ဗလာကျင်းသွားသည်။

အိပ်မက်ဆိုး ကြွသူတော်က သူတို့၏ စိတ်များကို ဖတ်ပြီး သွားသောအခါ အချက်အလက်များကို သွေးရဲရဲလေးထံ ပို့ပေးလိုက်သည်။

အိပ်မက်ဆိုး ကြံ့သူတော်သည် လုယက်မှုများကို ရှာဖွေပြီးနောက် သူတို့ ငါးယောက်လုံးကို တစ်ဝက်တစ်ပြတ် စိတ်ညှို့ထားသော အခြေအနေ ရောက်အောင် ပြုလုပ်ထားသည်။

ထို့နောက် လင်းဟွမ်သည် ဒုတိယမြောက် အကြီးအကဲ နေထိုင်ရာ နေရာသို့ ဦးတည် ထွက်သွားသည်။

ဒုတိယမြောက်နှင့် တတိယမြောက် အကြီးအကဲများကို တစ်နာရီ နီးပါးခန့် အချိန်ပေး ညှို့ယူပြီးနောက် လုယက်မှုများကို အောင်မြင်စွာ

ရယူပြီးသွားသောအခါ အချိန်က ညနေ (၄) နာရီ ထိုးခါနီး ဖြစ်သွားခဲ့သည်။

နောက်ဆုံး၌ လင်းဟွမ်သည် လှည့်ပတ်သွားလာနေမှုကို ရပ်တန့်လိုက်၏။ ထိုအစား သူသည် တတိယအကြီးအကဲ လှီဟုန်၏အိမ်တွင် နေထိုင်ခဲ့သည်။

“အကြီးအကဲ (၃) ယောက်လုံးကို စိတ်ညှို့ပြီးသွားပြီ ဆိုတော့ ငါတို့ရဲ့ အစီအစဉ်ကို အခုပဲ စလို့ရပြီ”

"ကောင်းတာပေါ့.. အကြီးအကဲ (၃) ယောက်ကို အမဲလိုက်ခိုင်းဖို့ ကြေငြာခိုင်းလိုက်.."

သွေးရဲရဲလေးက အတည်ပြုပြီး ပြောလိုက်သည်။

"အမဲလိုက်မယ့် စည်းမျဉ်းတွေကို ရှင်းလင်းအောင် သတိထားဦး"

"ကိုယ်စားလှယ်လောင်းတွေကို ရှာ...... အတိအကျ သတင်ပေးတဲ့လူက သားကောင်ရဲ့ (၁၀) ရာခိုင်နှုန်း၊ ကိုယ်စားလှယ်လောင်းကို သတ်ပစ်နိုင်တဲ့ လူက သားကောင်ရဲ့ (၅၀) ရာခိုင်နှုန်း"

“နယ်မြေ (၃၅) ခုထဲမှာ သားကောင်ကို အများဆုံး အမဲလိုက်နိုင်တဲ့ ထိပ်ဆုံးနယ်မြေ သုံးခုကို ရရှိတဲ့ သားကောင်ရဲ့ (၃၀) ရာခိုင်နှုန်း၊ (၂၀) ရာခိုင်နှုန်း၊ (၁၀) ရာခိုင်နှုန်း အသီးသီး ဆုပေးမယ်။”

“ အဆင့်(၄) ကနေ အဆင့် (၁၀) အတွင်း ဝင်တဲ့ နယ်မြေက လူတွေကိုတော့ သူတို့ ဖမ်းမိတဲ့ သားကောင် အရေအတွက်ရဲ့ (၅၀) ရာခိုင်နှုန်း ပေးရမယ်။ အဆင့် (၃၃)၊ (၃၄)၊ (၃၅) ရတဲ့ နယ်မြေက လူတွေကတော့ သူတို့ ဖမ်းမိတဲ့

သားကောင်ရဲ့ (၁၀) ရာခိုင်နှုန်း၊ (၂၀) ရာခိုင်နှုန်း၊ (၃၀) ရာခိုင်နှုန်းပဲ ပေးမယ်”

“ထိပ်ဆုံး သုံးနေရာ သတ်မှတ်ပြီးလို့ နံပါတ်တစ် ရတဲ့ နယ်မြေက လူတိုင်းက အမဲလိုက်လို့ရတဲ့ သားကောင်ရဲ့ (၁၀) ရာခိုင်နှုန်းကို ဆုအနေနဲ့ ထပ်ရမယ်။ အဆင့် (၃) ရတဲ့ နယ်မြေက သူတို့ဖမ်းမိတဲ့ သားကောင်ရဲ့ (၁၀) ရာခိုင်နှုန်း ဖြတ်ချခံရမယ်။ အဆင့်(၂) နယ်မြေကတော့ ဆုလည်း မရဘူး၊ ပြစ်ဒဏ်လည်း မရဘူး..”

အဆိုပါ ထုတ်ပြန်ချက်ကို ညနေ (၄) နာရီခွဲ ခန့်တွင် အကျဉ်းသား အားလုံးထံ တပြိုင်နက်တည်း ပေးပို့လိုက်သည်။

သူတို့သည် ထို အကြောင်းကြားချက်ကို ကြားပြီးနောက် အမဲလိုက်မှု စတင်ရန် မစောင့်နိုင်အောင် ဖြစ်နေကြသည်။ သာမန် အခြေအနေဆိုလျှင် အကျဉ်းသားများသည် အမဲလိုက်၍ ရရှိသော သားကောင်၏ (၅၀) ရာခိုင်နှုန်းကို ပေးသွင်းရသည်။

ကျန်သည့် အထဲမှ (၂၀) ရာခိုင်နှုန်းကို ဒေသဆိုင်ရာ အကြီးအကဲနှင့် လက်ထောက် အကြီးအကဲများထံ ပေးရပြီး နောက်ဆုံးကျန်သည့် အစိတ်အပိုင်းကိုသာ သိမ်းထားနိုင်သည်။

သို့သော်လည်း ယခုမူ ကိုယ်စားလှယ်လောင်းကို တွေ့သည်နှင့် (၁၀) ရာခိုင်နှုန်း ရမည်။ သတ်ဖြတ်နိုင်ပါက (၅၀) ရာခိုင်နှုန်း ရရှိမည်။ ဒါသည် သူတို့အတွက် (၆၀) ရာခိုင်နှုန်း ရိတ်သိမ်းနိုင်ခြင်း ဖြစ်သည်။

အကယ်၍ သူတို့နယ်မြေက နယ်မြေအားလုံး ထဲတွင် နံပါတ် (၁) ဖြစ်သွားပါက နောက်ထပ် (၄၀) ရာခိုင်နှုန်း ထပ်ရပြီး ရိတ်သိမ်းမှု၏ (၁၀၀) ရာခိုင်နှုန်းကို အပြည့်အဝ ခံစားရမည်။ ထုံးစံအတိုင်း ဒေသဆိုင်ရာ အကြီးအကဲများကမူ သူတို့၏ အကျိုးခံစားခွင့်များ လျော့နည်းသွားသောကြောင့် မကြိုက်ကြပေ။ ဒေသဆိုင်ရာ အကြီးအကဲများ စောဒက တက်လာသောအခါ ဒေသဆိုင်ရာ အကြီးအကဲများနှင့် လက်ထောက် အကြီးအကဲများထံ အကြောင်းကြားစာ ထပ်ပို့လာသည်။

"ဒီအမဲလိုက်မှုမှာ ကျန်ခဲ့တဲ့ ခွဲတမ်းရဲ့ (၅) ရာခိုင်နှုန်းကို အကြီးအကဲ သုံးယောက်ဆီ ပေးရမယ်။ ကျန်တဲ့ (၉၅)% ကိုတော့ ထိပ်ဆုံး နယ်မြေ (၁၀) ခုထဲဝင်တဲ့ ဒေသဆိုင်ရာ အကြီးအကဲနဲ့ လက်ထောက် အကြီးအကဲတွေကို ပေးမယ်။"

" နံပါတ် (၁) နေရာ ရရင် (၃၀) ရာခိုင်နှုန်း .. နံပါတ် (၂) နေရာရရင် (၂၀) ရာခိုင်နှုန်းပေးမယ်။ နံပါတ် (၃) နေရာက (၁၀) ရာခိုင်နှုန်းနဲ့ နံပါတ် (၄) ကနေ (၁၀) အထိ ဆိုရင် (၅) ရာခိုင်နှုန်းပဲ ပေးမယ်"

ထိုအကြောင်းကြားချက် ထွက်ပေါ်လာသည်နှင့် လူတိုင်း ပါးစပ်ပိတ်သွားသည်။

ထို့နောက် ဒေသဆိုင်ရာ အကြီးအကဲများနှင့် လက်ထောက် အကြီးအကဲများသည် အမဲလိုက်ရန် ပါဝင်မည့်လူများကို ချက်ချင်း စုရုံးကြတော့သည်။

# အခန်း(၉၆) - ကျောက်စရစ်ခဲ ကမ္ဘာ၏ အန္တရာယ် အခြေအနေ

ဟွမ်ချန်းယွီသည် သစ်ပင်တစ်ပင်၏ အကိုင်း အောက်တွင် သေသေချာချာ ပုန်းနေသည်။ သူသည် သစ်ကိုင်းနှင့် နီးလာသောအခါ အသက်ရှူ အောင့်လိုက်၏။ သူ၏ အသက်ရှူသံသည် အားနည်း လွန်းသောကြောင့် ရပ်တန့်လုနီးပါးပင် ဖြစ်နေသည်။

ဒါသည် သူ ကျွမ်းကျင်ပိုင်နိုင်သော ဖုံးကွယ်ခြင်း စွမ်းရည် တစ်ခုဖြစ်ပြီး ပတ်ဝန်းကျင်နှင့် လျင်မြန်စွာ

ပေါင်းစပ်နိုင်သောကြောင့် သူ၏ တည်ရှိမှုကို မည်သူမှ သတိမထားမိနိုင်ပေ။

ယခုလက်ရှိ သူ၏ အင်ပါယာ ရွှေကြက်သွေးရောင် အဆင့် တိုက်ခိုက်ရေးအစွမ်းနှင့်ပင် အင်ပါယာ ရွှေဝါရောင်အဆင့် တန်ခိုးရှင်၏ နယ်မြေပိုင်နက်အသိ ထောက်လှမ်းခြင်းကို ဖုံးကွယ်ထားနိုင်သည်။ သူသည် တစ်နေ့တည်းနှင့် ဉာဏ်စွမ်းရည် တစ်မျိုးတည်းသုံးပြီး အကျဉ်းသား (၃) ယောက်ကို လုပ်ကြံ သတ်ဖြတ် နိုင်ခဲ့သည်။ ထိုအထဲမှ တစ်ယောက်မှာ အင်ပါယာ

ရွှေနက်ရောင် အဆင့်ဖြစ်ပြီး နှစ်ယောက်မှာ အင်ပါယာ ရွှေကြက်သွေးရောင် အဆင့် ဖြစ်သည်။

သို့သော်လည်း မင်းဆက်၏ ဒုတိယမင်းသား ဖြစ်သော သူက ယခုအခါ အမဲလိုက်နေခြင်း မဟုတ်ပေ။ ထိုအစား အသတ် မခံရအောင် ပုန်းနေခြင်း ပင် ။

လှုပ်ရှားခြင်း မရှိဘဲ သစ်ပင်ထိပ်တွင် (၁၀) မိနစ်ကျော် ကြာအောင် ပုန်းအောင်းနေခဲ့သည်။ လေထဲတွင် သူ့ကို ရှာဖွေနေသည့် အဖွဲ့များက တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဖြတ်သန်း သွားကြသည်။

အဖွဲ့နှစ်ဖွဲ့၏ အော်ရာများ ဝေးကွာသွားသောကြောင့် စိတ်သက်သာရာ ရသွားသည်။

"အတိအကျ ပြောအုံးလေကွာ..... ဘာတွေဖြစ်နေတာလဲ... နေ့ခင်းဘက်က အဆင်ပြေသေးတယ်... မကြာခင် ကောင်းကင်ကြီး မှောင်လာတော့မှာ... ဒီအကျဉ်းသားတွေက ဘာဖြစ်လို့ ဒီလောက် အားကြိုး မာန်တက် ရှာဖွေနေရတာလဲ..."

ဟွမ်ချန်းယွီက တိုးတိုးလေး ရေရွတ်လိုက်သည်။

"ဒါလား...... အကြီးအကဲ သုံးယောက်က အမဲလိုက်ဖို့ အမိန့် ပေးလိုက်လို့လေ..."

ဟွမ်ချန်းယွီ၏ အပေါ်မှ အသံတစ်ခု ထွက်ပေါ်လာသည်။ ဟွမ်ချန်းယွီသည် စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး တစ်ချက်မျှပင် လှည့်မကြည့်ဘဲ တောထူသော နေရာသို့ ခုန်ဆင်းကာ ထွက်ပြေးသည်။

အရိုးစုပုံစံ မီးခိုးရောင်အရိပ်က သူ့နောက်မှ ကပ်လျက် လိုက်ပါလာပြီး ပို၍ နီးကပ်လာသည်။

ခဏအကြာ သူ့အသံက ဟွမ်ချန်းယို့ နားထဲကို ရှင်းရှင်းလင်းလင်း ရောက်လာသည်။

“မင်းရဲ့ ဖုံးကွယ်နိုင်တဲ့ စွမ်းရည်က ဆိုးတော့မဆိုးဘူး။ တကယ်လို့ မင်းရဲ့ တိုက်ခိုက်ရေး အဆင့်သာ ဒီထက် ပိုမြင့်မယ်ဆိုရင် ငါ မမြင်အောင် ပုန်းနိုင်လောက်မယ်။ ခုတော့ မင်းက အမှောင်ထဲက ပိုးစုန်းကြူးလေး တစ်ကောင်ပါပဲ… မင်း ဘယ်သွားသွား ပုန်းလို့ မရဘူး။ ခွန်အားကို အလကား ဖြုန်းတီးနေမယ့်အစား ငါတို့ တိုက်ခိုက်ကြရအောင်… အနည်းဆုံးတော့ ဂုဏ်သိက္ခာရှိရှိ သေရတာပေါ့…”

ဟွမ်ချန်းယွီသည် ထိုလူ၏စကားကို မကြားသလို လုပ်ကာ ဘာမှ ပြန်မပြောပေ။ တောထူသော နေရာတွင် လှည့်ပတ်ပြေးလွှား၍ ထိုလူကို မျက်ခြေ ဖြတ်နိုင်ရန် ကြိုးစားနေသည်။

သူတို့ နှစ်ယောက်သည် တောထူသော နေရာ၌ မိနစ်အနည်းငယ် ကြာအောင် လှည့်ပတ် ပြေးလွှားနေကြသည်။ တစ်ယောက်က လိုက်လျှင် တစ်ယောက်က ထွက်ပြေးသည်။ မီးခိုးရောင် ပုံရိပ်၏ အာရုံစိုက်ခြင်းကို ခံရမည်ကို ကြောက်သောကြောင့် တိုက်ခိုက်ခြင်းပင် မလုပ်ခဲ့ချေ။

သို့သော်လည်း အနက်ရောင် အမှုန်အမွှားက သူ့ရှေ့တွင် ရုတ်တရက် ပေါ်လာသောကြောင့် ဟွမ်ချန်းယို့ တုန်လှုပ်သွား၏။ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း အချိန် နှောင်းသွားခဲ့ပြီ။

အနက်ရောင် အငွေ့အသက်က သူ့ရင်ဘတ်ထဲ ထိုးဖောက် ဝင်ရောက်သွားပြီး သူ့နှလုံးက အပိုင်းပိုင်း ကွဲထွက်သွားသည်။ ဟွမ်ချန်းယို့သည် မြေပေါ်သို့ လဲကျသွားပြီး သူ့အော်ရာက လျင်မြန်စွာ ပျောက်ကွယ်သွားသည်။

ထို့နောက် မီးခိုးရောင် ပုံရိပ်က ချက်ချင်း ရပ်တန့်လိုက်လျှင် ပိန်ပါးသော အမျိုးသား တစ်ယောက် ထွက်ပေါ်လာပြီး ဒေါသတကြီး အော်ဟစ်လိုက်သည်။

"ဘယ်ကောင် ငါ့သားကောင်ကို လုရဲတာလဲ... အခု ချက်ချင်း ထွက်လာစမ်း..."

ထို အခိုက်အတန့်တွင် တောထူထပ်သော နေရာမှ ပိန်ပါးသော ပုံရိပ်တစ်ခုက ဖြည်းဖြည်းချင်း ထွက်လာသည်။ ဆံပင်ရှည်ပြီး အဖြူရောင် ဝတ်စုံရှည် ဝတ်ဆင်ထားသည်။ ထိုလူက

ခေါင်းမော့ပြီး ပိန်ပါးသော လူကို စိန်ခေါ်သလို ကြည့်လိုက်ကာ

"ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းမှာ ပြောစရာ ရှိသေးလား..."

"မ... မ... မ... မရှိပါဘူး..."

အရပ်ရှည်ပြီး ပိန်ပါးသောလူက တစ်ကိုယ်လုံး အေးစက်လာပြီး နဖူးမှချွေးစေးများ စီးကျလာက လက်တသွင်သွင် ခါ၍ ပြောလိုက်သည်။

"ဒီသားကောင်ကို ငါ အရင်တွေ့တာ... မင်း ထွက်သွား..."

ဝတ်စုံဖြူ ဝတ်ဆင်ထားသော လူက အမှန်တရားကို ပြောနေသကဲ့သို့ ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ဟုတ်... ဟုတ်... ဟုတ်... ဟုတ်ကဲ့... ဟုတ်ကဲ့... ငါ ဘာမှ မမြင်ပါဘူး..."

အရပ်ရှည်ပြီး ပိန်ပါးသောလူက ချက်ချင်း လှည့်၍ ထွက်ပြေးသည်။ (၁၀) ကီလိုမီတာခန့် ရောက်အောင်

ပြေးသွားပြီးနောက် ရပ်တန့်လိုက်ကာ နဖူးက ချွေးများကို သုတ်လိုက်သည်။

"အား ကြောက်စရာ ကောင်းလိုက်တာ...ဝတ်ရုံရှည်နဲ့ လူယုတ်မာက ဒီတစ်ကြိမ် အမဲလိုက်မှုထဲ ပါတာလား။ ဒီကောင့်အတွက် ဒေသဆိုင်ရာ အကြီးအကဲတွေတောင် ဘာအဓိပ္ပာယ်မှ မရှိဘူး မဟုတ်လား..."

ဟွမ်ချန်းယို့ အသတ်ခံရသည့် တစ်ချိန်တည်းမှာပင် ကိုယ်စားလှယ်လောင်းများကို

အမဲလိုက်သော လူများက နေရာအနှံ့မှ ထွက်ပေါ်လာသည်။

ကိုယ်စားလှယ်လောင်းများသည် သေခြင်းတရားသူတို့ ရှေ့ပေါ်လာပြီး သေသွားသည့် နောက်ဆုံးအချိန်အထိ ဘာကြောင့် သေခဲ့ရလဲ ဆိုသည်ကိုပင် နားမလည်သွားရှာပေ......

အကျဉ်းထောင်ထဲရှိ အကျဉ်းသား အားလုံးက ကိုယ်စာလှယ်လောင်း တစ်ယောက်ကို အကျဉ်းသား နှစ်ယောက်၊ သုံးယောက်နှုန်းနှင့် ပူးပေါင်း၍ ဝိုင်းဝန်းတိုက်ခိုက်ကာ သတ်ဖြတ် နေကြသည်။

သူတို့ မသိသည်မှာ တစ်စုံတစ်ယောက်က ဒီနေရာကို ပိုက်စိတ်တိုက်၍ ရှာဖွေနေသည့် အချက်ကိုပင်။ ထို့အပြင် ဒီလူက အကျဉ်းသား အားလုံးကို ရှုးသွပ်စေသော လက်သည် တရားခံလည်း ဖြစ်နေသည်။

ကိုယ်စားလှယ်လောင်းများ အမဲလိုက် ခံနေရသည့် အချိန်တွင် ကိုယ်စာလှယ်လောင်း တစ်ယောက် ဖြစ်သော လင်းဟွမ်ကမူ အကြီးအကဲ လင်းဟုန်၏ အိမ်က ဆိုဖာထိုင်ခုံပေါ်တွင် ဇိမ်ကျကျ လှစ္စာဖြင့်

သွေးရဲရဲလေး ရွေးချယ်ပေးထားသော မှတ်ဉာဏ်များကို လေ့လာနေသည်။

"အင်း.... အတုယောင် နတ်ဘုရားနဲ့ အစစ်မှန်နတ်ဘုရားလို့ ခေါ်တဲ့ ပရိုတို့စ်တွေကို သူတို့က ဘယ်လို ခေါ်တာလဲ..."

မဟာကမ္ဘာကြီး၏ အဆိုအရ အတုယောင် နတ်ဘုရားအဆင့်ကို ကံကြမ္မာအဆင့်ဟု ခေါ်ပြီး ကံကြမ္မာတိုင်များ စုစည်းသော အဆင့်ဆိုလည်း မမှားပေ။ ကံကြမ္မာတိုင်ထဲတွင် ပြောင်းလဲမှု (၉) ခု ရှိသည်။ အသွင်ပြောင်းလဲမှု တစ်ခုစီတိုင်းကို

လည်ပတ်ခြင်း တစ်ကြိမ်ဟု ခေါ်သောကြောင့် ကံကြမ္မာအဆင့်တွင် လည်ပတ်ခြင်း စုစုပေါင်း (၉) ကြိမ် ရှိ၏။

ဤအဆင့်တွင် အစပိုင်းက မမြင်နိုင်သော နယ်မြေသည် အသေးစား ကမ္ဘာလေးတစ်ခု ဖြစ်လာလိမ့်မည်။ ဒါကို နတ်ဘုရား နယ်မြေဟု ခေါ်ပြီး ပရိတို့စ်များက လောကဟု ခေါ်ကြသည်။

ကံကြမ္မာတိုင်ထဲတွင် လှည်ပတ်ခြင်း ကိုးကြိမ် ပြီးမြောက်သောအခါ နတ်မီးလျှံကို ထွန်းညှိကြသည်။ ထိုအဆင့်သို့ ရောက်သောအခါ လူတစ်ယောက်က

အတွဲလိုက် အစီအစဉ်များကို လေ့လာရပြီး နတ်ဘုရား အစီအစဉ် အဆင့်ကို ရောက်ရှိကြသည်။ ဒါကို အစစ်အမှန် နတ်ဘုရားအဆင့်ဟု ခေါ်ဆိုကြသည်။

နတ်ဘုရား အစီအစဉ်အဆင့်တွင် တွဲဆက်မှု ကိုးပါး ရှိ၏။ တွဲဆက်မှု တစ်ခုကို ဖြတ်ကျော်နိုင်တိုင်း နတ်ဘုရား အစီအစဉ်တစ်ဆင့်ကို တတ်ကျွမ်း သွားကြသည်။

လူတစ်ယောက်က တွဲဆက်မှု ကိုးပါးကို ဖြတ်ကျော် သွားသောအခါ ပြီးပြည့်စုံသော စည်းရိုးကွင်း ဖွဲ့စည်း သွားလိမ့်မည်။ ထိုအခါ

ဤလူ၏ နတ်ဘုရား နယ်မြေတစ်ခုလုံးကို အထွတ်အထိပ် နတ်ဘုရားတရားက ဖုံးအုပ်သွားပြီး နတ်ဘုရား စည်းရိုးကွင်းအဆင့် ရောက်ရှိသွားပြီဟု ပြောကြသည်။

ထိုနတ်ဘုရား တရားက ခံ့ခံ့ တိုက်ခိုက်၍ မရအောင် ကြောက်စရာ ကောင်းလွန်းသောကြောင့် ပရိုတိုစ်များက ကောင်းကင်ဘုံ နတ်ဘုရား အဆင့်ဟု ခေါ်ဆိုကြသည်။ ဒီအဆင့်တွင် နတ်ဘုရား တရား၏ ပြင်းထန်မှုအပေါ် မူတည်ပြီး နတ်ဘုရား နယ်မြေများကို နယ်စား အဆင့်၊ မှူးမတ် အဆင့် ၊

သူရကောင်း အဆင့် ၊ အမတ်ကြီး အဆင့် နှင့် အတွင်းဝန် ဆိုပြီး ခွဲခြားထားသည်။

စည်းရိုးကွင်း တစ်ခု ဖွဲ့စည်းသွားပြီးတိုင်း တစ်ဆင့် တက်လာသည့် နှုန်းနှင့် အကြွင်းမဲ့ နတ်ဘုရား တရားကို ဖွဲ့စည်းသွားကြသည်။ တန်ခိုးရှင် တစ်ယောက်၏ နတ်ဘုရား နယ်မြေက အထွတ်အထိပ် လောက အဖြစ် မြင့်တက်သွားသောအခါ ပရိတ်တိုက်များက အုပ်စိုးသူ အဆင့်ဟု ခေါ်ဆိုကြသည်။ တိတိကျကျ ပြောရမည်ဆိုလျှင် အထွတ်အထိပ်

နတ်ဘုရားအဆင့်၏ နတ်ဘုရား နယ်မြေကိုသာလျှင် အစစ်မှန်လောက ဟု ခေါ်ဆိုနိုင်သည်။

တန်ခိုးရှင်က အထွတ်အထိပ် နတ်ဘုရားအဆင့်ကို ဝင်ရောက်သွားသည်နှင့် လောကက အပြည့်အဝ ပွင့်လာပြီး အသေးစားကမ္ဘာ တစ်ထောင် ပါဝင်လာလိမ့်မည်။ ဒီအဆင့်တွင် သူတို့ ကိုယ်တွင်း၌ များပြားလှသော ကိုယ်ပိုင်လောကများကို အလွယ်တကူ တည်ဆောက်နိုင်ကြသည်။

သို့သော်လည်း အကြီးအကဲအားလုံး နားလည်သဘောပေါက် ထားကြသည့် အဆင့်မျှသာ ဖြစ်သည်။

လင်းဟုန်နှင့် ကျန်သည့် လူများသည် အထွတ်အထိပ် နတ်ဘုရားအဆင့် သို့မဟုတ် အုပ်စိုးခြင်း အဆင့်တို့၏ ခွဲခြားမှုကို တိတိကျကျ သိသော်လည်း အထွတ်အထိပ် နတ်ဘုရားအဆင့် အထက်ကိုမူ အတိအကျ မသိတော့ပေ။

မည်သို့ပင် ဆိုစေကာမူ လင်းဟွမ်အတွက်က ယခုလက်ရှိ ရရှိထားသော အချက်အလက်များက

လုံလောက်ပေသည်။ ယခုအခါ၌ ထိုထက်မြင့်မားသော အဆင့်များ၊ အတုယောင် နတ်ဘုရား အဆင့် မဆိုနှင့်၊ အင်ပါယာအဆင့်ပင် မရောက်သေးသောကြောင့် သူနှင့် အလွန် အလှမ်း ဝေးနေသေးသည်။

လင်းဟွမ်သည် ကျင့်ကြံခြင်း အဆင့်များ အကြောင်းကို သင်ယူခဲ့ရသည့် အပြင် မျိုးနွယ်စုများနှင့် အဖွဲ့အစည်းများ ကြားမှ ခွဲဝေပုံကိုလည်း အကြမ်းဖျင်း နားလည်လာခဲ့သည်။

ဒီ မဟာကမ္ဘာကြီးထဲတွင် အင်အားအကြီးဆုံး မျိုးနွယ်စုမှာ ပရိုတို့စ် ၊ ဒုတိယ မျိုးနွယ်စုမှာ ပိုးကောင်မျိုးနွယ်စု ဖြစ်ပြီး တတိယမှာ အင်မော်တယ် မျိုးနွယ်စု ဖြစ်သည်။ စတုတ္ထမှာမူ ပြင်ပမှ လာသော အသူရာမျိုးနွယ်စု ဖြစ်ပြီး ငါးခုမြောက်ကမူ နဂါးမျိုးနွယ်စု ဖြစ်သည်။ လူသားများက အဆင့်ခြောက်ရှိပြီး အနိမ့်ဆုံး ဖြစ်သည်။

ထိပ်တန်း မျိုးနွယ်စု ငါးခုထဲတွင် အဆင့် ငါး ရှိသည့် နဂါးမျိုးနွယ်စုသည်ပင် ထင်ရှားမှု မရှိသည့် တစ်ခုတည်းသော မျိုးနွယ်စု ဖြစ်နေ သည်။

အမှန်တကယ်ဆို သူတို့၏ ထိပ်တန်း တန်ခိုးရှင်များသည် ပရိုတို့စ် တစ်ကောင်ထက် အားနည်းခြင်း မရှိပေ။

နဂါးမျိုးနွယ်စု ကဲ့သို့ ကြီးမားသော မျိုးနွယ်စုများနှင့် ယှဉ်နိုင်သော အခြားမျိုးနွယ်စု အနည်းငယ်လည်း ရှိသေးသည်။ အလုံးစုံ စွမ်းရည်အရ သူတို့သည် နဂါးမျိုးနွယ်စုများ ကဲ့သို့ အစွမ်းထက်ခြင်း မရှိသောကြောင့် လူသားများနောက်တွင် အဆင့် သတ်မှတ်ထားခြင်း

ဖြစ်သည်။ သို့သော်လည်း သူတို့တွင် တန်ခိုးရှင်များ မရှိဘူးဟု မဆိုလိုပေ။

"အခု ငါရောက်နေတဲ့ ကျောက်စရစ်ခဲ ကမ္ဘာရဲ့ အခြေအနေကို ကြည့်ရတာတော့ ပရိုတို့စ် အဖွဲ့အစည်း လက်အောက်မှာရှိတဲ့ ကမ္ဘာတွေထဲမှာတော့ ငါတို့ကမ္ဘာက အစွမ်း အထက်ဆုံး ဖြစ်နိုင်တယ်။ ဒါကြောင့်လည်း ငါတို့ ကမ္ဘာကို ကျူးကျော်ဝင်ရောက် လာတဲ့လူတွေက အမြဲတမ်း ပရိုတို့စ်နဲ့ သူ့ရဲ့ နတ်ဘုရား ကျေးကျွန်တွေပဲ ဖြစ်နေတာ ဖြစ်လိမ့်မယ်"

လင်းပွမ်၏ အသိဉာဏ်ထဲတွင် မျိုးနွယ်များ၏ အဆင့် သတ်မှတ်ခြင်းများကို အကြမ်းဖျင်း နားလည်သွားသည်ကို သတိထားမိပြီးနောက် သွေးရဲရဲလေးက ကောက်ခါငင်ခါ ထပြောလိုက်သည်။

“ငါတို့ရဲ့ နေရာက ပရိုတို့စ်နဲ့ အသူရာ မျိုးနွယ်စုတွေ ထိပ်တိုက် ရင်ဆိုင်နေတဲ့ နေရာဖြစ်ဖို့ များတယ်…”

သွေးရဲရဲလေးက ဖြည့်စွက်ပြီး ပြောလိုက်သည်။

“အသူရာ ချောက်ကမ်းပါး တွင်းနက်ကြီးထဲမှာရှိတဲ့ သက်ရှိ တော်တော်

များများက အသူရာမျိုးနွယ်စု နယ်မြေက လာတာ ဖြစ်နိုင်တယ်…”

“မင်း ပြောမှပဲ အခြေအနေက ပိုဆိုးသွားပြီ”

လင်းဟွမ်က အားတင်းပြုံးပြီး ခေါင်းခါလိုက်သည်။

“တော်တော်လေး ဆိုးတယ်… ပုံမှန်အားဖြင့် ဆိုရင် ပရိတ်ပွဲစ်တွေ တိုက်ခိုက်တာက သူတို့အတွက် အတွေ့အကြုံတစ်ခု ရှာရုံပဲ။ အေး… ပရိတ်ပွဲစ်နဲ့ အသူရာမျိုးနွယ်စုတို့ အမှန်တကယ် စစ်ဖြစ်ကြပြီ ဆိုရင်တော့ ဖြစ်နိုင်လာနိုင်တဲ့ ဖြစ်နိုင်ခြေက တစ်ခုပဲ

..... ဒီ ကျောက်စရစ်ခဲ ကမ္ဘာ တစ်ခုလုံး ပျက်စီးသွားနိုင်လောက်တယ်"

"ပရိုတို့စ်တွေ လာပြီး ကာကွယ်ပေးတာကို ထိုင်စောင့် တာကလည်း အဖြေ မဟုတ်ဘူး။ အဆုံးထိ ကာကွယ်နိုင်အောင် ပြဿနာရဲ့ အရင်းအမြစ်ကို ဖြေရှင်းရမယ်..."

လင်းဟွမ်သည် သွေးရဲရဲလေး၏ စကားကို ကြားလျှင် မျက်မှောင်ကြုတ်သွားသည်။

"ဒါကို လုံးလုံးလျားလျား ဖြေရှင်းချင်တယ်ဆိုရင် ကျောက်စရစ်ခဲ ကမ္ဘာ အပြင်မှာပဲ နည်းလမ်း ရှာရလိမ့်မယ်"

"ငါ ဒီစမ်းသပ်မှုက ပြန်ထွက်တာနဲ့ အင်ပါယာအဆင့်ကို တတ်နိုင်သမျှ အမြန်ဆုံး တက်လှမ်းဖို့ ကြိုးစားရမယ်။ တချို့ကိစ္စတွေ ကိုင်တွယ် ဖြေရှင်းပြီးသွားရင်တော့ ကျောက်စရစ်ခဲ ကမ္ဘာထဲက ထွက်သွားဖို့ ကြိုးစားရတော့မှာပဲ"

# အခန်း(၉၆၇) - နောက်ဆုံး လက်ကျန် ကိုယ်စားလှယ်လောင်း....

ညနက် သန်းခေါင်ယံ အချိန်....

တောနက်ကြီးထဲတွင် ပုံရိပ်တစ်ခုက လျှင်မြန်စွာ ပြေးလွှားနေသည်။ သူ့နောက်တွင် ပိန်ပါးပါး ပုံရိပ်တစ်ရာက ကပ်လျက် လိုက်ပါလာသော ကြောင့်ပင်။

ဟွမ်ဝူကျိသည် အရူး တစ်ယောက်ကဲ့သို့ ပြေးလွှားနေသည်။ လွန်ခဲ့သော (၁၀) နာရီ၊ ဤစမ်းသပ်မှုထဲ မဝင်ခင် အချိန်တုန်းက ဤကဲ့သို့ အဖြစ်ဆိုးမျိုးနှင့် ကြုံရလိမ့်မည်ဟု ယောင်လို့ပင် မတွေးခဲ့ဖူးပေ။

ပဥ္စမမြောက် မင်းသား တစ်ပါး တစ်အနေနှင့် ဤစမ်းသပ်မှုထံ မလာခင် ကောင်းမွန် လုံလောက်အောင် ပြင်ဆင်ထားခဲ့သည်။ ထိန်းချုပ်သူ တစ်ယောက်ကို ငှားရမ်းပြီး အင်ပါယာ မွန်းစတားသုံးကောင်ကို စမ်းသပ်မှု နေရာထဲ

ခေါ်ဆောင်လာနိုင်ရန် စာချုပ်ပင် ချုပ်ဆိုကာ ငှားရမ်းခဲ့သေးသည်။ စမ်းသပ်မှု ဟင်းလင်းပြင်ထဲ ရောက်သည်နှင့် တပြိုင်နက် ကံကြမ္မာ အခြေခံအုတ်မြစ်ရရှိကာ အင်ပါယာ ရွှေဝါရောင်အဆင့်ထိ တိုက်ရိုက် မြှင့်တင်ခဲ့သည်။

အစပိုင်းတွင် အင်ပါယာ ရွှေဝါရောင်အဆင့်ကို ရောက်သွားပြီး အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင် အများစုနှင့် ထိပ်တိုက် ရင်ဆိုင်နိုင်စွမ်းရှိလာသောကြောင့် ဤစမ်းသပ်မှုထဲတွင် ကြီးစိုးသူတစ်ယောက် ဖြစ်လာလိမ့်မည်ဟု ထင်ခဲ့သည်။

အကျဉ်းသား အနည်းငယ်ကို သတ်ဖြတ်ပြီးနောက် ပျားအုံကို တုတ်နှင့်ထိုးသကဲ့သို့ အကျဉ်းသားများက နောက်မှ တစ်စီတစ်တန်းကြီး လိုက်ဖမ်း လိမ့်လိမ်မည်ဟု ယောင်၍ပင် မတွေးခဲ့ဖူးချေ။

“ တကယ်ကြီးလား..၊ ငါ မင်းတို့လူ နည်းနည်းလောက်ပဲ သတ်ခဲ့တာကို လူ တစ်ရာကျော်လောက်က ငါ့ကို ကီလိုမီတာ (၅,၀၀၀) လောက်ထိ လိုက်ဖမ်းနေတာလား။ နောက်ပြီးတော့ လိုက်ဖမ်းတဲ့ လူတွေကလည်း ပိုပိုပြီး များလာသေးတယ်။ ငါ သတ်ခဲ့တဲ့လူက မင်းတို့ထဲမှာ

နောက်ခံ အင်အား တောင့်တင်းတဲ့လူများ ဖြစ်နေမလား....။ ဆိုးလိုက်တဲ့ ကံကြမ္မာ..'

ဟွမ်ဝူကျိသည် စိတ်ထဲမှ တွေးနေရင်း သူ့နောက်မှ လျင်မြန်စွာ လိုက်ပါလာသော အော်ရာများက ပိုမို အားကောင်းလာကြောင်း သိရှိလိုက်သည်။ အားကောင်းသော အော်ရာကို အနည်းငယ် ခံစားမိလိုက်သည်။ ထိုအထဲမှ လေးယောက်၏ တိုက်ခိုက်ရေး အဆင့်က အင်ပါယာ ရွှေခရမ်း ရောင်အဆင့်တွင် ရှိနေကြောင်း သိသာ ထင်ရှားနေသည်။ သူတို့၏ အော်ရာက သာမန်

ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင်များထက် များစွာ ပိုမို အားကောင်းနေ၏။

"ဘောပဲ.."

ထိုလူလေးယောက်က ဤဒေသရှိ ဒေသဆိုင်ရာ အကြီးအကဲများနှင့် လက်ထောက် အကြီးအကဲများ ဖြစ်ကို ဖြစ်လိမ့်မည်။

"အမဲလိုက်တာကို ဒီလို အဆင့်တွေတောင် ထွက်လာတာလား ဟ.."

ယခုအခါ၌ ဟွမ်ဝူကျိသည် စမ်းသပ်မှုထဲမှ ထွက်သွားရမလား ဆိုသည်ကိုပင် တွေဝေလာပြီး စိတ်ထဲ လွန်ဆွဲလာသည်။ လမ်းကြောင်း အနည်းငယ် ပြောင်းလဲခဲ့သော်လည်း သူ့နောက်မှ၊ သူ့အနီးအနားမှ ပျံသန်းနေသော လူများက ပျံသန်းနေသည့် လမ်းကြောင်းကို ချက်ချင်း ပြောင်းပြီး သူ့နောက်သို့ ဆက်လိုက်နေကြသည်။

"ငါတော့ ပစ်မှတ် ဖြစ်နေပြီ။

တားဆီးသူများက ရှေ့ဘက်မှာလည်း ရှိနေသလို နောက်ဘက်မှာလည်း လိုက်နေသူများ ရှိနေခဲ့သည်။

ဟွမ်ဝူကျိသည် လက်မြှောက်ရန် မဖြစ်နိုင်တော့ကြောင်း သိလိုက်သည်နှင့် စွန့်စားရန် ရွေးချယ်လိုက်သည်။ သူ့ရှေ့မှ အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင် အနည်းငယ် ရှိသည့်နေရာကို လှမ်းကြည့်ပြီး အံကြိတ်ကာ ပြေးသွားသည်။

မကြာခင် နှစ်ဖက် ထိပ်တိုက် တွေ့ဆုံကြသည်။

ဟွမ်ဝူကျိက သူတို့လေးယောက်ကို တစ်ချက် ကြည့်လိုက်သည်။ အော်ရာ အားအနည်းဆုံး တစ်ယောက်ကို ပစ်မှတ် ထားရမည့်အစား

သူ့မျက်လုံးများက အော်ရာ အားအကောင်းဆုံး လူကို စိုက်ကြည့်လိုက်သည်။ သူတိုက်ပွဲ ဝင်သော ရည်ရွယ်ချက်မှာ မြန်မြန် သတ်ပြီး မြန်မြန် ထွက်သွားရန် ပင်။

“ငါ ထင်တာမမှားရင် မင်းတို့က ဒေသဆိုင်ရာ အကြီးအကဲတွေ ဖြစ်ရမယ်.. ငါ့ စိန်ခေါ်မှုကို လက်ခံရဲလား..”

“ခေါင်းဆောင်.. ဒီကောင်လေးက စိတ်ဝင်စားစရာပဲ..”

ထိုလူ၏ဘေးတွင် ရပ်နေသော ကြမ်းတမ်းသည့် မျက်နှာနှင့်လူက စပ်ဖြဲဖြဲ ပြုံးပြီး ပြောလိုက်သည်။

"မင်းမှာ ထူးချွန်တဲ့ မျက်လုံးတွေ ရှိတာပဲ.."

စိန်ခေါ်ခံရသော အမျိုးသားက ကြောက်စရာကောင်းသော အပြုံးကို ပြုံးပြီး ပြောလိုက်သည်။

"ကဲ.. ကစားကြတာပေါ့.."

ဟွမ်ဝူကျိသည် ထိုလူ ပြောပြီးသည်နှင့် သူ့လက်ထဲက ရွှေလုံးကို ပစ်လွှတ်လိုက်သည်။

လေထဲတွင် လုံသည် လွန်သွား တစ်ချောင်းကဲ့သို့ လျင်မြန်စွာ လည်ပတ်သွားပြီး လရောင်၏ ရောင်ပြန်ဟပ်မှုကြောင့် ရွှေရောင် အလင်းတန်းများက ထိုလူ၏ မျက်နှာပေါ် ဖြာကျသွားသည်။ တစ်ချိန်တည်းမှာပင် လူကိုယ်တိုင်ကလည်း ထိုလူထံ ပြေးဝင်ပြီး တိုက်ခိုက်လိုက်သည်။

ထိုလူက မျက်နှာကြော ပြတ်နေသကဲ့သို့ ခံစားချက် ကင်းမဲ့နေသည်။ လုံထိပ်ကို စိုက်ကြည့်ရင်း ညာလက်သီးကို လေထဲ မြှောက်တင်လိုက်သည်။ လုံထိပ်မှ ဖြာကျနေသော အလင်းရောင်များ

ပျောက်ကွယ် သွားသည်။ ထို့နောက် ကျယ်လောင်သော ပေါက်ကွဲသံကြီး လျှင်မြန်စွာ ထွက်ပေါ်လာသည်။

မရေမတွက်နိုင်သော ရွှေရောင် အလင်းများသည် နေတစ်စင်း ပေါက်ကွဲ သကဲ့သို့ နေရာ အနှံ့သို့ ဖြာထွက် သွားသည်။ သန်းပေါင်းများစွာသော မိုးခြိမ်းသံများ တပြိုင်နက်တည်း မြည်ဟည်း လိုက်သကဲ့သို့ ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး (၁၀) ကီလိုမီတာ အတွင်း နေရာ

တစ်ခုလုံးက အပျက်အစီး ဖုန်းဆိုးမြေအဖြစ် ပြောင်းလဲသွားသည်။

နောက်ထပ် တစ်စက္ကန့်တွင် မျက်နှာကြော သေနေသော အမျိုးသားက မျက်ခုံးတွန့်ပြီး လေထဲသို့ နောက်တစ်ကြိမ် ညွှန်ပြလိုက်သည်။

မမြင်ရသော ပုံရိပ်သည် မြင်ရသော ပုံရိပ်အဖြစ် ပြောင်းလဲသွားသည်။ သွေးများ အတောင့်လိုက် အန်ထွက်ပြီး အမြှောက်မှ ပစ်လိုက်သော ကျည်ဆံတစ်ခုကဲ့သို့ လွင့်ထွက်သွားသည်။

"မင်းက ဒေသဆိုင်ရာ အကြီးအကဲလို့ ခေါ်ဆိုဖို့ သေချာပေါက် ထိုက်တန်ပါတယ်"

ထိုအခိုက်တန့်တွင် ဟန်ဝူကျိသည် သူ၏ စွမ်းရည်နှင့် အလှမ်း ကွာနေကြောင်း သဘော ပေါက်သွားသည်။ ဒေသဆိုင်ရာ အကြီးအကဲသည် အင်ပါယာ အဆင့်ကို မတက်လှမ်းခင်က အထွတ်အထိပ် ပါရမီရှင် တစ်ယောက် ဖြစ်နိုင်သည်။

"အမ်... အသက် ရှင်နေသေးတာလား.."

မျက်နှာကြော သေနေသောလူက မျက်ခုံး ပင့်လိုက်သည်။ နောက်တစ်ကြိမ် တိုက်ခိုက်ရန်

ကြိုးစားသည့် အနေနှင့် လက်ကို မြှောက်လိုက်သောအခါ ကိုယ်စားလှယ်လောင်းထံမှ မထင်မှတ်ထားသော စကားကို ကြားလိုက်ရသည်။

"ငါတို့ လက်ရည်မတူလို့ အရှုံးပေးတယ်။ ငါ့ကို လိုက်ပို့စရာ မလိုဘူး.."

ဟွမ်ဝူကျိုက ထိုကဲ့သို့ ပြောနေရင်း လက်ထဲမှ တံဆိပ်ပြားကို တပြိုင်နက်တည်း ချေမွလိုက်သည်။ ရွှေရောင်အလင်းများ တောက်ပလာကာ သူ့ခန္ဓာကိုယ်ကို ချက်ချင်း ဖုံးလွှမ်းသွားပြီး ရွှေရောင် အလုံးအဖြစ် ပြောင်းလဲသွားသည်။

ထို့နောက် အလင်းအလျှင်နှင့် ကောင်းကင်ပေါ် မြင့်တက်သွားပြီး တိမ်တိုက်များ ကြားထဲတွင် ပျောက်ကွယ်သွားသည်။

အခြားသော အဖွဲ့အစည်းများမှ စေလွှတ်လိုက်သော ပျိုးပင်လောင်း ကစားသမား အချို့သည်လည်း ဟွမ်ဝူကျိနှင့် တူညီသော အဖြစ်အပျက်မျိုးနှင့် ကြုံတွေ့နေရသည်။

သူတို့သည် မင်းဆက်၏ နေရာတစ်ခုကို သိမ်းပိုက်နိုင်ရန်၊ သူတို့၏ အရည်အချင်းများကို ပြသနိုင်ရန် မျှော်လင့်ချက်များနှင့် ယုံကြည်မှု အပြည့်

ဝင်လာကြခြင်း ပင်။ သို့သော်လည်း စမ်းသပ်မှုထဲ၌ တစ်ရက်လေး အတွင်းမှာပင် ခွေးပြေးဝက်ပြေး ထွက်ပြေးနေရသည်။

ဟွမ်ဝူကျို ကဲ့သို့ ကံကောင်းသည့် လူအနည်းငယ်က စမ်းသပ်မှု တံဆိပ်ကို အချိန်မီ ချေမွနိုင်ခဲ့ပြီး လွတ်မြောက် ခဲ့ကြသည်။ ကံဆိုးသူများကမူ လွတ်မြောက်အောင် မလုပ်နိုင်ဘဲ အသတ်ခံခဲ့ရသည်။

စမ်းသပ်မှု စတင်ပြီး နောက်တစ်နေ့ မနက်မှာတင် ကိုယ်စားလှယ်လောင်း တစ်သောင်း၏ ကိုးဆယ်

ရာခိုင်နှုန်းက ပြုတ်သွားပြီး တစ်ထောင်ထက်နည်းသော လူအရေအတွက်သာ ကျန်ခဲ့တော့သည်။

လင်းဟွမ်သည် စနစ်မှ တွက်ချက်ပေးထားသော အချက်အလက်ကို ကြည့်ရင်း အကျဉ်းသားများ၏ အမဲလိုက်မှု စွမ်းရည်ကို မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်နေသည်။

“စမ်းသပ်မှု စတာ တစ်ရက်ပဲ ရှိသေးတယ် (၉,၇၈၁) ယောက် ပြုတ်သွားပြီ။ အခုဆို ငါ့အပါအဝင် ကိုယ်စာလှယ်လောင်း (၉၁၉) ပဲ ကျန်တော့တာဆိုတော့။ တိုးတက်မှုကို ကြည့်ရတာ တစ်ရက်၊

နှစ်ရက်အတွင်း ကိုယ်စာလှယ်လောင်း အားလုံးကို ရှင်းပစ်နိုင်မယ် ထင်တယ်”

“ အဲ့ဒီလောက် မြန်မယ်လို့ ငါမထင်ဘူး။

သို့သော်လည်း သွေးရဲရဲလေးက အမြင်မတူပေ”

“ပထမတစ်ကြိမ် အမဲလိုက်မှုမှာ စွမ်းဆောင်ရည် မြင့်နေရတဲ့ အကြောင်းအရင်းက အကျဉ်းသားတွေက သူတို့ကို အမဲလိုက်လာမယ့်လို့ မထင်ထားလို့ ကိုယ်စားလှယ်လောင်းတွေ အငိုက်မိ သွားတယ်။ နောက်ပြီးတော့ မြေမျက်နှာ အသွင်အပြင်နဲ့ မရင်းနှီးလို့ ခံလိုက်ရတာပဲ”

"ပထမတစ်ကြိမ် အမဲလိုက်မှုမှာ လွတ်မြောက်သွားတဲ့ လူတွေက ထိပ်တန်း အရည်အချင်း ရှိနိုင်တယ်။ နောက်ပြီးတော့ တစ်ညလောက် ထွက်ပြေးထားလို့ မြေမျက်နှာ အသွင်အပြင်ကို အတိုင်းအတာ တစ်ခုလောက်တော့ ရင်းနှီးနေပြီ။ အကျဉ်းသားတွေ ဘက်မှာ အရေအတွက် လုံး၀ သာနေတယ် ဆိုပေမယ့် ဒီကိုယ်စားလှယ်လောင်း အားလုံးကို သတ်ဖြတ်ဖို့ အနည်းဆုံး တစ်ပတ်လောက်တော့ အချိန် ယူရလိမ့်မယ်"

"မင်း ပြောတာ အဓိပ္ပါယ် ရှိတယ်"

လင်းဟွမ်သည် သွေးရဲရဲလေး၏ စကားကို ကြားပြီးနောက် သူ့ကိုယ်သူ ဉာဏ်တိမ်သည်ဟု တွေးလိုက်မိသည်။

"ကြည့်ရတာ ငါတို့တွေ စိတ်ရှည်ရှည် စောင့်ရအုံးမယ့်ပုံပဲ"

လင်းဟွမ်သည် နောက်ပိုင်း ရက်အနည်းငယ်ကို ဓါးသိုင်း လေ့ကျင့်ရင်း အချိန်ဖြုန်း နေခဲ့သည်။

အချိန်များ တရွေ့ရွေ့ ကုန်သွားပြီး တစ်ပတ် ကြာသွားခဲ့သည်။ လူ တစ်သောင်း ရှိခဲ့သော ကိုယ်စားလှယ်လောင်းများထဲတွင် လေးယောက်သာ အသက်ရှင်လျက် ကျန်ခဲ့တော့သည်။

လင်းဟွမ်မှလွဲ၍ ကျန်သည့် သုံးယောက်က အကျဉ်းသားများနှင့် တူတူပုန်းတမ်း ကစား နေကြသည်။

အကျဉ်းသား စစ်တပ် တင်ပြလာသော အစီရင်ခံစာများအရ လက်ကျန် ကိုယ်စားလှယ်လောင်း သုံးယောက်၏

တိုက်ခိုက်ရေးအဆင့်က အင်ပါယာ ရွှေဖြူရောင် အဆင့်တွင် ရှိကြသည်။ သာမန် အင်ပါယာ ရွှေခရမ်းရောင် အဆင့်များက သူတို့ကို ဘာမှ မလုပ်နိုင်ကြဘဲ ဒေသဆိုင်ရာ အကြီးအကဲများကပင် ကြောက်ကြသည်။

လင်းဟွမ်က ထိုလူ သုံးယောက်ကို ဘယ်လိုသတ်ရင် ကောင်းမလဲဟု စဉ်းစားနေစဉ် အရေအတွက် ရုတ်တရက် လျော့ကျသွားပြီး နှစ်ယောက် ဖြစ်သွားသည်။ ထိုတစ်ယောက်က

အသတ်ခံရခြင်း သို့မဟုတ် ထွက်သွားခြင်း ဖြစ်နိုင်သည်။

“နှစ်ယောက်ပဲ ကျန်တော့တယ်။ ဒီနှစ်ယောက် သေတာနဲ့ မင်းဆက်ရဲ့ အဖွဲ့ဝင်နေရာက ငါ့အပိုင်ပဲ။”

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။

မကြာခင် နှစ်ရက် ကုန်ဆုံးသွားခဲ့သည်။ သို့သော်လည်း လက်ကျန် ကိုယ်စားလှယ်လောင်း အရေအတွက်က နှစ်ယောက်မှာ တင်းခံ နေသေးသည်။

နေလယ်စာ စားပြီးနောက် အစေခံမလေး တစ်ယောက်က သစ်သီး ပန်းကန်ကိုင်ပြီး လင်းဟွမ်ထံ လမ်းလျှောက်လာသည်။ သူမက သစ်သီးပန်းကန်ကို စားပွဲပေါ် တင်ပြီးနောက် သူ့ကို အပြုံးချိုချိုလေးနှင့် ကြည့်နေကြောင်း လင်းဟွမ် သိလိုက်သည်။

"ဒီမှာပဲနေ မသွားနဲ့"

လင်းဟွမ်က အမျိုးသမီး၏ခါးကို ဖက်ရင်း ပြောလိုက်သည်။

"သေချာလို့လား.... သခင်"

အမျိုးသမီးက အပြုံးချိုချိုလေး ပြုံးပြီး မတ်တပ်ရပ်လိုက်သည်။

"ဒါပေါ့"

လင်းဟွမ်က သူမခါးကို လွတ်ပြီး ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။

ထိုအချိန်တွင် အမျိုးသမီးက တောက်ပစွာ ပြုံးပြီး သူမအင်္ကျီ လက်စထဲမှ ဓါးတိုလေး တစ်ချောင်းကို ဆွဲထုတ်လိုက်သည်။ ထို့နောက် လျှင်မြန်စွာ လှုပ်ရှား၍ လင်းဟွမ်ခေါင်းကို ထိုးလိုက်သည်။

သို့သော်လည်း တစ်ချိန်တည်းမှာပင် အမျိုးသမီး၏ အမူအရာက အနည်းငယ် ပျက်ယွင်းသွားပြီး နောက်ကို ခပ်မြန်မြန် ပြန်ဆုတ်သွားသည်။ အကြောင်းမူ ဓါးက လင်းဟွမ် ခေါင်းထဲသို့ ထိုးဖောက်ဝင်ရောက်သွားသည့် အချိန်၌ တစ်စစီပြိုကွဲပြီး ပျောက်ကွယ်သွားသောကြောင့် ပင်။

"ငါ ထင်ထားသလိုပဲ။ အမျိုးသမီး ဖြစ်နေတဲ့ မင်းကိုယ်တိုင် ငါ့ အိမ်တံခါးရှေ့ကို ကိုယ့်သဘောနဲ့ကိုယ် ရောက်လာတာပဲ "

လင်းဟွမ်က နန်းတော် အဝင်ဝတွင် ရပ်နေပြီး အစေခံပုံစံ ဝတ်ဆင်ထားသော အမျိုးသမီးကို ကြည့်ပြီး ပြောလိုက်သည်။

"မင်းသာ ခဏလောက် ထပ်ပြီး ပုန်းနေရင် ငါမင်းကို ဘာမှ မလုပ်နိုင်လောက်ဘူး။ အခုတော့...."

"မင်းဆက်ရဲ့ စမ်းသပ်မှုထဲမှာ လူတိုင်း ပြုတ်သွားအောင် ပြဿနာ ဖန်တီးတဲ့လူက အင်မော်တယ် အဆင့် တစ်ယောက် ဖြစ်နေမယ်လို့ မထင်ထားမိဘူး"

စကားပြောနေရင်း ထိုအမျိုးသမီး၏ ခန္ဓာကိုယ်က မူလပုံစံသို့ ဖြည်းဖြည်းချင်း ပြောင်းလဲသွားသည်။ အစောပိုင်းက အစေခံအဖြစ် ရုပ်ဖျက်ထားသည့် အချိန်ထက် ပိုလှလာသည်။

"မေးခွန်း တစ်ခုလောက် မေးလို့ရမလား။ ငါ့အကြောင်း ဘယ်လိုသိသွားတာလဲ။ ငါ့ရဲ့ ရုပ်ဖျက်မှုက ဟာကွက် မရှိဘူးလို့ ထင်တာပဲ။ ဘယ်လိုမှ ချို့ယွင်းချက် မရှိနိုင်ဘူး"

"ဒီနန်းတော်က လူတိုင်းကို စိတ်ညှို့ထားတတာဆိုတော့ ဒီ သက်ရောက်မှုထဲ မရှိတာ မင်း တစ်ယောက်တည်းပဲ"

လင်းဟွမ်က လက်ကျန် ကိုယ်စားလှယ်လောင်း အမျိုးသမီးကို စိုက်ကြည့်ရင်း ပြောလိုက်သည်.

"မင်း မေးချင်တာ မေးပြီးပြီးဆိုတော့ မင်းဘာသာ မင်း ထွက်သွားမလား၊ ဒါမှမဟုတ် ငါ ပို့ပေးရမလား.."

လင်းဟွမ်က စပ်ဖြဲဖြဲ ပြုံးပြီး မေးလိုက်သည်။

“ငါက ဒီအခြေအနေမှာ အပေါ်ဘက် ရောက်နေတဲ့လူ မဟုတ်လား”

ဤအမျိုးသမီးက မင်းဆက် အဖွဲ့ဝင်နေရာကို လက်မလွှတ်ချင်သည်မှာ အထင်အရှားပင်။

“တချို့ အခြေအနေတွေက ပကတိ မျက်လုံးနဲ့ မမြင်နိုင်ဘူး”

လင်းဟွမ်က မျက်ခုံးပင့်ရင်း ပြုံးကာ ပြောလိုက်သည်။

ထိုအမျိုးသမီးက လင်းဟွမ်ကို တိုက်ခိုက်ရန် ကြိုးစားလိုက်စဉ် သူမလည်ပင်းမှ ပျံ့နှံ့လာသော နာကျင်မှုကို ခံစားလိုက်ရသည်။ နောက်ထပ် အခိုက်တန့်တွင် သူမဦးခေါင်းက လည်ပင်းပေါ်မှ ပြုတ်ကျပြီး သွေးများ ပန်းထွက်လာသည်။

မြေပြင်ပေါ်က ဦးခေါင်း၏ မျက်လုံးထဲတွင် လင်းဟွမ် ပုံရိပ်က ပဲ့တင်ထပ်နေသည်။ မည်သူမျှ သတိမထားလိုက်မိခင် လင်းဟွမ် ပခုံးပေါ်တွင် ကြောင်ဖြူလေးတစ်ကောင် ပေါ်လာသည်။

ထိုစဉ် စမ်းသပ်မှု စနစ်မှ အကြောင်းကြားချက် ရုတ်တရက် ပေါ်လာသည်။

"လက်ကျန် ကိုယ်စားလှယ်လောင်း - တစ်ယောက်"

## အခန်း(၉၆၈) - ဟိုမန် ပွဲတော်....

တော်ဝင်စမ်းသပ်မှု စတင်ပြီး (၁၀)ရက်မြောက် နေ့တွင် လင်းဟွမ်မှလွဲ၍ ကျန်သည့် ကိုယ်စားလှယ်လောင်း အားလုံး ပြုတ်သွားခဲ့သည်။

ထိုအချိန်တွင် လင်းဟွမ်သည် တော်ဝင် စမ်းသပ်မှုများ၏ အရေးကြီးသော အစိတ်အပိုင်း တစ်ခုကို ဖြတ်ကျော် အောင်မြင်ခဲ့သည်။

လင်းပွမ်၏ ဘယ်ဘက်ခြမ်းမှ အနက်ရောင် အရည်လုံးလေး တစ်ခု ထွက်ပေါ်လာသည်။ ထို့နောက် အနက်ရောင် စီးကြောင်း အဖြစ် ပြောင်းလဲသွားပြီး ဦးခေါင်းမဲ့ အမျိုးသမီး အလောင်း၏ ဦးခေါင်းနှင့် ခန္ဓာကိုယ်ထံ စီးဆင်းသွား၏။

(၁၀)စက္ကန့်ခန့် ကြာပြီးနောက် အနက်ရောင် အရည်များ လုံး၀ ပျောက်ကွယ်သွားသည်။ ပြတ်နေသော အမျိုးသမီး ဦးခေါင်းမှ အနက်ရောင် အမျှင်များ ထွက်လာပြီး ပြန်လှန်

ချိတ်ဆက်သွားသည်။ ထို့နောက် သူမ၏ သေဆုံးခြင်းက ထင်ယောင်ထင်မှား ဖြစ်ခဲ့သလို အမျိုးသမီးက မြေပေါ် မတ်တပ် ထရပ်လာသည်။

အမျိုးသမီး၏ အော်ရာက မူလကအတိုင်း အင်ပါယာ ရွှေဖြူရောင်အဆင့်တွင် ရှိနေသေးသည်။ မျက်ဆံမရှိသော အဖြူရောင် မျက်လုံးကြီးများနှင့် ကြည့်နေသည်မှ လွဲ၍ မည်သည့် ထူးခြားချက်မှ မရှိပေ။

“သခင်..”

အမျိုးသမီးက လင်းပွှမ်ကို ရိုသေစွာ ဦးညွတ်ပြီး စိုက်ကြည့်နေသည်။

လင်းပွှမ် မျက်ခုံးပင့်သွားသည်။

အနက်ရောင် အရည်လုံးမှာ နတ်ဘုရားရုပ်ထု တိုက်ခိုက်ရေး ဝိညာဉ် မရဏမယ်တော် ဖြစ်သည်။ ဒီတိုက်ခိုက်ရေး ဝိညာဉ်၏ စွမ်းရည်က သေလွန်သူများကို ပြန်လည် ရှင်သန် ထမြောက်နိုင်ကြောင်း အကြမ်းဖျင်း သိရှိထားခဲ့သည်။ ထို့အပြင် ပြန်လည် ရှင်သန် ထမြောက်လာသော လူကလည်း ဘယ်တော့မှ မသေနိုင်တော့ပေ။

သူ့ရှေ့မှ အမျိုးသမီးသည် အသက်ရှင်နေစဉ် အချိန်က ကြောက်စရာကောင်းသော စွမ်းရည်ကို ပိုင်ဆိုင်ထားသောကြောင့် မရဏ မယ်တော်၏ ပြန်လည် ရှင်သန်ထမြောက်ခြင်း စွမ်းရည်ကို စမ်းကြည့်ရန် ရုတ်တရက် စိတ်ကူးရခဲ့သည်။

" ဒီ ပြန်လည် ရှင်သန်ထမြောက်ခြင်း စွမ်းရည်က သူမစွမ်းရည်နဲ့ မှတ်ဉာဏ်ကို သူမ အသက်ရှင်နေတဲ့ အချိန်ကလို ထိန်းသိမ်း ထားနိုင်လား….."

“ ပြီးပြည့်စုံအောင် ထိန်းသိမ်း ထားနိုင်တယ်။ ဝိညာဉ် မကျန်တာကလွဲရင် ကျန်တာ အရင်က အတိုင်းပဲ”

အမျိုးသမီးက ခေါင်းညိတ်ပြီး ပြန်ဖြေသည်။

“ဦးနှောက် ပျက်စီးသွားရင်ရော..”

လင်းဟွမ်က မမျှော်လင့်ထားသဖြင့် အံ့အော သင့်စွာ မေးလိုက်သည်။

“ ဒါဆိုလည်း ကိစ္စ မရှိဘူး။ ငါက သူ့ဝိညာဉ်ဆီကနေ အချက်အလက်တွေ ရယူနိုင်လို့

ဦးနှောက် ပျက်စီးတာပဲ ဖြစ်ဖြစ်၊ ပုပ်သွားတာပဲ ဖြစ်ဖြစ် ဘာသက်ရောက်မှုမှ မရှိနိုင်ဘူး”

“ လူ ဘယ်နှစ်လောက် တစ်ပြိုင်နက်တည်း ထိန်းချုပ်နိုင်လဲ..”

လင်းဟွမ်က ထပ်မေးလိုက်သည်။

“အမွေဆက်ခံထားတဲ့ မှတ်ဉာဏ်အရတော့ အရေအတွက် အကန့်အသတ် မရှိနိုင်ဘူး..”

မရဏ မယ်တော်၏ အဖြေသည် လင်းဟွမ်၏ မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့ပြီ။

"အရေအတွက် များလွန်းရင် ဝန်ထုပ်ဝန်ပိုး မဖြစ်နိုင်ဘူးလား.."

"မဖြစ်ဘူး.. ငါ ဝါးမျိုလိုက်တဲ့ ဝိညာဉ်နဲ့ ခန္ဓာကိုယ်တွေက ငါ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေ ဖြစ်လာတာနဲ့ တပြိုင်နက် ငါက ပိုပိုပြီး အားကောင်းလာတာပဲ"

"ဒါဆို ပြန်လည် ရှင်သန် ထမြောက်ခြင်း စွမ်းရည်ရဲ့ တိုက်ခိုက်ရေး အဆင့် ကန့်သတ်ချက်ကရော ဘယ်လောက်လဲ.."

“ ငါ့ရဲ့ ပြန်လည် ရှင်သန်ထမြောက်ခြင်း စွမ်းရည်ရဲ့ အမြင့်ဆုံး အဆင့်ကတော့ အင်ပါယာ ရွှေခရမ်းရောင်အဆင့်ပဲ.. သူတို့ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ နတ်ဘုရား စွမ်းအားကြောင့် နတ်ဘုရား တစ်ပိုင်းနဲ့ အထက် အဆင့်တွေကိုတော့ ပြန်လည်ရှင်သန် ထမြောက်အောင် ငါ မလုပ်နိုင်ဘူး။ ဒါကလည်း ငါ့ရဲ့ တိုက်ခိုက်ရေး အဆင့်က အခုမှ အင်ပါယာ ရွှေဖြူရောင်အဆင့်ပဲ ရှိနေသေးလို့ပါ။ အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင်တွေကို ပြန်လည်ရှင်သန် ထမြောက်အောင် လုပ်ရင် အချိန်

ပိုကြာမယ်.. စိတ်ဝိညာဉ်က ပိုပြီး အားကောင်းလေလေ ပိုကြာလေလေပဲ”

“ဒါဆိုရင် အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင်ကို ပြန်လည် ရှင်သန် ထမြောက်အောင် လုပ်ဖို့ရင် အချိန် ဘယ်လောက်ကြာကြာ ယူရမလဲ..”

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

“ အများအားဖြင့်တော့ (၃)မိနစ် ပတ်လည်ပဲ။ ဒါပေမယ့် ထူးချွန် ထက်မြတ်တဲ့ အထွတ်အထိပ် ပါရမီရှင်တစ်ယောက် ဆိုရင်တော့ အနည်းဆုံး (၁၀) မိနစ်လောက် အချိန်ယူရမယ်။ အဲ့ဒီလူက

သန္ဓေလေးကြိမ်ပြောင်း မွန်းစတားနဲ့ ယှဉ်နိုင်ရင်တော့ အနည်းဆုံး (၂) နာရီလောက် ကြာမယ်။ "

" တိုက်ခိုက်ရေး အဆင့် ကန့်သတ်ချက်ကြောင့် အခု လောလောဆယ်တော့ အင်ပါယာ ရွှေခရမ်းရောင်အဆင့် အများကြီးကို တပြိုင်နက်တည်း ပြန်လည် ရှင်သန် ထမြောက်အောင် မလုပ်နိုင်သေးဘူး။ တစ်ကြိမ်မှာ တစ်ယောက်ပဲ ရမယ်။ တကယ်လို့ ငါ့ရဲ့ တိုက်ခိုက်ရေး အဆင့်က အင်ပါယာ ရွှေခရမ်းရောင်အဆင့် ရောက်သွားရင်တော့ ပြဿနာ

မရှိတော့ဘူး။ အဲ့ဒီအချိန်ဆိုရင် ပြန်လည်ရှင်သန် ထမြောက်လာတဲ့ အရှိန်ကလည်း ဆယ်ဆ ပိုမြန် လာလိမ့်မယ်”

လင်းဟွမ်သည် မေးခွန်း အနည်းငယ် ထပ်မေးပြီးနောက် မရဏ မယ်တော်၏ စွမ်းရည် အကြောင်းကို ပိုမို နားလည်လာခဲ့သည်။ မရဏ မယ်တော်ကို ပြန်သိမ်းလိုက်သည်နှင့် ပြန်လည် ရှင်သန် ထမြောက်လာသော အမျိုးသမီးလည်း ပျောက်ကွယ်သွားကြောင်း တွေ့လိုက်ရသည်။

“ မရဏာမယ်တော်ရဲ့ စွမ်းရည်နဲ့ဆိုရင် မသေမျိုး စစ်တပ်တစ်ခု တည်ဆောက်ဖို့ အချိန်ဘယ်လောက်မှ ကြာမှာ မဟုတ်ဘူး”

သွေးရဲရဲလေးက အားကျသော အပြုံး ပြုံးပြီး ကြေငြာလိုက်သည်။

“ မင်းရဲ့ အရည်အချင်းနဲ့ သူ့ကို မနာလို ဖြစ်နေစရာမှ မလိုတာ။ ကပ်ပါးမျိုးစေ့တွေ ပစ်ထည့်ပြီးတော့ အလောင်းတွေကို ထိန်းချုပ်တာကလည်း ပြန်လည် ရှင်သန် ထမြောက် လာသလိုပဲလေ….”

လင်းဟွမ်က နှစ်သိမ့်လိုက်သည်။ သွေးရဲရဲလေးက ထိုအကြောင်းအရာပေါ်တွင် ဆက်ပြီး ဖက်တွယ် မနေတော့ဘဲ သူတို့လက်ထဲက အရေးကြီးသော အရာများကို အာရုံစိုက်လိုက်သည်။

“ အခု ကိုယ်စားလှယ်လောင်း အားလုံးကို ရှင်းပြီးပြီ ဆိုတော့ နောက်တစ်ဆင့်က အကျဉ်းသား အားလုံးကို ရှင်းပစ်ရမှာပေါ့”

“ဒီအကျဉ်းသား အားလုံးကို ဘယ်လို စုစည်းမလဲ.... မင်းမှာ အကြံရှိလား..”

လင်းဟွမ်သည် လွန်ခဲ့သော ရက်ပိုင်းကတည်းက ဤအကြောင်းကို စဉ်းစားနေခဲ့သော်လည်း သေချာရေရာသည့် အစီအစဉ်ကို ခုထိ မချမှတ်နိုင်သေးပေ။

"လွယ်ပါတယ်။ သူတို့ကို ဟိုမန်ပွဲတော် စီစဉ်ပေးလိုက်ပေါ့.."

သွေးရဲရဲလေးက နောက်ပိုင်းတွင် ဆက်လုပ်ပြုလုပ်ရမည့် အစီအစဉ်များကို အသေးစိတ်ပြောပြလိုက်သည်။

သူတို့နှစ်ယောက်သည် ဟိုမန်ပွဲတော်နှင့် ပက်သက်သည့် အသေးစိတ် အချက်အလက်များကို မနက် ရောက်သည် အထိ ဆွေးနွေးခဲ့ကြသည်။

ည (၁၀) နာရီ ထိုးခါနီးတွင် လင်းဟွမ်က အကြီးအကဲ သုံးယောက်ကို အမိန့်ထုတ်ပြန်စေရန် အိပ်မက်ဆိုး ကြုံ့သူတော်အား ခိုင်းလိုက်၏။

ည (၁၀) နာရီတွင် အကြောင်း ကြားချက်များ အတူတူ ထွက်ပေါ်လာသည်။

"ကိုယ်စားလှယ်လောင်းတွေကို သုတ်သင်ရှင်းလင်းတဲ့ ပူးပေါင်း ဆောင်ရွက်မှုက တရားဝင်ပြီးဆုံးသွားခဲ့ပြီ"

"လူတိုင်းကို ဂုဏ်ပြုပါတယ်"

ဒါက ငါတို့ နယ်မြေထဲမှာရှိတဲ့ မင်းဆက်တွေအားလုံးကို ရှင်းပစ်နိုင်တာ ပထမဦးဆုံးအကြိမ်ပဲ"

"ငါတို့ အကြီးအကဲ သုံးယောက်ကနေ ဒေသဆိုင်ရာ အကြီးအကဲတွေနဲ့ လက်ထောက်အကြီးအကဲတွေ ၊ အကျဉ်းသားတွေ အပါအဝင် အားလုံးကို နောက်တစ်နေ့ မနက် (၁၀) နာရီ

ထိုက်တန် တောင်ခြေမှာ ပွဲတော်လုပ်ဖို့ တရားဝင် ဖိတ်တယ်။"

" အဲ့ဒီအချိန်ကျရင် လူတိုင်းက အမဲလိုက်လို့ရတဲ့ အသားတွေကို တင်ပြရမယ်။ ရထားတဲ့ သားကောင် အရေအတွက်ပေါ် မူတည်ပြီး ထိပ်ဆုံး နယ်မြေ သုံးခုကို အဆင့် သတ်မှတ်ပေးမယ်။ အဆင့် သတ်မှတ်ပြီးမှပဲ စောစောက သတ်မှတ်ထားတဲ့ ခွဲဝေမှု အစီအစဉ်ကို ချမှတ်ပေးမယ်"

"အေး.. တကယ်လို့ အဲ့ဒီအချိန် ပွဲမတက်ဘဲ အသားတွေ ဝှက်ထားမယ်ဆိုရင် အကြီးအကဲ

သုံးယောက်က မင်းတို့ရဲ့ အိမ်တံခါးတွေကို လိုက်ခေါက်ရလိမ့်မယ်။ အသားတွေ အားလုံးလည်း သိမ်းဆည်းခံရမယ်၊ အနှစ်တစ်ရာ အစာနဲ့ရေ မရတဲ့အပြင် အသားတွေ ပေးဖို့ ငြင်းတဲ့လူက အကြီးအကဲ သုံးယောက် ရောက်တာနဲ့ ပွဲချင်းပြီး သတ်ခံရမယ်….”

……

သတိပေးချက် ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် လှည့်ကွက်လုပ်ရန် ကြိုးစားနေသော လူများက သူတို့၏ အစီအစဉ်များကို ဖျက်သိမ်း

လိုက်ကြသည်။ အကြီးအကဲ သုံးယောက် သူတို့ထံ မရောက်လာ စေချင်သလို နှစ်တစ်ရာ အစာနှင့်ရေ ဖြတ်တောက်ခြင်းလည်း မခံချင်ပေ။

သတိပေးချက်က ကြမ်းတမ်းသော စကားလုံးများနှင့် ပြည့်နှက် နေသောကြောင့် ထိုနေရာတွင် လာရောက်၍ လူစုရန် တောင်းဆိုခဲ့သော တောင်းဆိုချက်က ထူးဆန်းနေသော်လည်း လူအများက အဆိုပါ သတိပေးချက်၏ စစ်မှန်မှုအပေါ် သံသယ မဖြစ် ခဲ့ကြပေ။

အလားတူ ဖြစ်ရပ်မျိုး ယခင်ကလည်း ဖြစ်ခဲ့ဖူးသည်။ အကြီးအကဲ သုံးယောက်က ဤကဲ့သို့ စိန်ခေါ်မှုမျိုး ပြုလုပ်သည်မှာ ဒါ ပထမဦးဆုံး အကြိမ် မဟုတ်တော့ပေ။

ထို့အပြင် သူတို့သုံးယောက်က ယခင်ကတည်းက ဆွေးနွေးခဲ့ကြောင်း သက်သေပြနေသည်။ သတိပေးချက်ကိုလည်း အတူတူ ထုတ်ပြန်ခဲ့သောကြောင့် အတု ဖြစ်နိုင်ချေမှာ သုညနီးပါး ဖြစ်နေသည်။

အကြီးအကဲ သုံးယောက်ကို တစ်ယောက်ယောက်က ထိန်းချုပ် ထားလိမ့်မည်ဟု သူတို့ မထင်ကြပေ။

သတိပေးချက် ထွက်ပေါ်လာသည်နှင့် တပြိုင်နက် လူအများစုသည် ထိုက်တန်တောင်ခြေသို့ တိုက်ရိုက် ထွက်ခွာလာကြသည်။

အကြီးအကဲသုံးယောက်၏ လက်အောက် အဖွဲ့အစည်းထဲတွင် မရှိသော တန်ခိုးရှင် အနည်းငယ်ကမူ ထိုသတိပေးချက်ကို မြင်သောအခါ အနည်းငယ် မျက်မှောင် ကြုတ်သွားသည်။

တစ်ယောက်နှင့် တစ်ယောက် ချက်ချင်း ဆက်သွယ်ကြကာ

"လင်းဟုန်နဲ့ ကျန်တဲ့လူတွေ ပို့လိုက်တဲ့ အကြောင်း ကြားစာကို မင်းတို့ သချာပေါက် တွေ့လိုက်တယ် မဟုတ်လား.."

"တွေ့တယ်.. ငါ တို့ကို စောင်းပြောနေတာ သေချာတယ်"

"လူအုပ်နောက်ကို လိုက်တဲ့အချိန်မှာ အလောင်း နည်းနည်းပဲ ရခဲ့တာ မဟုတ်လား.. ဒီအလောင်းတွေ

အားလုံးကို လွှတ်ပေးထားလိုက်ရင်တောင် သူတို့အတွက် ပါးပါးလေးပါ။”

“ဒါ အသားကိစ္စနဲ့ ဘာမှမဆိုင်ဘူး။ ဒီကောင် သုံးကောင်က သူတို့ရဲ့ အာဏာကို ချီးမြှောက်ခံဖို့ ဒီအခွင့်အရေးကို အသုံးချနေတာ”

“ငါတို့ သွားမှာလား.. တကယ်လို့ မသွားရင် ငါတို့ဆီ လိုက်လာနိုင်ပေမယ့် ကြေငြာချက်ကို နားထောင်ရတာ ဆိုးတော့ မဆိုးဘူး”

“ဒါပေါ့ သွားရမှာပေါ့။ မသွားလိုက်ရင် ငါတို့ကို တိုက်ခိုက်ဖို့ အကြောင်းပြချက် ပေးသလို

ဖြစ်သွားလိမ့်မယ်။ ငါတို့ကလည်း စည်းမျဉ်းအတိုင်း ပြန်ကစား ကြတာပေါ့..”

“အေး.. အဲ့ဒီမှာ ပြဿနာ တစ်ခုခု ပေါ်လာရင်လည်း ငါတို့ အတူတူ ပူးပေါင်းပြီး ဝိုင်းသတ်ကြမယ်။ ဘယ်သူ သေမလဲ ကြည့်ကြတာပေါ့”

“ဘယ်လို လှည့်ကွက်တွေ ထုတ်လာမလဲ ဆိုတာ ကြည့်လိုက်ကြတာပေါ့”

……

ဤသတိပေးချက်က အလွန် ပြင်းထန်သော ဖိနှိပ်မှုအာဏာ သက်ရောက်ခဲ့သည့်မှာ အထင်အရှားပင်။ အများအားဖြင့် ပုန်ကန်ချင်သော လူများပင် ဤတစ်ကြိမ်၌ ဘာမှ မပြောကြပေ။

လင်းဟုန်နှင့် ထိပ်တိုက် တိုက်ခိုက်ရန် အရည်အချင်း ရှိသည့် လူအနည်းစုကပင် ခြေတစ်လှမ်း နောက်ဆုတ်ရန် ရွေးချယ်ခဲ့ကြသည်။

သူတို့၏ ကိုယ်ပိုင် အရည်အချင်းက မည်မျှပင် အစွမ်း ထက်နေစေကာမူ လင်းဟုန်နှင့် ကျန်သည့် လူများဘက်တွင် အရေအတွက်

ပိုများနေသောကြောင့် မယုံနိုင်ပေ။ အမှန်တကယ် တိုက်ခိုက်ကြမည် ဆိုလျှင် သူတို့ဘက်မှ အသားစီး မရနိုင်ပေ။

လင်းဟွမ်နှင့် သွေးရဲရဲလေးတို့က အကြောင်းကြားချက် ထုတ်ပြန်ပြီးနောက် စိတ်ရှည်ရှည် စောင့်ဆိုင်း နေကြသည်။

## အခန်း(၉၆၉) - ငါတို့တွေ မာနကြီးနေမယ့် အစားနှိမ့်ချပြီး နေထိုင်သင့်တယ်

ထိုက်တန် တောင်တန်းသည် ဒေသသုံးခုကို ကြားဖြတ်လျက် တည်ရှိ၏။ ဒါသည် ဒေသသုံးခုကြား ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်ရန် သတ်မှတ်ထားသော နေရာတစ်ခု ဖြစ်ခဲ့သည်မှာ နှစ်ထောင်ပေါင်း များစွာ ကြာခဲ့ပြီ။

မနက် (၉) နာရီ ကျော်...

ထိုက်တန် တောင်ခြေတွင် လူများ ပြည့်ကျပ် နေသည်။ အများစုက မနေ့ည ကတည်းက ခြေလျင် လျှောက်လာကြပြီး တစ်ညလုံး စောင့်ဆိုင်း နေခဲ့ကြသည်။ လွန်ခဲ့သော နှစ်ရက်က အသတ်ခံရသည့် လူအနည်းစုမှ လွဲ၍ အခြေခံအားဖြင့်တော့ အကျဉ်းထောင် တစ်ခုလုံးတွင် အကျဉ်းကျနေသော အကျဉ်းသား တစ်သိန်း၏ ၉၉ ရာခိုင်နှုန်းသည် ဤနေရာတွင် ရှိနေကြသည်။

အခြားတစ်ဖက်တွင်မူ လင်းဟွမ်က မနက်စာ အဆာပြေ စားသုံးပြီးနောက် ထိုနေရာသို့ အေးအေး ဆေးဆေး ရောက်ရှိလာသည်။

သို့သော်လည်း အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက အနိမ့်အမြင့် ဒိုင်မေးရှင်းထဲတွင် ပုန်းနေသောကြောင့် မည်သူမျှ မမြင်နိုင်ပေ။

အကြီးအကဲများ မရောက် လာသေးသောကြောင့် ရောက်နေကြသည့် လူများသည် သူတို့အချင်းချင်း အေးအေးဆေးဆေး စကား ပြောဆိုနေကြသည်။

ဒေသဆိုင်ရာ အကြီးအကဲ အချို့ပင် ဤတစ်ကြိမ် ကျင်းပသော ပွဲတော်အကြောင်း ပြောဆိုနေကြသည်။

“ ဟော့ကောင်တွေ.. အကြီးအကဲ သုံးယောက်က ဒီလိုလုပ်တာ ဘာကြောင့်လို့ ထင်လဲ။ သတ်မှတ်ထားတဲ့ အတိုင်း အသားတွေကို ခွဲပေးရင် သူတို့ အသားအများကြီး မကျန်တော့ဘူး မဟုတ်လား”

“ပျင်းနေလို့ ငါတို့ကို သက်သက် ညှင်းပန်းနှိပ်စက်နေတယ် လို့တော့ ထင်တာပဲ”

"တခြား ဘာဖြစ်အုံးမှာလဲ... နောက်ဆုံးအချိန် အာဏာပြခဲ့တာ မှတ်မိသေးလား.."

"အာဏာပြခဲ့တဲ့ အကြောင်း မပြောပါနဲ့တော့.. ဒီအကြောင်း ပြောရင် ငါ ဒေါသထွက်လွန်းလို့.."

"အေးပေါ့.. မင်းတို့နယ်မြေက နောက်ဆုံး ရတာကို.. ဘာလဲ ဒီတစ်ကြိမ်လည်း နောက်ဆုံး နေရာအတွက် တိုက်ပွဲဝင်ဦး မလို့လား.."

"ဟော့ရောင်... ခွေးမသား.. မင်း တခြားအကြောင်း ပြောလို့ မရတော့ဘူးလား.. နောက်တစ်ခေါက်

ထပ်ပြောရင် ခေါင်းဆောင်ကျန်း ငါ့ကို သတ်လိမ့်မယ်..”

“ဒီတစ်ကြိမ် တော်ဝင် စမ်းသပ်မှုမှာ ကိုယ်စားလှယ်လောင်း အားလုံးကို ငါတို့ ရှင်းပစ်လိုက်လို့ မင်းဆက်က ကောင်တွေ ရှုံးသွားမယ် ထင်တာပဲ”

“ဒီလိုမျိုး စမ်းသပ်တဲ့ နေရာက ထောင်ပေါင်းများစွာ ရှိတယ်။ ဒီနေရာက အဲ့ဒီထဲက တစ်ခုပဲ။ ငါတော့ မထင်ဘူး။ နောက်ပြီးတော့ ကိုယ်စားလှယ်လောင်းတွေ ကျရှုံးတယ် ဆိုတာလည်း

ပုံမှန်ပဲလေ။ ကိုယ်စာလှယ်လောင်း တစ်ယောက်က အနည်းဆုံး အမှတ် (၁,၀၀၀) ရှိရမယ်ဆိုတဲ့ အခြေအနေနဲ့ တူမှ မတူတာ..”

“ငါလည်း မထင်ဘူး။ နောက်ပြီးတော့ (D) အဆင့် စမ်းသပ်တဲ့ နေရာလေး တစ်ခုပဲ။ ကိုယ်စားလှယ်လောင်းတွေက ဒီစမ်းသပ်မှုကို အောင်မြင်ရင်တောင် အများဆုံးမှ (D)အဆင့်ပဲ ရမှာ။ မင်းဆက် အဖွဲ့ဝင်ထဲမှာ အဆင့် (D) ခွင့်ပြုချက် အောင်ထားတဲ့ လူ အနည်းဆုံး သန်းပေါင်းများစွာ ရှိတယ်။ သူတို့က (D) အဆင့်လေး

တစ်ယောက် ပိုနည်းသွားလို့ ဂရုစိုက်မယ့်လူမျိုးတွေ မဟုတ်ဘူး”

......

လင်းဟုန်နှင့် အခြားလူနှစ်ယောက် ဤနေရာသို့ ရောက်လာသောအခါ မနက် (၉) နာရီ (၅၅) မိနစ် ဖြစ်နေပြီ။

သူတို့ သုံးယောက် ထွက်ပေါ်လာသည်နှင့် တပြိုင်နက် တောင်ခြေတွင် စုဝေးနေသော လူအားလုံး တိတ်ဆိတ် သွားကြသည်။ ထို့နောက်

သူတို့၏ သက်ဆိုင်ရာ အဖွဲ့ အသီးသီးသို့ ပြန်သွားကြသည်။

"ကဲ.. ဝေ့ဝိုက် မနေတော့ဘူး.. ဒေသဆိုင်ရာ အကြီးအကဲတွေ ဒီနေရာမှာ မရောက်သေးတဲ့လူကို စာရင်း ကောက်၊ ပျက်ကွက်စာရင်း တင်ပေး။ မနက် (၁၀) နာရီ မထိုးခင် ရောက်လာတဲ့ လူစာရင်းကို စာရင်းထဲ မထည့်နဲ့။ (၁၀) နာရီနောက်ပိုင်း ရောက်တဲ့ လူတွေကို ကိုင်တွယ်မယ်။ သူတို့တွေရဲ့ အသားကို သိမ်းမယ်၊ နှစ်တစ်ရာ အစာနဲ့ရေ မပေးဘူး.."

ဒေသဆိုင်ရာ အကြီးအကဲ တော်တော်များများသည် ကျိုးကူနှင့် လင်းဟုန်ကို လေးလေးနက်နက် ကြည့်လိုက်ကြသည်။

သူတို့နှစ်ယောက်လုံးက သူတို့လက်အောက်မှ ဒေသဆိုင်ရာ အကြီးအကဲများကို ခေါင်းညိတ်ပြလိုက်သည်။

"အကြီးအကဲလင်း ပြောတဲ့အတိုင်း လုပ်လိုက်.."

အကြီးအကဲ နှစ်ယောက် ပြောပြီးသည်နှင့် တပြိုင်နက် ဒေသဆိုင်ရာ အကြီးအကဲများနှင့်

ဒေသဆိုင်ရာ လက်ထောက် အကြီးအကဲများက တစ်ပြိုင်နက် စတင် လုပ်ဆောင်ကြသည်။

အချိန်မီ ရောက်လာခဲ့ကြသော အကျဉ်းသားများက နောက်မကျခဲ့သဖြင့် ကျိတ်ပြီး ရင်အေးသွားသည်။

မနက် (၁၀) နာရီ ထိုးခါနီးတွင် လင်းဟုန်နှင့် ကျန်သည့်လူများထက် အားနည်းခြင်း မရှိသော အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင် လေးယောက် ရောက်လာကြသည်။ လင်းဟုန်တို့ကို

လှမ်းကြည့်သော သူတို့ မျက်လုံးထဲတွင် အနည်းငယ် ရန်စချင်သော အမူအရာမျိုး ရှိနေသည်။

သို့သော်လည်း လင်းဟုန်နှင့် ကျန်သည့် လူနှစ်ယောက်သည် အိပ်မက်ဆိုး ကြံ့သူတော်၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသောကြောင့် သူတို့ကို ဘာမှ မလုပ်ကြပေ။

(၁၀) နာရီကျော်သွား သွားသည်နှင့် တပြိုင်နက် လင်းဟုန်က ထပြောလိုက်သည်။

"မရောက်သေးတဲ့ လူတွေကို မနေ့ညက ချမှတ်ပေးထားတဲ့ ပြစ်ဒဏ်တွေ ချမှတ်မယ်.."

(၁၀) မိနစ်ခန့် ကြာသောအခါ ဒေသဆိုင်ရာ အကြီးအကဲ (၃၅) ယောက်ထဲတွင် သုံးယောက် စာရင်း တင်ပြလာသည်။ ကျန်သည့် ဒေသဆိုင်ရာ အကြီးအကဲများကလည်း တစ်ယောက်ပြီး တစ်ယောက် စာရင်း တင်ပြလာသည်။

စာရင်းထဲတွင် နာမည် လေးယောက်သာ ရှိသည်။ ထိုလေးယောက်ထဲမှ တစ်ယောက်သည် စာရင်း ပေးပြီးမှ (၃) မိနစ် နီးပါးခန့် နောက်ကျပြီး ရောက်လာသည်။

အကြီးအကဲ သုံးယောက်က နာမည်စာရင်းကို အော်ဖတ်သောအခါ အကျဉ်းသားများသည် သူတို့နှင့် သိနေသော လူများကို လှည့်ကြည့်ကြသည်။ သူတို့ထဲမှ အများစု မျက်နှာပေါ်တွင် လှောင်ပြောင် သရော်နေသော အမူအရာများ ရှိနေပြီး လူနည်းစု၏ မျက်လုံးထဲတွင်သာ စာနာသနားသော အရိပ်အယောင်များ ပေါ်နေသည်။

"အကြီးအကဲ ကျေးဇူးပြုပြီး ငါ့ကို အခွင့်အရေး တစ်ကြိမ်လောက် ထပ်ပေးပါ။ ဒီကို အချိန်မီ

ထွက်လာခဲ့ပေမယ့် လမ်းမှာ မွန်းစတားတစ်ကောင် ငါ့ကို လိုက်ဖမ်းနေလို့ နောက်ကျသွားတာပါ.”

အရပ်ပုပြီး ဗလတောင့်တင်းသော ကျန်းထူက ခံစားချက်ကင်းမဲ့သော မျက်နှာနှင့် ပြောလိုက်သည်။

“မင်းက အရွယ်ရောက်ပြီးသား လူပဲ၊ အရွယ်ရောက်တဲ့ လူတွေက အမှားလုပ်မိရင် အမှားအတွက် ပေးဆပ်ရမယ်.. ဒီအတွက် စောဒက တက်နေစရာ မလိုဘူး။ မင်း ဘာအကြောင်းပြချက်ပဲ ပေးပေး ငါတို့ ချမှတ်ထားတဲ့ စည်းကမ်းကို မင်း ချိုးဖောက်လိုက်ပြီ။”

“ ငါတို့က ဒီတစ်ကြိမ် လျှော့ပေးလိုက်ရင် နောက်တစ်ကြိမ် ရောင့်တက်လာဦးမှာ.. ဒါဆိုရင် နောက်ပိုင်းမှာ လူတွေက စည်းကမ်းဖောက်ဖျက်လို့ ရတယ်ဆိုပြီး ထင်ကုန်မှာပေါ့… ကဲ ဒီတော့ ပြစ်ဒဏ်ကို ကျေကျေနပ်နပ် လက်ခံလိုက်.. အေး။ တကယ်လို့ စောဒက ထပ်တက်ရင် မင်းကို ငါ သတ်ရလိမ့်မယ်..”

စောဒက တက်ချင်နေသော လူများသည် ချက်ချင်း ပါးစပ် ပိတ်သွားကြသည်။ နောက်ထပ် တစ်ခွန်းမှ မပြောရဲတော့ချေ။

"ပွဲတော် ပြီးတာနဲ့ အခုချိန်ထိ မရောက်လာသေးတဲ့ လူသုံးယောက်ကို သွားကြည့်မယ်.."

ကျန်းထူက ထိုစကားပြောရင်း လူတိုင်းကို တစ်ချက် ဝေ့ကြည့်လိုက်သည်။ သူ့သတိပေးချက်ကြောင့် လူတော်တော် များများ ကျောတွန့်သွားကြသည်။

"ကောင်းပြီ.. အသားခွဲဝေမှုကို တင်သွင်းမှုနဲ့ စမယ်။ ဒေသတစ်ခုချင်းစီက ရခဲ့တဲ့ အသားတွေကို မင်းတို့ရဲ့ ဒေသဆိုင်ရာ အကြီးအကဲတွေဆီ

လွှဲပြောင်းပေးကြ။ ဒေသဆိုင်ရာ အကြီးအကဲတွေက စာရင်း မှတ်မယ်၊ တွက်ချက်မယ်၊ တာဝန်ယူမယ်။ "

" တွက်ချက်ပြီးတဲ့ အချက်အလက်သုံးခုကို မင်းတို့ရဲ့ အကြီးအကဲတွေဆီ ပို့ပေး။ ငါတို့သုံးယောက်က နံပါတ်ကို အတည်ပြုပေးမယ်။ မလိမ်နဲ့.. အချက်အလက်ထဲမှာ လိမ်နေတာ တစ်ခုခု တွေ့တာနဲ့ ဘယ်သူပဲ ဖြစ်ဖြစ် အဲ့ဒီ နယ်မြေတစ်ခုလုံးက အသားတွေ အကုန်လုံး သိမ်းမယ်"

လှည့်စားရန် ကြံစည်နေကြသော ဒေသဆိုင်ရာ အကြီးအကဲ အားလုံးသည် နောက်ဆုံး စကားကို ကြားသောအခါ နာခံမှုရှိစွာနှင့် စာရင်းသွင်း ကြတော့သည်။

လင်းဟွမ်သည် မွန်းတည့်သည့် အချိန်အထိ အနိမ်အမြင့် ဒိုင်မေးရှင်းထဲတွင် တစ်ချိန်လုံး ရှိနေခဲ့သည်။ ထောင်ပေါင်းများစွာသော အလောင်းများကို လူတိုင်းက စာရင်းသွင်းပြီး ချုပ်ထားသည်ကို မြင်ပြီးနောက် အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက သူ့ကို လွှတ်ပေးလိုက်သည်။

အကြီးအကဲသုံးယောက် ဘေးနားတွင် လင်းဟွမ် ရုတ်တရက် ပေါ်လာသောအခါ အားလုံး အံ့အား သင့်သွားသည်။ ထိုလူက ကိုယ်စားလှယ်လောင်း ဖြစ်နေကြောင်း သိလိုက်သောအခါ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်၏။ သို့သော်လည်း အကြီးအကဲ သုံးယောက်က သူ့ကို လျစ်လျူရှုထားကြောင်း တွေ့လိုက်ရလျှင် အံ့အောသင့်သွားသည်။

"ကဲ အားလုံးပဲ ကောင်းကောင်း အိပ်ကြ.."

လင်းဟွမ်က လက်ဖျောက်တီး၍ ပြောလိုက်လျှင် သူ့ဘေးက အိပ်မက်ဆိုးကြွံသူတော်က အကျယ်ကြီး

ဟိန်းဟောက် လိုက်သည်။ အသံလှိုင်းသည် အသံ၏ အမြန်နှုန်းထက် အဆတစ်ရာ နီးပါး ပိုမြန်သောနှုန်းဖြင့် ပျံ့နှံ့သွားသည်။ အသံလှိုင်း ဖြတ်သွားသည့် နေရာတိုင်းမှ အကျဉ်းသားများ မြေပေါ် လဲကျသွားကြသည်။

လင်းဟုန်နှင့် တိုက်ခိုက်ရေး အဆင့်တူသော အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင် အနည်းငယ်ကသာ ကျန်သည့် လူများထက် ပိုမြန်သော တုံ့ပြန်မှုကို ပြုလုပ်နိုင်ခဲ့ကြသည်။

သူတို့က လင်းပွမ်ကို တိုက်ခိုက်ရန် ကြိုးစားခဲ့ကြသည်။ သို့သော်လည်း မည်မျှပင် လျင်မြန်စေကာမူ အိပ်မက်ဆိုး ကြံ့သူတော်၏ အသံလှိုင်း တိုက်ခိုက်မှုထက် နောက်ကျနေသေးသည်။ အသံလှိုင်း ဖြတ်ကျော်သွားသည်နှင့် တပြိုင်နက် သူတို့အားလုံး လေထဲမှာပင် ခွေးကျ ဝက်ကျ ကျသွားခဲ့သည်။

တစ်စက္ကန့် မပြည့်ခင် အချိန်မှာပင် အကျဉ်းသားတစ်သိန်းခန့်သည် အိပ်မက်ဆိုး ကြံ့သူတော်၏ အိပ်မက်နယ်မြေထဲ ကျရောက် သွားသည်။

အိပ်မက်ဆိုး ကြွံသူတော်က လူတိုင်း၏ စိတ်ကို တစ်နာရီကျော် ကြာအောင် ဖတ်ကြည့်ပြီးနောက် လူတိုင်းကို ထာဝစဉ် အိပ်ပျော်စေလိုက်သည်။

ထို့နောက် လင်းဟွမ်က မရဏမယ်တော်ကို ဆင့်ခေါ်ပြီး အသိစိတ်လွတ်နေသော လူများကို သိမ်းပိုက်စေခဲ့သည်။

အစပိုင်းတွင် မရဏ မယ်တော်သည် ဘတ်စကတ်ဘော အရွယ်အစား အရည်လုံးလေး ပုံစံ ရှိနေရာမှ အနက်ရောင် မြစ်ကြီး တစ်စင်းအလား ပြောင်းလဲပြီး စီးဆင်းသွားသည်။

အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင်အားလုံး မှလွဲ၍ ကျန်သည့် အကျဉ်းသား အားလုံးကို ဝါးမျိုသွားခဲ့သည်။

တစ်နာရီ မပြည့်ခင် အချိန်မှာပင် ကိုယ်စားလှယ်လောင်း လေးထောင်နှင့် အိပ်မက်ထဲတွင် နက်နက်ရှိုင်းရှိုင်း အိပ်မောကျနေသော အကျဉ်းသား တစ်သိန်းတို့သည် ပြန်လည်နိုးထလာကြသည်။ သို့သော်လည်း သူတို့၏ မျက်လုံးများက မှင်ဆေး ဆိုးထားသကဲ့သို့ နက်မှောင်နေ၏။

မရဏာ မယ်တော်သည် လက်ကျန် အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင် (၁၈၀) ကျော်ကို ဝါးမျိုရန် နေ့ရောညပါ အချိန်ယူခဲ့ရသည်။

အကြီးအကဲ သုံးယောက်ကိုမူ အကြာဆုံး အချိန်ယူခဲ့ရပြီး နာရီဝက်ကျော်ကြာအောင် အချိန်ယူပြီးနောက် ပြန်လည် ရှင်သန် ထမြောက် လာကြသည်။

လင်းဟွမ်သည် လူတစ်သိန်း တစ်သောင်း နီးပါးခန့်ရှိသော သူ၏ အင်ပါယာအဆင့် စစ်တပ်ကြီးကို ကြည့်ပြီး ဝမ်းသာပီတိ ဖြစ်နေသည်။

ဤကဲ့သို့ စစ်တပ် အဖွဲ့အစည်းမျိုးက ကျောက်စရစ်ခဲကမ္ဘာတွင် ရှိသော မည်သည့် အဖွဲ့အစည်းကိုမဆို ရှင်းပစ်ရန် လုံလောက်နေသည်။

သို့သော်လည်း မကြာခင် သွေးရဲရဲလေးက သူ့စိတ်ကူးကို ပျက်ပြားစေခဲ့သည်။

“မလုံလောက်မှာဘဲ စိုးရိမ်တာ။ ငါတို့မှာရှိတဲ့ အင်ပါယာအဆင့် တန်ခိုးရှင် အရေအတွက်က ဘယ်အဖွဲ့အစည်းထက်မဆို သာလွန်နေပေမယ့် အထွတ်အထိပ် တိုက်ခိုက်ရေး အစွမ်း ပိုင်ဆိုင်ထားတဲ့

နတ်ဘုရားတစ်ပိုင်းတွေက ငါတို့ဘက်မှာ ရှားပါးနေတုန်းပဲ။ “

“ ပြည်ထောင်စု အစိုးရလို အဖွဲ့အစည်း တစ်ခုတည်းမှာတောင် နတ်ဘုရားတစ်ပိုင်း အဆင့်က အနည်းဆုံး (၁၅) ယောက်လောက် ရှိလိမ့်မယ်၊ မုဆိုးအဖွဲ့အစည်းမှာ (၁၀) ယောက်ကျော် ရှိမယ်၊ မင်းဆက်မှာတောင် ငါးယောက်ထက် ပိုများနေမှာ အသေအချာပဲ ။ ပြီးတော့ ရှေးရှေးကတည်းက ပုန်းနေတဲ့ လူတွေလည်း ရှိဦးမှာ..”

သွေးရဲရဲလေး၏ စကားက လင်းဟွမ်အား ရေခဲရေနှင့် လောင်းချလိုက်သလို သူ့မာနများ အေးခဲသွားစေသည်။

“အင်း.. မာနကြီးနေမယ့် အစား နှိမ့်နှိမ့်ချချ နေသင့်တယ်..”

## အခန်း(၉၇၀) - အလောင်းတွေ အားလုံးကို သူနဲ့အတူ ယူသွားတာလား..

မရဏာမယ်တော် လက်အောက်က အင်အား တစ်သိန်းတစ်သောင်း ရှိသော စစ်တပ်သည် လင်းဟွမ်၏ အမိန့်အတိုင်း အကျဉ်းသားများ၏ နေရာများကို ပြေးသွားကြသည်။ သူတို့သည် အသိုက်ထဲမှ လုယက်မှုများကို ရှာဖွေမွှေနှောက် ယူငင်ကြသည်။

အများစုတွင် သိုလှောင်ပစ္စည်းများ မရှိသော်လည်း မရဏ မယ်တော်က အရည်ပုံစံ ပြောင်းလဲကာ ပစ္စည်းအားလုံးကို ဝါးမျိုပြီး သူ့ခန္ဓာကိုယ်အတွင်းတွင် ခဏ သိမ်းဆည်း ထားလိုက်သည်။

မသေမျိုး စစ်တပ်က ရှာဖွေ ယူငင်နေကြစဉ် မရဏ မယ်တော်က စစ်တပ် အဖွဲ့ဝင်များ၏ မှတ်ဉာဏ်များကို သွေးရဲရဲလေးနှင့် မျှဝေခဲ့သည်။ သွေးရဲရဲလေးက ရွေးချယ် စီစစ်ပြီးနောက် အသုံးဝင်သော အချက်အလက်များကို လင်းဟွမ်ထံ မျှဝေပေးလိုက်သည်။

လင်းဟွမ်က သူ့ခေါင်းထဲမှ မှတ်ဉာဏ် ပင်လယ်ကြီးကို အစာချေဖျက်နေရင်း တစ်နာရီကျော် ကြာသောအခါ မသေမျိုးစစ်တပ် ပြန်လည် ရောက်ရှိလာသည်။ သူတို့ သိမ်းဆည်းထားသော ပစ္စည်းများကို လင်းဟွမ်ထံ ပြန်ပေးလိုက်သည်။ သူတို့သည် ပစ္စည်းများအပြင် နယ်မြေ (၃၅) ခုက ရတနာသိုက်များကိုလည်း အမြစ်ပြတ် သယ်ဆောင် လာခဲ့ကြသည်။။။

ထို့အပြင် ကိုယ်စာလှယ်လောင်း (၄,၀၀၀) ကျော်၏ သိုလှောင် ပစ္စည်းများကလည်း လင်းဟွမ် အပိုင် ဖြစ်လာခဲ့ပြီ။

လင်းဟွမ်သည် သူတို့ တစ်ယောက်ချင်းစီထံမှ လက်နက်များနှင့် ချပ်ဝတ်တန်ဆာ အစုံအလင် ရရှိခဲ့သည်။

လင်းဟွမ်သည် လုယက် ရှာဖွေပြီးနောက် ပွဲတော် မတက်သည့် အကျဉ်းသား သုံးယောက်ကို အလွတ် မပေးရန် ဆုံးဖြတ်ခဲ့သည်။ သူက မရဏမယ်တော် ထိန်းချုပ်ထားသော အကြီးအကဲ သုံးယောက်နှင့်

ဒေသဆိုင်ရာ အကြီးအကဲများ၊ လက်ထောက် အကြီးအကဲများ ပါသော အဖွဲ့ကို ထိုလူသုံးယောက်အား သတ်ဖြတ်ရန် စေလွှတ်လိုက်သည်။

ကီလိုမီတာ ထောင်ပေါင်း များစွာဝေးသော နေရာမှ အကျဉ်းသား သုံးယောက် သေဆုံးသွားသောအခါ လင်းဟွမ်ရှေ့တွင် စနစ်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

“လက်ကျန် ကိုယ်စားလှယ်လောင်း - (၁)”

“လက်ကျန် အကျဉ်းသား - (၀)”

"အကျဉ်းသားအားလုံး အသတ်ခံရတဲ့ အချိန်မှာ စမ်းသပ်မှု တရားဝင် ပြီးဆုံးသွားပါပြီ"

"စမ်းသပ်မှု ရလဒ်ကို တွက်ချက်နေပါတယ်"

"ကိုယ်စားလှယ်လောင်း - လင်းဟွမ်"

"လိင် - ကျား"

"အသက် - ၁၈"

"တိုက်ခိုက်ရေး အဆင့် - အင်မော်တယ် အဆင့် (၇) (ကိုယ်စားလှယ်လောင်းရဲ့ ကျင့်ကြံမှု အဆင့်က

စနစ်ရဲ့ စမ်းသပ်မှုအတွက် အရည်အချင်း ပြည့်မီတယ်)"

"အရည်အချင်း အကဲဖြတ်မှု - အဆင့် (A)"

"အခြေခံ ရမှတ် - (၅၅၂,၈၃၁) မှတ်"

"ဆုလဒ် အမှတ် (ဒေသဆိုင်ရာ အကြီးအကဲကို သတ်ဖြတ်ခြင်း) - ၇၈,၀၀၀"

"ဆုလာဒ် အမှတ် - အကြီးအကဲများကို သတ်ဖြတ်ခြင်း - (၃၀၀,၀၀၀)"

"စုစုပေါင်း ရမှတ် - (၁,၆၃၂,၈၃၁) မှတ်"

"စီစစ်ခြင်း ရလဒ် - အမှတ်စုစုပေါင်း တစ်သန်းကျော် ရပြီး စမ်းသပ်မှု ရလဒ် - အောင်မြင်ပါတယ်"

"စမ်းသပ်မှုကို အပြည့်အဝ အောင်မြင်ခဲ့တဲ့ ဂုဏ်ပြုပါတယ် ကိုယ်စားလှယ်လောင်း။ ဒါကြောင့် မင်းဆက်ရဲ့ အဆင့် (A) အဖွင့်ဝင် လုပ်ပိုင်ခွင့်ကို ခွင့်ပြုလိုက်ပါတယ်"

" စမ်းသပ်မှု တရားဝင် ပြီးဆုံးသွားပါပြီ"

"ဒီစမ်းသပ်မှု နေရာထဲက ချက်ချင်း ထွက်ချင်လား"

လင်းဟွမ်က 'မထွက်ဘူး' ဟု ချက်ချင်း ရွေးချယ်လိုက်သည်။

"သတိပေးချက် - လုယက်ပါ ပစ္စည်းများကို တတ်နိုင်သမျှ အမြန်ဆုံးသိမ်းပါ။ စမ်းသပ်တဲ့ နေရာက (၂၄) နာရီကြာရင် အလိုလို ပိတ်သွားပါမယ်။ (၂၄) နာရီအတွင်းမှာ အချိန်မရွေး ထွက်ခွာနိုင်တယ်။ စမ်းသပ်နေရာ မပိတ်ခင် နောက်ဆုံးမိနစ်မှ ကပ်ပြီးထွက်ချင်တာပဲ ဖြစ်ဖြစ်၊ မထွက်ချင်တာပဲ ဖြစ်ဖြစ် အချိန်ပြည့်သွားတာနဲ့

မင်းရဲ့ကမ္ဘာကို အတင်းအကျပ် ပြန်ပို့ပေးမှာ ဖြစ်ပါတယ်”

ထိုသတိပေးချက် ထွက်ပေါ်လာပြီးနောက် စနစ်ထံမှ အကြောင်းကြားချက်များ ထပ်မံ ထွက်ပေါ်လာခြင်း မရှိတော့ချေ။

လင်းဟွမ်သည် ထိုနေရာမှာပင် ငူငူကြီး မတ်တပ် ရပ်နေသည်။ အစောပိုင်းက သွေးရဲရဲလေး ပေးပို့ခဲ့သော အချက်အလက်များကို အစာချေဖျက်၍ မပြီးခင် စနစ်ထံမှ အကြောင်းကြားချက် ရုတ်တရက်

ထွက်ပေါ်လာခြင်း ပင်။ ထိုအချက်က သူ့ကို အံ့သြ မှင်သက် သွားစေသည်။

သဘောတရားအရ အကျဉ်းသား အားလုံးကို သတ်ဖြတ်လျှင်ပင် အမှတ်တစ်သန်း ရရှိမည် မဟုတ်ချေ။ သို့သော်လည်း ဆုအမှတ် နှစ်ခုကို သေသေချာချာ လေ့လာပြီးနောက် ဒေသဆိုင်ရာ အကြီးအကဲ တစ်ယောက်ကို သတ်ဖြတ်လျှင် ဆုအမှတ် (၁၀,၀၀၀) နှင့် လက်ထောက် အကြီးအကဲ တစ်ယောက်ကို သတ်ဖြတ်ခြင်းက (၅,၀၀၀) ပေးထားကြောင်း သူ နားလည်သွားသည်။

အကြီးအကဲ တစ်ယောက်ချင်းစီ အတွက်မှု အမှတ် တစ်သိန်းနှုန်း ချီးမြှင့်ခံရသည်။

အကျိုးဆက် အနေနှင့် သူသည် အမှတ် စုစုပေါင်း (၁.၆) သန်းကျော် စုဆောင်းနိုင်ခဲ့သည်။ အဆင့် (D) စမ်းသပ်မှုကိုသာ ပါဝင်ခဲ့သော်လည်း အဆင့် (A) မင်းဆက်အဖွဲ့ဝင် ဖြစ်လာခဲ့သောကြောင့် ပို၍ပင် ခေါင်းရှုပ်သွား၏။

"ဘာဖြစ်တာလဲ.. မင်းဆက် အဖွဲ့ရဲ့ အဖွဲ့ဝင် သတ်မှတ်ချက်က စမ်းသပ်မှု ရမှတ်တွေနဲ့ သက်ဆိုင်နေတာလား.."

"ဒါပေါ့.."

သွေးရဲရဲလေးက စနစ်၏ အကြောင်းကြားချက်ကို မမြင်နိုင်သော်လည်း လင်းဟွမ် မျက်နှာကို ဖတ်နိုင်သည်။

"လင်းဟုန်နဲ့ ကျန်တဲ့ လူတွေထဲမှာ ဒီကိစ္စနဲ့ပတ်သက်တဲ့ မှတ်ဉာဏ်တွေ ရှိတယ်.. ကိုယ်စားလှယ်လောင်း တစ်ယောက်က အမှတ် (၁,၀၀၀) အထက်ရမှ အောင်မြင်မယ်။ ဒီလိုမှ မဟုတ်ရင် စမ်းသပ်တဲ့နေရာမှာ တစ်လကြာအောင် နေပြီး ပထမနေရာ ရနေရင်တောင် အလကားပဲ။

ပြီးတော့ ဒီစမ်းသပ်မှုမှာ ဖြေဆိုတဲ့ ကိုယ်စားလှယ်လောင်းက (D) အဆင့် အဖွဲ့ဝင် ခွင့်ပြုချက်ပဲ ရမှာ”

“အမှတ်တွေ မြင့်တက်လာတာနဲ့ စမ်းသပ်စစ်ဆေးတဲ့ အရည်အချင်း သတ်မှတ်ချက်က ပိုကောင်းလာမယ်။ အမှတ်က တစ်သောင်းထက် ကျော်လွန်သွားရင် အဆင့် (C) သတ်မှတ်ချက် ၊ အမှတ်က တစ်သိန်းထက် ကျော်လွန်သွားတာနဲ့ ‘ထူးချွန်’ လို့ သတ်မှတ်ပြီး အဆင့် B ခွင့်ပြုချက် ပေးမယ်”

"ဒါပေမယ့် ဒီထက်ပိုပြီး အမှတ်များများ ရသွားရင်တော့ ဘယ်လို ခွင့်ပြုချက် ရမလဲဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ လင်းဟုန်နဲ့ ကျန်တဲ့လူတွေရဲ့ မှတ်ဉာဏ်ထဲမှာ အမြင့်ဆုံး ခွင့်ပြုချက်က အဆင့် (B) ပဲ.."

သွေးရဲရဲလေး ပြောပြီးနောက် လင်းဟွမ် ခေါင်းထဲတွင် ဆက်စပ် တွေးတောစရာ အချက်အလက်များ ပေါ်လာသည်။ အကြီးအကဲ သုံးယောက်ထံတွင် အဆင့် (A) ခွင့်ပြုချက်နှင့် ပတ်သက်၍ အချက်အလက်များ မရှိသော်လည်း

ရရှိထားသော အချက်အလက် များကို အခြေခံ တွက်ချက်ပြီးနောက် အဆင့် (A) ခွင့်ပြုချက် ရရှိသည့် အကြောင်းအရင်းကို အလွယ်တကူ ခန့်မှန်းနိုင်သည်။

ဒါသည် သူက အမှတ် တစ်သန်းကျော် စုဆောင်း နိုင်ပြီး 'ပြည့်စုံ' အဆင့် သတ်မှတ်ခံခဲ့ရသည့် အကြောင်း အရင်းကြောင့် ဖြစ်နိုင်သည်။

လင်းဟွမ်သည် သူ့သံသယများကို ဖြေရှင်းပြီးနောက် မင်းဆက်အဖွဲ့ဝင်၏ ခွင့်ပြုချက်ကို

ဘေးဖယ် ထားလိုက်သည်။ ထို့နောက် သွေးရဲရဲလေး ပေးပို့ထားသော အချက်အလက်များကို အစာ ချေဖျက်ရန် အချိန်ခဏ ယူခဲ့သည်။

သတင်း အချက်အလက်များကို အစာ ချေဖျက်ပြီးနောက် အကြီးအကဲ သုံးယောက်က ဝင့်ဝင့်ကြွားကြွား ပြန်လည် ရောက်ရှိလာသည်။ ပွဲတော်မလာရန် ငြင်းဆန်ခဲ့သော လူသုံးယောက်၏ အလောင်းနှင့် လုယက်မှု ပစ္စည်းများကို ပြန်လည် သယ်ဆောင်လာသည်။

"သူတို့ သုံးယောက်က အင်ပါယာ ရွှေခရမ်းရောင် အဆင့်ပဲ ။ သူတို့ထဲမှာ နှစ်ယောက်က ဒေသဆိုင်ရာ အကြီးအကဲတွေနဲ့ တူညီတဲ့ အစွမ်းရှိသလို တစ်ယောက်က အကြီးအကဲတွေနဲ့ တောင် ယှဉ်နိုင်တယ်.."

လင်းဟုန်ထံမှတစ်ဆင့် မရဏ မယ်တော်က သတင်း ပေးပို့လာသည်။

"အခုဆို မသေမျိုးစစ်တပ်မှာ ထူးချွန်တဲ့ လူသုံးယောက် ထပ်ပိုလာတာပေါ့"

လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ်လိုက်ကာ လုယက်ပါ ပစ္စည်းများကို အင်ပါယာ နှလုံးသား လက်စွပ်ထဲ ပစ်ထည့်လိုက်သည်။

မရဏ မယ်တော်သည် အင်ပါယာ ရွှေခရမ်းရောင်အဆင့် သုံးယောက်ကို တစ်ယောက်ပြီး တစ်ယောက် ပြန်လည်ရှင်သန် ထမြောက်လာစေရန် အချိန်အနည်းငယ် ယူခဲ့ရသည်။ ထိုအချိန်တွင် သေဆုံးသွားကြသော အကျဉ်းသား အားလုံးသည် မသေမျိုး စစ်တပ်၏ အဖွဲ့ဝင်များ ဖြစ်လာကြသည်။

"ငါတို့တွေ ဒီစမ်းသပ်မှု နေရာထဲမှာ လုပ်သင့်တာ မှန်သမျှ လုပ်ပြီးပြီ။ လုပ်ဖို့ ကျန်တာ ဘာမှ မရှိတော့ဘူး.. ငါ ပြောတာ မှန်တယ် မဟုတ်လား.."

လင်းဟွမ်က ခေါင်းငုံ့ပြီး သူ့အင်္ကျီလက်စအောက်က သွေးရဲရဲလေးကို မေးလိုက်သည်။ မပြီးပြတ်သေးသော အရာများကို သူ မစဉ်းစားနိုင်ပေ။

"ကိုယ်စားလှယ်လောင်းကလည်း မင်းတစ်ယောက်တည်းပဲ ကျန်တော့တယ်။

အကျဉ်းသား အားလုံးကလည်း မသေမျိုး စစ်တပ်ရဲ့ အစိတ်အပိုင်းတွေ ဖြစ်လာပြီ”

သွေးရဲရဲလေးက ထိုအကြောင်းကို စဉ်းစားပြီးနောက်..

“ကိုယ်စားလှယ်လောင်း လေးထောင် နဲ့ လူတစ်သိန်းရဲ့ နေရာထိုင်ခင်း အားလုံးကို ငါတို့ ရှာဖွေပြီးပြီ။ နယ်မြေ အားလုံးရဲ့ ဘဏ္ဍာတိုက်ထဲမှာလည်း ဘာမှ မကျန်တော့ဘူး။ လူတချို့ ဝှက်ထားတဲ့ ပစ္စည်းတွေကလည်း မရဏ မယ်တော်ရဲ့ စိတ်ဖတ်မှုအောက်က မလွတ်ခဲ့ဘူးလေ။

ငါတို့ အားလုံး ရထားပြီးပြီ။ ငါတို့ မရှာရသေးတဲ့ အရာဆိုရင်တော့ ဒေသခံ မွန်းစတားတွေပဲ ရှိလိမ့်မယ်။ သူတို့ အားလုံးကလည်း အဆင့်မြင့်တက်ဖို့ အလားအလာ နည်းတဲ့ အသားစား မွန်းစတားတွေပဲ..”

လင်းဟွမ်သည် လင်းဟုန်နှင့် ကျန်သည့် လူများထံမှ ဒေသခံ မွန်းစတားများ အကြောင်းကို လေ့လာခဲ့သည်။ ထို့ကြောင့် မွန်းစတား တစ်ကောင်ချင်းစီ၏ အသေးစိတ် အချက်အလက်များကို သိနေသည်။

"ပြောချင်တာကတော့ ဒီနေရာမှာ အကျိုးအမြတ် ရနိုင်စရာ ဘာမှ မရှိတော့ဘူး.."

လင်းဟွမ်သည် ထိုစကားကို ကြားပြီးနောက် ပခုံးတွန့်လိုက်သည်။ တိုက်ခိုက်ရေးအဆင့် နိမ့်ပါးပြီး မြင့်တက်ရန် အလားအလား နည်းသည့် မွန်းစတားမျိုးကို လုံးဝ စိတ်မဝင်စားပေ။

"ဒါဆိုရင် ဒီမှာဆက်နေဖို့ မလိုတော့ဘူး"

လင်းဟွမ်က သွေးရဲရဲလေးကို ကတ်ပုံစံ ပြန်မပြောင်းခင် မရဏ မယ်တော်ကို ပြောလိုက်သည်။ ထိုက်တန် တောင်ခြေက

လူအုပ်ကြီးသည် ရုတ်တရက် ပျောက်ကွယ်သွားပြီး ဘာမှ မရှိတော့သည့် နေရာတွင် လင်းဟွမ် တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့သည်။

"ငါ့ကို ထုတ်ပေး.."

လင်းဟွမ် ခန္ဓာကိုယ်ကို ရွှေရောင် အလင်းတန်းများက ရစ်ပတ်လာသည်။ ထို့နောက် ရွှေရောင်အလုံးတစ်ခုက အလင်း အလျှင်ဖြင့် တိမ်များကြားထဲ ထိုးဖောက် ဝင်ရောက်ပြီး ပျောက်ကွယ်သွားသည်။

လင်းပွမ် ပျောက်ကွယ်သွားပြီး သိပ်မကြာခင် စမ်းသပ်မှု နေရာတစ်ခုလုံး တုန်ခါလာပြီး အပြာရောင် လှိုင်းများက ဖုံးလွှမ်းသွားသည်။ ထို့နောက် အက်ကွဲကြောင်း တစ်ခု ပေါ်လာပြီး ပုံရိပ်နှစ်ခု ထွက်ပေါ်လာသည်။

ထိုလူနှစ်ယောက်သည် သူတို့၏ နတ်ဘုရား အသိစိတ်နှင့် စမ်းသပ်နေရာ တစ်ခုလုံးကို စကာန် ဖတ်ပြီးနောက် သူတို့၏ မျက်နှာပေါ်တွင် စိတ်ရှုပ်ထွေးသော အမူအရာများ ပေါ်လာသည်။

"ဘာလိုဖြစ်တာတုန်း.။ အကျဉ်းသားတွေ ဘယ်မှာလဲ.။ ကိုယ်စားလှယ်လောင်းတွေလည်း တစ်ယောက်မှ မရှိတော့ဘူး"

"စောင့်ကြည့်ရေး ပစ္စည်းတွေ ရှိတယ် မဟုတ်လား.."

"အရင်ကတော့ ရှိခဲ့တယ်.. နောက်ပိုင်း ဖယ်လိုက်ပြီ။ ပြီးခဲ့တဲ့နှစ် တော်တော် များများက အမျိုးသမီး ခေါင်းဆောင်တစ်ယောက်က အကျဉ်းထောင်ကို လာစစ်ဆေးတဲ့ အချိန်မှာ အထက်အရာရှိတွေက ညစ်ညမ်းတဲ့အရာတွေ သူမ

မြင်သွားမှာ ကြောက်ပြီး ထောင်ထဲက စောင့်ကြည့်ရေး ပစ္စည်းတွေကို ဖယ်ရှားလိုက်တာပဲ။ အဲ့ဒီကတည်းက ပြန်မတပ် ဖြစ်သေးဘူး”

“ဒါဆိုရင် ဒီစမ်းသပ်မှုမှာ ပါဝင်ခဲ့တဲ့ လင်းဟွမ် ဘာတွေ လုပ်ခဲ့တာလဲ ဆိုတာကို ငါတို့က ဘယ်လို ရှာမှာတုန်း”

“အခုလက်ရှိ အခြေအနေကို ကြည့်ရတာတော့ သူက ကိုယ်စားလှယ်လောင်းတွေနဲ့ အကျဉ်းသား အားလုံးကို သတ်ပြီး အလောင်းတွေ အားလုံးကို

သူနဲ့အတူ ယူသွားပါတယ်လို့ပဲ သတင်းပို့ရတော့မှာပဲ..”

“ကြားရတာနဲ့တင် မယုံနိုင်လောက်ဘူးနော်..”

“ ဒါ ဆိုလည်း မင်း တစ်ခုခု လုပ်လေ..”

“အမ်….. တော်ပြီ မင်းပြောတဲ့ အတိုင်းပဲ အစီရင်ခံလိုက်မယ်”

## အခန်း(၉၇၁) - ချန်းသွမ် တိုက်ခိုက် ခံရတာလား..

လင်းဟွမ်သည် စမ်းသပ်မှုမှ ထွက်လာပြီး မျက်လုံး ပြန်ဖွင့်လိုက်သောအခါ ဝမ်ပေါင်မြို့ရှိ ဟိုတယ်အခန်းထဲ ပြန်ရောက်နေကြောင်း သိလိုက်ရသည်။

တစ်လဟု သတ်မှတ်ထားသော စမ်းသပ်မှုက စောစောစီးစီး ပြီးဆုံးခဲ့ပြီး (၁၂) ရက်သာ ကြာမြင့် ခဲ့သည်။

လင်းဟွမ်သည် သူ၏ တိုက်ခိုက်ရေးအဆင့် မြင့်တက်လာခြင်း မရှိသော်လည်း စမ်းသပ်မှု ရလဒ်အတွက် အားရ ကျေနပ်နေသည်။

အကြီးမားဆုံး ရိတ်သိမ်းမှုမှာ မသေမျိုး စစ်တပ် အင်အား တစ်သိန်းကျော်၊ မဟာ ကမ္ဘာနှင့် အသေးစား ကမ္ဘာပေါင်း ထောင်ပေါင်းများစွာက သတင်း အချက်အလက်များကို မသေမျိုးစစ်တပ်၏ ဝိညာဉ်များထံမှ သိခဲ့ရသည့် အချက် ပင်။

ကျင့်ကြံခြင်း ကျင့်စဉ် အမျိုးမျိုးက ဒုတိယမြောက် အကောင်းဆုံး ရိတ်သိမ်းမှု ဖြစ်သည်။

ဤမှတ်ဉာဏ်များထဲမှ အချက်အလက်များက လင်းဟွမ်၏ အမြင်ကို အလွန် ကျယ်ပြန့်လာစေခဲ့သည်။ ယခုလက်ရှိ သူ နေထိုင်နေသော ကျောက်စရစ်ခဲ ကမ္ဘာလေးက ကစားပွဲထဲမှ ရွာလေးတစ်ရွာ မျှသာ ဖြစ်ကြောင်း သိခဲ့ရသည်။

“ ရန်လင်းက မဟာကမ္ဘာနဲ့ အသေးစားကမ္ဘာတွေက သိုလှောင် ပစ္စည်းတွေကို ဖွင့်ပေးနိုင်ပါ့မလား....။ တကယ်လို့ သူမလုပ်နိုင်ရင် ဖွင့်ပေးဖို့အတွက် မဟာကမ္ဘာကြီးထဲက တစ်ယောက်ယောက်ကို ရှာရမယ်..”

လင်းဟွမ်သည် ဖွင့်ရမည့် သိုလှောင်ပစ္စည်းများ အကြောင်းကို တွေးတောရင် စမ်းသပ်မှုနေရာကို သွားခဲ့ရသည့် ခရီးစဉ်က ထိုက်တန်သည်ဟု တွေးလိုက်မိသည်။

သို့သော်လည်း မင်းဆက် အဖွဲ့ဝင်များနှင့် ပတ်သက်သည့် ကိစ္စကိုမူ ဘေးဖယ်ထားလိုက်သည်။

စမ်းသပ်မှုထဲမှ ပြန်ထွက်လာပြီး ဆယ်စက္ကန့် မပြည့်ခင် အချိန်မှာပင် သူ့အင်ပါယာ နှလုံးသား လက်စွပ်က ကွန်ရက်နှင့် ချိတ်ဆက်မိပြီး တုန်ခါ

လာသည်။ ဆက်သွယ်ရေး မျက်နှာပြင်ကို ချက်ချင်း ဖွင့်ကြည့်လိုက်သည်။

“ ကျန်းဖိန်က ဘာဖြစ်လို့ ငါ့ဆီ ဖုန်းခေါ်ထားတာလဲ..”

လင်းဟွမ်သည် ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်လိုက်သည်နှင့် လွန်ခဲ့သော တစ်ပတ်က ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ လက်ထောက် အကြီးအကဲ ကျန်းဖိန် ခေါ်ဆိုထားသော ဖုန်းအချို့နှင့် မက်ဆေ့ချ် အချို့ကို တွေ့လိုက်ရသည်။

စာများကို တစ်ခုပြီးတစ်ခု ဖတ်ကြည့်လိုက်သည်။

ပထမတစ်ခုမှာ လင်းဟွမ်ကို ချန်သွမ်းထံ ဆက်သွယ်ပေးဖို့ တောင်းဆိုထားခြင်း ဖြစ်ပြီး တစ်ခုခု အလုပ်ရှုပ်နေပုံ ရသည်။

ထိုအောက်မှ မက်ဆေ့ချ် နှစ်စောင်တွင်မူ သတင်းအချက်အလက်နှင့် ပတ်သက်သော လင့်ခ်အချို့နှင့် သတင်းများကို စခရင်ရှော့ ရိုက်ထားသော ဓါတ်ပုံများ ဖြစ်နေသည်။ ထို့အတူ လင်းဟွမ်က ဓါတ်ပုံများကို တွေ့သည်နှင့် ချက်ချင်း ပြန်ဆက်သွယ်ပေးရန် တောင်းဆိုထားသည်။

လင်းဟွမ်သည် မျက်နှာပြင်ပေါ်မှ ဓါတ်ပုံ အနည်းငယ်ကို ကြည့်ပြီးနောက် မျက်လုံး သူငယ်အိမ်များ တုန်ခါလာသည်။

“ချန်းသွမ်က တိုက်ခိုက် ခံရတာလား။ တစ်ယောက်ယောက်က သူ့ကို ပြန်ပေး ဆွဲသွားတာပေါ့။ သူအသက် ရှင်သေးလား၊ မရှင်ဘူးလား ဆိုတာ ဘယ်သူမှ မသိဘူးလား.. ဒါဘယ်သူ လုပ်တာလဲ.. ဘာဖြစ်လို့ ချန်းသွမ်ကို တိုက်ခိုက်ရတာလဲ”

လင်းဟွမ်သည် လင့်ခ်ထဲမှ သတင်းများကို တစ်ခုပြီးတစ်ခု ဖတ်လာရင်း မျက်နှာ အမူအရာ ဆိုးရွားလာသည်။ ချန်းသွမ် သူ့ကို တစ်ချိန်လုံး ဂရုစိုက်ခဲ့သောကြောင့် သူ့သူငယ်ချင်း တစ်ယောက်ဟု သတ်မှတ်ထားခဲ့သည်။ ထိုကဲ့သို့ မဟုတ်ပါက ရှေးဟောင်း ကျင့်ကြံခြင်း ကျင့်စဉ်များကို မျှဝေပေးခဲ့မည် မဟုတ်ပေ။

"ကျင့်စဉ်တွေ ပေါက်ကြားတယ် ဆိုပြီး ပြည်ထောင်စု အစိုးရက ဒီလိုလုပ်ဖို့ လူလွှတ်လိုက်တာများ ဖြစ်နေမလား.."

ထိုအတွေးသည် လင်းဟွမ် စိတ်ထဲတွင် ခေတ္တမျှ ပေါ်လာပြီးနောက် ခေါင်းခါကာ အတွေးကို မောင်းထုတ်လိုက်သည်။ သူ သိထားသော ချန်းသွမ်၏ အကျင့်စရိုက်အရ သူ့ထံမှ ကျင့်စဉ်ရခဲ့သည့် အကြောင်းကို သူကလွဲ၍ မည်သူမှ မသိနိုင်ပေ။ ဤအချိန် အတောအတွင်းတွင် ပြည်ထောင်စု အစိုးရက ဒါကို သိရှိရန် မဖြစ်နိုင်ပေ။

ထို့အပြင် ချန်းသွမ်သည် အဖွဲ့ခွဲ (၁)ရှိ အင်အားကြီးမားသော မိသားစုမှ ဆင်းသက်လာသူ ပင်။ ပြည်ထောင်စု အစိုးရမှ သိသွားလျှင်ပင် ချန်းသွမ်ကို

တိုက်ရိုက် တိုက်ခိုက်လာမည့် ဖြစ်နိုင်ချေ နည်းပါး၏။ သူတို့ လုပ်သည့်အရာမှာ ချန်းသွမ်ကို ဖမ်းပြီး ညှိနှိုင်းခြင်းသာ ဖြစ်လိမ့်မည်။

လင်းဟွမ်သည် ခေါင်းပူအောင် တွေးသော်လည်း အဖြေရှာမရသဖြင့် နောက်ဆုံးတွင် ကျန်းဖိန်ထံ ဖုန်းခေါ်လိုက်သည်။ ဖုန်းဝင်သွားပြီး ဖုန်းသံနှစ်ခါ မြည်သည်နှင့် ကျန်းဖိန်က ဖုန်းကိုင်လာသည်။

“နောက်ဆုံးတော့ မင်း ခေါ်လာပြီပေါ့..”

အစက ဝနေသော သူ့မျက်နှာသည် ယခုအခါ ချောင်ကျပြီး တော်တော်လေး ဝိတ်ကျသွားသည်။

"အေး ငါ တံခါးပိတ် ကျင့်ကြံနေလို့ မနေ့ကမှ ပြန်ထွက်လာတာ"

လင်းဟွမ်က ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်သည်။

"အကြီးအကဲ အကြောင်း ဖတ်ပြီးပြီ။ သူတိုက်ခိုက်ခံရတာနဲ့ ပတ်သက်ပြီးတော့ သတင်းအသစ်တွေ ရှိသေးလား"

"ငါ ဒီသတင်းနဲ့ ပတ်သက်ပြီး လူတော်တော်များများကို ပြောခဲ့ပေမယ့် အသုံးဝင်တဲ့အရာ တစ်ခုမှ မတွေ့သေးဘူး။ သူ့ကို တိုက်ခိုက်တဲ့ လူက

အဖြူရောင်ဝတ်ရုံ ဝတ်ထားတဲ့ လူနှစ်ယောက် ဆိုတာပဲ သိလိုက်ရတာ ”

“အဖြူရောင်ဝတ်ရုံ ဟုတ်လား.. သူတော်စင်တွေလား..”

လင်းဟွမ်သည် ဝတ်ရုံဖြူဟု ကြားလိုက်သည်နှင့် သူတော်စင်များကို ချက်ချင်း ပြေးမြင်လိုက်သည်။

“သူတို့ မဖြစ်နိုင်ဘူး။ မျက်နှာမှာ လက်ဝါး ကပ်တိုင်ပုံ မရှိဘူး”

ကျန်းဖိန်က ခေါင်းခါလိုက်သည်။

"နောက်ပြီးတော့ သူတော်စင် ဌာနချုပ်က အဖွဲ့ခွဲ (၁)မှာ မရှိဘူး။ အဖွဲ့ခွဲ (၁) မှာ ရှိနေတဲ့လူကလည်း ချန်းသွမ်ကို စော်ကားဖို့ သတ္တိရှိမှာ မဟုတ်ဘူး။ ချန်းမျိုးနွယ်ရဲ့ အိမ်တော်မှာ စောင့်ကြပ်နေတဲ့ နတ်ဘုရား တစ်ပိုင်းတွေနဲ့ ပြည်ထောင်စု အစိုးရအတွက် အလုပ် လုပ်ပေးနေတဲ့ အဖွဲ့ဝင်တွေ အများကြီး ရှိတယ်။ ဒါကြောင့် မြေအောက်အဖွဲ့အစည်းက မတုံးအဘူး ဆိုရင် လွယ်လွယ်နဲ့ ရန်စမှာ မဟုတ်ဘူး"

"သူ့မျက်နှာမှာ လက်ဝါးကပ်တိုင် မရှိဘူးလို့ မင်း ပြောခဲ့တယ်နော်.. ဒါဆိုရင် တိုက်ခိုက်ခဲ့တဲ့ လူရဲ့ မျက်နှာကို တစ်ယောက်ယောက် မြင်လိုက်လို့လား.."

လင်းဟွမ်က ထပ်မေးလိုက်သည်။

"အကြီးအကဲက နေမြို့ရဲ့ မှောင်ခိုဈေးကွက်မှာ အတိုက်ခံရတာ။ သူ့ကို တိုက်ခိုက်တဲ့ အချိန်မှာ အခင်းဖြစ်ပွားတဲ့ နေရာကို နတ်ဘုရား တစ်ပိုင်းအဆင့် ဒိုင်းနဲ့ကာထားပေမယ့် အခင်း မဖြစ်ပွားခင်ကတည်းက ပါရမီရှင် သမဂ္ဂထဲက လူနှစ်ယောက်လည်း မှောင်ခို ဈေးကွက်ထဲမှာ

ရှိနေခဲ့တယ်။ သူတို့နှစ်ယောက်က အကြီးအကဲကို တွေ့ပြီး နှုတ်ဆက်ဖို့ သွားတဲ့အချိန်.. သူတို့ မရောက်ခင်လေးတင် ဝတ်စုံဖြူနှစ်ယောက် လမ်းလျှောက်လာပြီး သုံးယောက်လုံး ပျောက်သွားတာပဲ။ မိနစ်နည်းနည်းလောက် ကြာတော့ ဝတ်စုံဖြူ နှစ်ယောက် ပြန်ပေါ်လာတဲ့အချိန်မှာ အကြီးအကဲကို ဘယ်နေရာမှာမှ ရှာမတွေ့တော့ဘူး”

“ပြည်ထောင်စု အစိုးရရဲ့ ထောက်လှမ်းတဲ့ နည်းစနစ်တွေမှာလည်း ဝတ်ရုံဖြူ အမျိုးသား

နှစ်ယောက်ရဲ့ မျက်နှာကောက်ကြောင်းကို ဖော်ထုတ်ခဲ့သေးတယ်။ အချက်အလက် ဒေတာဘဏ်ထဲမှာ တိုက်စစ်တာ မျက်နှာတူတဲ့လူ တစ်ယောက်မှ ရှာမတွေ့ဘူး”

“မတိုက်ခိုက် ခင်ကတည်းက ရုပ်ဖျက်ထားပြီး ကြိုတင် ကြံစည်ထားတယ်ဆိုတာ ထင်ရှားတယ်”

လင်းဟွမ်က နားထောင်ပြီးနောက် ခေါင်းညိတ်လိုက်သည်။ တိုက်ခိုက်ခဲ့သော လူနှစ်ယောက်၏ မျက်နှာကို တိုက်စစ်ပါက ရှာတွေ့နိုင်မှု ဖြစ်နိုင်ချေ နည်းပါးလွန်း၏။

"အို ဟုတ်ပြီ.. ပထမ မက်ဆေ့မှာ ချန်းသွမ်ကို ရှာတဲ့ ကိစ္စကရော ပြေလည်သွားပြီလား.."

လင်းဟွမ်က ထပ်မေးသည်။

"ကျန်းယွီက အင်ပါယာအဆင့် တက်သွားပြီ။ အခုလက်ရှိ လက်ထောက် အကြီးအကဲရာထူး လစ်လပ်နေတာကြောင့် အကြီးအကဲနဲ့ လက်ထောက် အကြီးအကဲတွေ ထပ်ရွေးဖို့ ဆွေးနွေးချင်လို့ပဲ.."

ကျန်းဖိန်က လွန်ခဲ့သော တစ်ပတ်ကျော်က သူ ဖုန်းဆက်ခဲ့သည့် အကြောင်း အရင်းကို ပြောလိုက်သည်။

ကျန်းယွီသည် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ လက်ထောက် အကြီးအကဲ များထဲမှ တစ်ယောက်ဖြစ်သော်လည်း လင်းဟွမ်သည် ယခင်က တစ်ခါမှ မမြင်ခဲ့ဖူးပေ။ လင်းဟွမ်ကို လက်ထောက်အကြီးအကဲရာထူး ချီးမြှင့်ခဲ့သည့် အချိန်တွင် သူက အင်ပါယာ အဆင့် တက်လှမ်းရန် အဖွဲ့(၁) ရှိ ဟင်းလင်းပြင် အပျက်အစီးထဲ ရောက်ရှိနေခဲ့သည်။

ချန်းသွမ်နှင့် ကျန်သည့်လူများက သူ့ကို ဆက်သွယ်၍ မရခဲ့သောကြောင့် လင်းဟွမ်ကို

လက်ထောက် အကြီးအကဲ တင်မြှောက်သည့် အစည်းအဝေးထဲတွင် မပါဝင်နိုင်ခဲ့ပေ။

လင်းဟွမ်က နားထောင်နေရင်း ခေါင်းညိတ်လိုက်သည်။ ယခင်ကလည်း ချန်းသွမ်က ကျန်းယွီ အကြောင်းကို ပြောခဲ့ဖူးသည်။

"အကြီးအကဲက ကျန်းယွီရဲ့ နေရာမှာ ကူဖိန်းနဲ့ အစားထိုးမယ်လို့တော့ အရင်က ပြောခဲ့ဖူးတယ်။ ကူဖိန်းကလည်း အထွတ်အထိပ် ပါရမီရှင် တစ်ယောက်ပဲလေ။ အခုလက်ရှိတော့ အင်မော်တယ်

အဆင့် (၈) ရှိပေမယ့် လူတွေက သူ့ကို လက်မခံနိုင်မှာပဲ နည်းနည်း စိုးရိမ်မိတယ်”

ချန်းသွမ်က ကူဖိန်း အကြောင်းကို ယခင်က ပြောခဲ့ဖူးသည်။ သူမ အင်မော်တယ် အဆင့် (၈)တွင် တစ်ဆို့နေရသည့် အကြောင်းအရင်းမှာ သူမက စိတ်ဝိညာဉ် တိုက်ခိုက်ရေး သမား ဖြစ်နေသောကြောင့် ဖြစ်ပြီး သူမအတွက် မီးအိမ် မွန်းစတားကို ရှာဖွေရန် ခက်ခဲနေသော ကြောင့်ပင်။

သို့သော်လည်း အလုံးစုံ စွမ်းရည် အရဆိုလျှင် သူမက ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ထဲတွင်

ရှိနေသော အင်မော်တယ် အဆင့် (၉) အခြား အထွတ်အထိပ် ပါရမီရှင်များ ကဲ့သို့ပင် အစွမ်းထက်လှ၏။

"အကြီးအကဲ ပြောခဲ့တဲ့အတိုင်း လုပ်သင့်တယ်လို့ ထင်တယ်။ ကူဖိန်းမှာ အစွမ်းထက်တဲ့ စွမ်းရည် ရှိပြီးသားဆိုတော့ အင်မော်တယ် အဆင့်(၉)တက်ဖို့ ဆိုတာလည်း အချိန်တစ်ခုပဲ လိုတာ.."

လင်းဟွမ်က သူ့အမြင်ကို ထုတ်ပြောလိုက်သည်။

"နောက်ပြီးတော့ သူမကို လက်ထောက်အကြီးအကဲ ခန့်အပ်လိုက်တာကလည်း

အခုလက်ရှိ ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ထဲမှာရှိတဲ့ အမျိုးသမီးတွေကို စည်းလုံး စေနိုင်တဲ့အပြင် .. အမျိုးသမီး အဖွဲ့ဝင်တွေကို ပိုပြီး စွဲဆောင်နိုင်လိမ့်မယ်။ ဒါက ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းလမ်းကောင်းပဲ”

“မြင့်မြတ် မဟာမိတ်အဖွဲ့လိုမျိုး တခြား အဖွဲ့အစည်းတွေက ငါတို့ကို စောင့်ကြည့်နေတယ်။ ဒါကြောင့် လက်ထောက် အကြီးအကဲ ခန့်အပ်မှုကို အချိန်ဆွဲနေလို့ မရဘူး။ ကူဖိန်းကလည်း ငချွတ်လေး

မဟုတ်တော့ သူ့ကို လက်ထောက် အကြီးအကဲအနေနဲ့ အလုပ် စလုပ်နိုင်အောင် ငါတို့ ခပ်မြန်မြန် ခန့်အပ်ဖို့လိုမယ်။ တကယ်လို့ သူမကို လက်မခံနိုင်တဲ့ လူတွေရှိရင် ငါ့ဆီလွှတ်လိုက်”

“နောက်ပြီးတော့ အကြီးအကဲ အနားမှာ မရှိတဲ့အချိန်မှာ ညီအစ်ကိုကျန်းရဲ့ အတွေ့အကြုံအရ ယာယီ အကြီးအကဲ ရာထူး ယူထားတာ အကောင်းဆုံး ဖြစ်မယ်လို့ ထင်တယ်။ ယာယီအကြီးအကဲ ရာထူးနဲ့ လက်ထောက်

အကြီးအကဲအသစ် ခန့်အပ်တဲ့ ဆုံးဖြတ်ချက်ကို ရက်ပိုင်းအတွင်း ပြီးအောင် လုပ်သင့်တယ်။ ငါလည်း အစွမ်းကုန် ထောက်ပံ့ပေးမယ်”

“ကောင်းပြီ.... ငါ ကျန်တဲ့လူတွေနဲ့ ဆက်သွယ်ပြီး အစည်းအဝေးကို ချက်ချင်း လုပ်နိုင်အောင် စီစဉ်လိုက်မယ်။ ရက်ချိန်း အတည်ပြုပြီးပြီ ဆိုတာနဲ့ အကြောင်း ကြားလိုက်မယ်”

ကျန်းဖိန်က ချက်ချင်း ခေါင်းညိတ်လိုက်သည်။ လင်းဟွမ်က သူ့ကို ယာယီအကြီးအကဲ ရာထူး

အလွယ်တကူ ပေးအပ် လာလိမ့်မည်ဟု မည်သည့် အချိန်ကမှ မထင်ခဲ့ပေ။

ကျန်းဖိန် ဖုန်းချသွားသောအခါ လင်းဟွမ်သည် ခေါင်းခါပြီး ပြုံးလိုက်မိသည်။

မင်းဆက်နှင့် ပတ်သက်ပြီး အချက်အလက်မျိုးစုံ သိရှိခဲ့ရသော လင်းဟွမ်အတွက်မူ ပါရမီရှင်သမဂ္ဂ ဆိုသည်မှာ အများဆုံး ကလေးများ ကစားနိုင်သည့် ကစားကွင်း တစ်ခုသာ ဖြစ်နေသည်။ အရင်းအမြစ်များ အလွန်အမင်း ညံ့ဖျင်းခြင်း မရှိသည့်အပြင် လူအများနှင့် ဆက်သွယ်နိုင်သော အကျိုးကျေးဇူးများ

ရှိသည်။ ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့၏ အကြီးအကဲ ရာထူး ဆိုသည့်မှာ သူငယ်တန်းကလေးများကို စောင့်ကြည့်ရသည်နှင့် တူနေသည်။

ကျန်းဖိန်က ယာယီ အကြီးအကဲ ဖြစ်ချင်နေကြောင်း သူ သိသည်။ သူကမူ လက်ထောက် အကြီးအကဲ ရာထူးကိုပင် စိတ်မဝင်စားသောကြောင့် ရာထူး လစ်လပ်နေသော နေရာမှာ ကူဖိန်းကို တတ်နိုင်သမျှ အမြန်ဆုံး ခန့်အပ်ချင်နေသည်။

ကူဖိန်း အကြောင်းနှင့် ပက်သက်ပြီး ဘာမှ မသိသော်လည်း ချန်းသွမ်၏ အကြိုက်ကို သူ ယုံကြည်သည်။ ထို့အပြင် ကျန်းဖိန်က လက်ထောက် အကြီးအကဲ ရာထူး ခန့်အပ်ရန် အလုပ်ရှုပ်နေမည် ဖြစ်သောကြောင့် ရက်ပိုင်းခန့် သူ့ကို မနှောက်ယှက် နိုင်တော့ချေ။

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသမီးများ ပိုမို စည်းလုံးနိုင်သည် ဟူသော စကားမှာ အကြောင်းပြချက် သက်သက်သာ ဖြစ်သည်။

အခိက အချက်မှာ ကူဖိန်းက ချန်းသွမ်ထံမှ အပြည့်သဘော ဆောင်သော မှတ်ချက်များ ရရှိထားသောကြောင့် ပင် ။

## အခန်း(၉၇၂) - အချစ်က ငါတို့ကို မွန်စေတယ်။

ကျန်းဖိန် ကိစ္စကို ဖြေရှင်းပြီးနောက် လင်းဟွမ်သည် ဆက်သွယ်ရေး မျက်နှာပြင်ထဲတွင် ဝမ်ပေါင် လေလံအိမ်တော်မှ ထန်ရှူက နှစ်ကြိမ်တိုင်တိုင် ဖုန်းခေါ်ထားကြောင်း သတိထားမိလိုက်သည်။

လင်းဟွမ်ကိုလည်း မက်ဆေ့ချ် နှစ်ခု ပို့ထားသည်။

ပထမ မက်ဆေ့ချ်တွင် ထန်ရှူက သူ့ကို နတ်ဘုရားတစ်ပိုင်း ဆရာနှင့် ဆက်သွယ်ပေးစေချင်ကြောင်း ဖော်ပြထားသည်။

လင်းဟွမ်သည် သူ ရုပ်ဖျက်သည့် အခါတိုင်း ထန်ရှူနှင့် အမြဲတမ်း ဆက်သွယ်လေ့ ရှိသော အင်ပါယာနှလုံးသား လက်စွပ်ကို ထုတ်ယူလိုက်သည်။

အင်ပါယာ နှလုံးသား လက်စွပ်ကို အသက်သွင်းလိုက်သည်နှင့် အကြောင်းကြားချက် အချို့ ထွက်ပေါ်လာသည်။

ထန်ရှုထံမှ လွဲချော်သွားသော ဖုန်းခေါ်ဆိုမှု လေးကြိမ်နှင့် ပေးပို့ထားသော မက်ဆေ့ချ် သုံးခုကို ဖတ်ပြီးနောက် မှိုရသွားသော မျက်နှာကဲ့သို့ ပြုံးလာသည်။

လွန်ခဲ့သော ဆယ်ရက်ခန့်က ဝမ်ပေါင် လေလံပွဲတွင် လေလံတင်ခဲ့သော ပိုင်ဟောင် (နတ်ဘုရား လှံ့ခါတ်ကွင်း)ကို စိတ်ဝင်စားကြောင်း ဖော်ပြထားသည်။ ထိုလူများက နတ်ဘုရား ရုပ်တုများနှင့် ရောင်းဝယ် ဖောက်ကားရန် ဆန္ဒ ရှိနေကြသည်။

သို့သော်လည်း ထန်ရှု တစ်ယောက်သည် နတ်ဘုရား ဓါတ်ကြွင်းကို လင်းဟွမ်ထံ ပြန်ပေးထားခဲ့ပြီ ဖြစ်သောကြောင့် ရောင်းချင်စိတ်ရှိလျှင်ပင် မရောင်းနိုင် ဖြစ်နေရှာသည်။ ထို့ကြောင့် ကူကယ်ရာမဲ့စွာ လင်းဟွမ်ထံ ဖုန်းခေါ်ရခြင်း ပင်။

ထို့ပြင် လင်းဟွမ်က တော်ဝင်စမ်းသပ်မှုထဲ ရောက်နေသောကြောင့် ဖုန်းခေါ်၍ မရခဲ့ပေ။

“နောက်ဆုံးတော့ နတ်ဘုရားရုပ်တု နှစ်ခုကို ငါ ရတော့မယ်..”

လင်းဟွမ်သည် ထုံးစံအတိုင်း နတ်ဘုရားတစ်ပိုင်း ပုံစံ ရုပ်ဖျက်ပြီးနောက် အားလုံး ဟာကွက် မရှိကြောင်း သေချာအောင် စစ်ဆေးလိုက်ပြီး ထန်ရှူထံ ဖုန်းခေါ်လိုက်သည်။

"ဆရာ.. နောက်ဆုံးတော့ ဆက်သွယ်လာပြီပေါ့.."

ဖုန်းကိုင်လိုက်သည်နှင့် ထန်ရှူက ဝမ်းသာအားရ ပြောလာသည်။

"အေး ဟုတ်တယ်.. ငါ့တပည့်ကို လေ့ကျင့်ပေးဖို့ ဟင်းလင်းပြင် အပျက်အစီးထဲ ခေါ်သွားတာ။

ဒါကြောင့် မင်းကို ရက်နည်းနည်းကြာမှ ဖုန်းပြန်ခေါ်ဖြစ်တာ”

လင်းဟွမ်က ခံစားချက် ကင်းမဲ့နေသော မျက်နှာနှင့် ခေါင်းညိတ်ပြီး ပြောလိုက်သည်။

“အော်.. ဆရာတို့ နှစ်ယောက်လုံးကို ဆက်သွယ်လို့ မရတာ မဆန်းတော့ပါဘူး”

“ပိုင်ဟောင်ကြောင့် မဟုတ်လား။ ငါတပည့်က (၂) ရက်အတွင်း မင်းဆီ ယူလာပေးလိမ့်မယ်။ အရောင်းအဝယ် လုပ်ပြီးတာနဲ့ သူ့ဆီ တိုက်ရိုက် ဆက်သွယ်လိုက်လို့ ရတယ်”

လင်းဟွမ်သည် ထန်ရှုဖုန်းကို ချပြီးနောက် လင်းရှီ၏ အထောက်အထားကို အသုံးပြုကာ ထန်ရှုထံ မက်ဆေ့ချ် ပေးပို့လိုက်သည်။

"မနက်ဖြန် ဝမ်ပေါင် လေလံအိမ်တော်ကို နတ်ဘုရား ဓါတ်ကြွင်း ယူလာပေးမယ်.."

စက္ကန့် အနည်းငယ်အတွင်းမှာပင် ထန်ရှုက မက်ဆေ့ချ် ပြန်ပို့လာသည်။

"ကျေးဇူးတင်တယ် ညီအစ်ကိုလင်း။ ငါ့ဘက်ကလည်း နတ်ဘုရား ဓါတ်ကြွင်းကို တတ်နိုင်သမျှ အမြန်ဆုံး ရောင်းလို့ရအောင် စီစဉ်

လိုက်မယ်။ ငါ အရောင်းအဝယ် လုပ်ပြီး ဈေးညှိနိုင်းပြီးတာနဲ့ ချက်ချင်း ဆက်သွယ်လိုက်မယ်..”

လင်းဟွမ်သည် ထန်ရှုနှင့် စကားပြောပြီးနောက် ဝမ်းသာလုံး ဆို့နေသည်။ နတ်ဘုရားရုပ်တုကို ရရှိရန် မစောင့်နိုင်အောင် ဖြစ်နေသည်။ သူသည် နတ်ဘုရားရုပ်တု နှစ်ခုကို ရရှိသည်နှင့် တပြိုင်နက် အင်မော်တယ် အဆင့် (၉) အထိ မြှင့်တင်နိုင်မည် ဖြစ်ပြီး အင်ပါယာအဆင့်ကို တရားဝင် ခြေချရန် ခြေလှမ်း တစ်လှမ်းသာ လိုတော့မည်။

စိတ် တည်ငြိမ်လာသောအခါ နောက်ထပ်လုပ်စရာတစ်ခု ကျန်နေသေးကြောင်း သတိရသွားသည်။ ဆက်သွယ်ရေး စာအုပ်ကို ဖွင့်ပြီးရှာကြည့်ရာ နာမည်တစ်ခုကို တွေ့လိုက်သည်။

ရန်လင်းပင်။

ဖုန်းခေါ်သည့် ခလုတ်ကို နှိပ်လိုက်သည်။ ဗီဒီယိုဖုန်းသည် တစ်ချက် မြည်ပြီးနောက် ဖုန်းလိုင်းချိတ်ဆက်သွား၏။

လင်းဟွမ်သည် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြီးတောက်ပြောင်အောင် ဖြီးလိမ်းထားသော ရန်လင်းကို

တွေ့ရသဖြင့် အံ့အားသင့်သွားသည်။ ဆံပင်ကိုပင် ကျော့နေအောင် ဖြီးထားသည်။

"ရန်လင်းလား.."

လင်းဟွမ်က မသေချာ မရေရာ မေးလိုက်သည်။

လင်းဟွမ်သိသော ရန်လင်းဆိုသည်မှာ အမြဲတမ်း ပေတိပေစုတ် နေတတ်ပြီး ယခုလက်ရှိ သူ့ပုံနှင့် လုံးဝ လမိုင်း မကပ်ပေ။ ဗီဒီယို ဖုန်းထဲတွင် ဖင်ပြောင်ကြီး ဖြစ်နေသော ရန်လင်းကို တစ်ကြိမ် ထက်မက မြင်ဖူးသည်။ ယခင်က မိန်းမများနှင့် လိင်ဆက်ဆံ နေသည်ကိုပင် မြင်ဖူးသည်။ ယခုမူ

စမတ်ကျကျ၊ ကျော့ကျော့မော့မော့ ဝတ်ဆင်ထားသည်ကို မြင်လိုက်လျှင် နားမလည်နိုင်ဖြစ်နေသည်။

"ငါ ရုပ်မချောဘူးလား.."

ရန်လင်းက ဂုဏ်ယူစွာ မေးလိုက်သည်။

"ပလပ်စတစ် ဆာဂျရီ လုပ်ထားလို့လား.."

လင်းဟွမ်က ပြုံးပြီး နောက်ပြောင်လိုက်သည်။

“fuck.. ပလပ် စတစ်ဆာဂျရီ လုပ်ဖို့ လိုလို့လား။ ကောင်းကောင်းကြည့်စမ်း.. ဒါလုံး၀ အစစ်တွေ ချည်းပဲ.. ဆီလီကွန် တစ်ခုမှ မပါဘူး..”

ရန်လင်းက ဖုန်းမျက်နှာပြင် အနားသို့ မျက်နှာ ကပ်လာပြီး မေးစေ့ကိုမော့၊ နှာခေါင်းကို ညှစ်ပြသည်။

“တွေ့လား.. တကယ့်ကို လူချောတစ်ယောက်ပဲ.. အကုန်အစစ်..”

“ရပြီ ရပြီ.. မင်းခန္ဓာကိုယ် အစိတ်အပိုင်းမှာ ငါ မမြင်ဖူးတဲ့ နေရာ မရှိတာလည်း မဟုတ်ပဲနဲ့။

အရမ်းကြီး မကပ်နဲ့.. မင်း ခေါင်းထဲက သန်းတွေတောင် မြင်နေရပြီ.. မျက်လုံး ယားတယ်”

ရန်လင်းသည် ခပ်လှမ်းလှမ်း ပြန်ဆုတ်သွားပြီးနောက် သူ့နှာခေါင်းပေါက်များကို စစ်ဆေးရန် ကိုယ်ပိုင် မျက်နှာပြင်ကို ကြည့်လိုက်သည်။

“ကဲ ကောင်းပြီ.. ဟိုဟိုဒီဒီ လမ်းကြောင်းလွှဲနေတာ ရပ်လိုက်တော့.. မင်းရော မစ္စဟုန်နဲ့ အတူတူ ရှိနေသေးတာလား..”

လင်းဟွမ်က မနေနိုင်ဘဲ မေးလိုက်သည်။ နောက်ဆုံး အချိန်က ရန်လင်းဘေးတွင် ရှိနေသော ဟုန်ကျန်းကို မှတ်မိနေသေးသည်။

“မစ္စဟုန် ဟုတ်လား။ မင်း ဒီလို မခေါ်သင့်တော့ဘူး။ အဟမ်း... အဟမ်း.. မဒမ်ရန်လို့ ပြောင်းခေါ်”

ရန်လင်းက သိန်းထီ ပေါက်ထားသော မျက်နှာနှင့် ပြောလိုက်သည်။

“နောက်လ နေ့ကောင်း ရက်သာလေးမှာ သူမကို ဖွင့်ပြောဖို့ စိတ်ကူးထားတယ်..”

"မင်း သူမနဲ့သိတာ လပိုင်းပဲ ရှိသေးတယ် မဟုတ်ဘူးလား။ လက်ထပ်ခွင့်တောင် တောင်းတော့မယ်ဆိုတော့ မင်းဟာက သေရော သေချာလို့လားကွာ.."

လင်းဟွမ်သည် ဆွံ့အနေသည်။ သူသည် ဟုန်ကျန်း၏ အတိတ်ကို ကောင်းကောင်း သိနေသည်။ ရန်လင်းသည် သူကဲ့သို့ ခရီးသွားတစ်ယောက် ဖြစ်သော်လည်း ဤမိန်းမနှင့် မယှဉ်နိုင်ဘဲ ကြိုးကိုင် ခြယ်လှယ်ခံရမည်ကို သူ ကြောက်မိသည်။

"သေချာတာပေါ့.. ငါ အာမခံတယ်.."

ရန်လင်းက အားတက်သရော ခေါင်းညိတ်ပြသည်။

"ငါ့ဘဝမှာ ဘယ်မိန်းမနဲ့မှ ဒီလို ခံစားချက်မျိုး တစ်ခါမှ မရခဲ့ဖူးဘူး။ တစ်ဘဝလုံးကို မိန်းမ တစ်ယောက်နဲ့ အတူတူ ကုန်ဆုံးချင်တာ ဒါပထမဦးဆုံး အကြိမ်ပဲ။ တကယ်လို့ ဒီအခွင့်အရေး လွဲချော်သွားရင် အနာဂတ်မှာ ဘယ်တော့မှ ဒီလို ခံစားချက်မျိုး ရှိလာမှာ မဟုတ်တော့ဘူး"

"မင်း သူ့အကြောင်း ဘယ်လောက် သိပြီးပြီလဲ။ သူ့ဆီမှာ ဘယ်သူမှမသိတဲ့ အတိတ်တွေ ရှိနေရင်ရော ဘယ်လို လုပ်မလဲ"

လင်းဟွမ်က မရေမရာ သဲလွန်စလေး ထုတ်ပြောလိုက်သည်။ သို့သော်လည်း ရန်လင်းက ထိုအချက်ကို လုံးဝ သတိမထားမိပေ။

"အတိတ် မရှိတာ ဘယ်သူရှိလို့တုန်း။ ငါ့အတိတ်လည်း မသန့်ရှင်းဘူးလေ။ အတိတ်ကို အတိတ်မှာပဲ ထားလိုက်မယ်။ ဘာဖြစ်လို့ တွယ်တာ

ဖက်တွယ် နေရမှာလဲ။ အခု ငါ့ကို ကြိုက်နေရင် လုံလောက်ပြီ..”

ရန်လင်းသည် ဟုန်ကျန်းနှင့် ပတ်သက်၍ အရှုးအမဲသား ကျွေးထားသကဲ့သို့ သည်းကြီးမဲကြီး ဖြစ်နေသောကြောင့် လင်းဟွမ်က ဘာမှ ထပ် မပြောတော့ပေ။

“ကဲ.. ဒါဆိုလည်း ကောင်းပြီလေ. အလုပ်ကိစ္စပဲ ပြောရအောင်..”

“ဒီတစ်ခေါက် မင်းမှာ လက်စွပ် ဘယ်လောက်ရှိလဲ ငါ့ကိုပြော..”

ရန်လင်းက တန်းမေးလိုက်သည်။

"အခြေအနေက နည်းနည်း ကွာခြားသွားပြီ.."

လင်းဟွမ်က အသံတိုးလိုက်ပြီး..

"တခြားကမ္ဘာက သိုလှောင်လက်စွပ်တွေ မင်း ဖွင့်နိုင်မလားလို့ မေးချင်တာ"

"ဘာ.."

ရန်လင်းသည် ထိုစကားကို ကြားလျှင် ချက်ချင်း အံ့အားသင့်သွားသည်။

"ဒီပစ္စည်းတွေ မင်း ဘယ်လို ရတာလဲ.."

"အဲ့ဒါတော့ မမေးနဲ့.. မင်း ဖွင့်နိုင်လား၊ မဖွင့်ဘူးလားပဲ ပြော.. မလုပ်နိုင်လည်း ရတယ်.."

"ငါ အရင်က တစ်ခါမှ မလုပ်ဖူးဘူး.. ပစ္စည်းတွေမြင်မှပဲ ပြောလို့ ရမယ်.."

ရန်လင်းက စဉ်းစားပြီးနောက် ပြန်ဖြေလိုက်သည်။ ထို့နောက် ချက်ချင်း ပင်....

"ဘယ်လောက်များလဲ.. အများကြီးလား.."

"တော်တော် များတယ်.."

လင်းဟွမ်က အတည်ပြုလိုက်သည်။

"ရတယ်လေ.. အဲ့ဒါတွေ ငါ့ဆီပို့လိုက်။ ငါ ကြိုးစားကြည့်မယ်.. တကယ်လို့ မလုပ်နိုင်ရင် နောက်လ ပြန်ပေးပေးလိုက်မယ်.."

"နောက်လ ဟုတ်လား.. အခု မင်း ဘယ်မှာလဲ.."

လင်းဟွမ်က ခေါင်းရှုပ်သွားပြီး လှမ်းမေးလိုက်သည်။

"အခု ငါ့ရဲ့ မဒမ်ရန်လေးနဲ့ အတူတူ အဖွဲ့ခွဲ(၃)ကို ခရီးသွားနေတာ.. အစောဆုံး နောက်လမှ အဖွဲ့ခွဲ (၇)ကို ပြန်ရောက်လိမ့်မယ်"

ရန်လင်းက ဂုဏ်ယူစွာ ပြောလိုက်သည်။

"အေး ငါလည်း အဖွဲ့ခွဲ (၃) မှာ.. မင်းလိပ်စာ ငါ့ဆီပေးလိုက်။ (၂) ရက်အတွင်း မင်းဆီ လာခဲ့မယ်.."

ရန်လင်းက အဖွဲ့ခွဲ (၃) ကို ရောက်နေလိမ့်မည်ဟု လင်းဟွမ် မမျှော်လင့်ထားပေ။

"ဟာ ဒါဆိုရင်တော့ အလုပ် ဖြစ်တာပေါ့.."

ရန်လင်း ဖုန်းချပြီး သိပ်မကြာခင် လိပ်စာ ပေးပို့လာသည်။

"အမှတ် (A -17) ကျီးကန်းမြို့လား....၊ ဒါက ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းရဲ့ နယ်မြေပဲ.."

လင်းဟွမ်သည် ရန်လင်း ပေးပို့လာသော လိပ်စာကို ဖတ်ပြီးနောက် မျက်မှောင် မကြုတ်ဘဲ မနေနိုင်တော့ချေ။

"ဟုန်ကျန်းက ဘာလုပ်ဖို့ ကြိုးစားနေတာလဲ.."

လင်းဟွမ်သည် ရန်လင်းကို သတိထားရန်အတွက် သတိပေးဖို့ စဉ်းစားလိုက်သည်။ နောက်ဆုံးတွင် သူတို့ နှစ်ယောက်လုံးက ကမ္ဘာမြေမှ ရောက်လာသော ခရီးသွားများ ဖြစ်ပြီး

တစ်ယောက်နှင့် တစ်ယောက် သိခဲ့ကြသည်မှာ နှစ်နှစ်ကျော်နေပြီ။ ဤလိုမျိုး ဒုက္ခရောက်မည့် အရေးကို ဘေးမှ လက်ပိုင်၍ မကြည့်နေနိုင်ချေ။

သို့သော်လည်း စဉ်းစားပြီးနောက် ထိုအကြံကို ချက်ချင်း ဖျက်သိမ်းလိုက်သည်။ ယခုအချိန်တွင် ရန်လင်းသည် မ,စိတ် မွန်နေသောကြောင့် သူဘာပဲ ပြောပြော နား မဝင်နိုင်ပေ။ ဆန့်ကျင်ဘက် အနေနှင့် ဟုန်ကျန်းကို အကြောင်းပြုပြီး သူနှင့် ရန်လင်းကြားတွင် သဘောထား ကွဲလွဲမှုများ ဖြစ်လာနိုင်သည်။

အချစ်သည် မိန်းမများကို မိုက်မဲ စေရုံသာမက အမျိုးသားများ အပေါ်တွင်လည်း အတူတူပင်။ ယောကျ်ားများ မိုက်မဲပါက မိန်းမများထက်ပင် ပို ဆိုးသေးသည်။

ယခု လက်ရှိအချိန်၌ ရန်လင်း၏ မျက်လုံးထဲ၌ ဟုန်ကျန်းက လှပနေမည် ဖြစ်ပြီး သူမ ဘာပဲလုပ်လုပ် အကုန် မှန်နေလိမ့်မည်။ သူမ ဖုံးကွယ်ထားသော အရာများကို မမြင်နိုင်သလို မြင်လျှင်ပင် လျစ်လျူရှုရန် ရွေးချယ်ပေလိမ့်မည်။

“ထားလိုက်တော့ကွာ... နောက်နှစ်ရက် သူနဲ့တွေ့မှပဲ ဘာလုပ်ရမလဲ ဆိုတာ ကြည့်တော့မယ်။ လိုအပ်မှပဲ ဟုန်ကျန်းအကြောင်း ပြောတာကောင်းတယ်။ ယုံတာ၊ မယုံတာ သူ့ကိစ္စပဲ”

## အခန်း(၉၇၃) - အလုပ် ဖြစ်ပြီလို့သာ မှတ်လိုက်တော့

နောက်တစ် နေ့မနက်တွင် လင်းဟွမ်သည် မနက်စာ စားပြီးနောက် ဝမ်ပေါင် လေလံအိမ်တော်သို့ အေးအေးလူလူ ထွက်လာခဲ့သည်။

တံခါးဝမှ ဝင်လိုက်သောအခါ ထူးခြားသော အသွင်အပြင် ရှိသည့် အမျိုးသမီး တစ်ယောက်က သူ့ကို အပြုံးချိုချိုလေးနှင့် ကြိုဆိုနေ၏။

“မစ္စတာလင်း… ငါ့သူဌေးက မင်းကို ညည့်ခန်းကြီးထဲ ခေါ်ခိုင်းထားတယ်။ ကျေးဇူးပြုပြီး နောက်က လိုက်ခဲ့ပေးပါ”

လင်းဟွမ်က ခေါင်းညိတ်ပြီး သူမနောက်မှ လိုက်သွားသည်။

လူအုပ်ကြီးကို ဖြတ်ကျော်ပြီးနောက် အခန်းထဲသို့ ရောက်လာသည်။ အခန်း အဝင်ဝ နံရံပေါ်တွင် ချိတ်ဆွဲထားသော ဖြတ်သန်းခွင့်ကတ်ကို ဖြတ်သန်းခွင့် မျက်နှာပြင်ပေါ်တွင် ပွတ်ကာ တံခါးကို ဖွင့်လိုက်သည်။

"မစ္စတာလင်း... ငါတို့ သူဌေး ချက်ချင်း ရောက်လာပါလိမ့်မယ်။ ကော်ဖီ ကြိုက်လား... လက်ဖက်ရည် ကြိုက်လား... ဒါမှမဟုတ် တခြား ဘာသုံးဆောင်မလဲ..."

လင်းဟွမ်သည် ခေါင်းညိတ်လိုက်ရင်း ဧည့်ခန်းထဲက ကော်ဖီစက်ကို သတိ ထားမိလိုက်ပြီးနောက် ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ဘာလက်ကော်ဖီ... ကျေးဇူးပဲ..."

"ဟုတ်... တစ်မိနစ်လောက်တော့ စောင့်ပေးပါ..."

အမျိုးသမီးက ကော်ဖီစက်ပေါ် လက်တင်ရင်း ပြန်ပြောလိုက်သည်။

“အဲ... ဒီမနက်ကပဲ အသီးတွေ ရောက်လို့... ငါတို့ ဆေးထားတာ...”

“အို...”

လင်းဟွမ်သည် သစ်သီး အမျိုးအစားပေါင်း (၇) မျိုး၊ (၈) မျိုးခန့် ထည့်ထားသော သစ်သီးခြင်း တစ်ခြင်းကို ကော်ဖီစက်နားက စားပွဲပေါ်တွင် တွေ့လိုက်သည်။ ယခင် သတိမထားမိခဲ့ပေ။

ထို့နောက် စတော်ဘယ်ရီချဉ် တစ်လုံးကို ကောက်ယူပြီး ဆိုဖာပေါ် ထိုင်ကာ ပါးစပ်ထဲ ပေါ့ပေါ့ပါးပါး ပစ်ထည့်လိုက်သည်။ စတော်ဘယ်ရီချဉ်သည် ချယ်ရီသီးနှင့် ခပ်ဆင်ဆင် တူသော အသီးတစ်လုံး ဖြစ်သည်။

ထိုအသီးက အစေ့မရှိဘဲ အရသာက ချယ်ရီသီးနှင့် ဘလူး ဘယ်ရီသီးကို ပေါင်းစား နေရသည်နှင့် တူ၏။ အရည်ရွှမ်းကာ ချိုမြိန်ပြီး အနည်းငယ် ချဉ်သည်။ ထိုအသီးသည် အကျိုးဆောင်အမှတ် ရာပေါင်းများစွာ ကုန်ကျပြီး သာမန်လူများအတွက် အလွန်

ဈေးကြီးသည်။ သို့သော်လည်း ကျင့်ကြံသူများအတွက်က အလွယ်တကူ စားသောက် နိုင်ကြသည်။

လင်းဟွမ်က ပါးစပ်ထဲသို့ စတော်ဘယ်ရီချဉ်နှစ်လုံး ပစ်ထည့်လိုက်သည့် အချိန်တွင် ထန်ရှူက တံခါးဖွင့်ပြီး အပြုံးကလေးနှင့် လင်းဟွမ်ထံ လျှောက်လာသည်။

"ညီအစ်ကိုလင်း... စောင့်နေရလို့ တောင်းပန်ပါတယ်..."

"ဟာ... ကိစ္စ မရှိပါဘူး... ငါလည်း အခုမှ ရောက်တာ..."

လင်းဟွမ်က မတ်တပ်ထရပ်ပြီး အပြုံးကလေးနှင့် လက်ဝှေ့ယမ်း ပြလိုက်သည်။

သူတို့ ပြန်ထိုင်ပြီးနောက် ထန်ရှူက နတ်ဘုရားဓါတ်ကြွင်း အကြောင်းကို တိုက်ရိုက် မပြောဘဲ အစောင့်များကို လှမ်းကြည့်လိုက်ပြီး

ထိုအစား သူက လင်းဟွမ်၏ နေ့စဉ်ဘဝ အကြောင်းကိုသာ ပြောဆိုနေခဲ့သည်။

"ညီအစ်ကိုလင်း နှစ်လပဲ ရှိသေးတယ်... မင်းရဲ့ တိုက်ခိုက်ရေး အစွမ်းက တော်တော် မြင့်တက်လာတာပဲ..."

"ဟုတ်တယ်... ဆရာ့ရဲ့ ကျေးဇူးပေါ့..."

လင်းဟွမ်က အထောက်အထား အတုကို နောက်တစ်ကြိမ် ချီးမြှောက် လိုက်ပြန်သည်။

"ဒါတော့ ဒါပေါ့... မင်းမှာကွာ... နတ်ဘုရားတစ်ပိုင်း အဆင့် ဆရာရှိနေတာ ငါတောင် မနာလိုဘူးဟေ့..."

ထန်ရှု၏ မျက်နှာပေါ်တွင် အမှန်တကယ် တောင်းတနေသော အမူအရာများ ပေါ်နေသည်။ သူသည် ချမ်းသာသော မိသားစုမှ ဆင်းသက် လာသော်လည်း သူတို့မျိုးဆက်နှင့် အနည်းငယ်

အလှမ်းဝေး နေသလို သူတို့မျိုးနွယ်ထဲတွင် နတ်ဘုရားတစ်ပိုင်း တစ်ပါးသာ ရှိသည်။ ထို့ကြောင့် ထို နတ်ဘုရားတစ်ပိုင်းထံမှ မည်သည့် သင်ကြားမှုကိုမှ မရရှိခဲ့ပေ။

"မင်းတို့ အစောပိုင်းက ဟင်းလင်းပြင် အပျက်အစီးထဲ ရောက်နေတယ်လို့ မင်းဆရာ ပြောတာ ငါ ကြားလိုက်တယ်..."

"ဟုတ်တယ်... အဲ့ဒါက ဆရာ မတော်တဆ တွေ့ထားတဲ့ ဆရာ့ရဲ့ ကိုယ်ပိုင် ဟင်းလင်းပြင်ပဲ။

ငါတို့ အထဲရောက်နေတာ တစ်လလောက် ရှိပြီ။ မနေ့ကမှ ပြန်ထွက်လာကြတာ...”

လင်းဟွမ်က သူ ရုပ်ဖျက်ထားသော နတ်ဘုရားတစ်ပိုင်း အကြောင်းကို အသေးစိတ် ပြောပြလိုက်သည်။

“နတ်ဘုရားတစ်ပိုင်း တစ်ပါးက ကိုယ်တိုင် လေ့ကျင့်ပေးဖို့ ဆိုတာ ငါတို့ အိပ်မက်ထဲတောင် ထည့်မမက်ဝံ့တဲ့ အရာပဲ...”

ခေတ္တမျှ စကား ပြောပြီးနောက် ဝန်ထမ်း အမျိုးသမီးက လင်းဟွမ်အတွက် ကော်ဖီ ချပေးလိုက်သည်။

ထန်ရှူက သင်းပျံ့ မွှေးကြိုင်နေသော ရနံ့ကို ရှူရှိုက်ပြီးနောက် သူ့အတွက် တစ်ခွက် လုပ်ပေးရန် အမိန့်ပေးလိုက်သည်။ ဝန်ထမ်း အမျိုးသမီးသည် ထန်ရှူအတွက် ကော်ဖီ ချပေးပြီးနောက် ဧည့်ခန်းထဲမှ ပြန်ထွက်ကာ တံခါး ပိတ်ထားခဲ့သည်။

ဝန်ထမ်းများ ထွက်ခွာသွားသည်ကို မြင်လျှင် ထန်ရှူသည် မအောင့်နိုင်တော့ဘဲ အသံ လျှော့ချပြီး မေးလိုက်သည်။

"ညီအစ်ကိုလင်း... နတ်ဘုရား ခါတ်ကြွင်း ယူလာလား..."

လင်းဟွမ်က ပြုံးပြီး ကော်ဖီခွက်ကို အောက်ချကာ နတ်ဘုရား ခါတ်ကြွင်းလုံးကို ထုတ်ယူလိုက်သည်။

ထန်းရှူသည် နတ်ဘုရား ခါတ်ကြွင်းလုံးကို မြင်သောအခါ ကိုယ့်ကိုယ်ကို မထိန်းချုပ်နိုင်ဘဲ

စိတ်လှုပ်ရှားလာသည်။ ထို့နောက် ဖြည်းဖြည်းလေး နမ်းလိုက်သည်။

ထန်ရှု၏ မျက်လုံးများသည် ပိုင်ဟောင်ကို ပထမဦးဆုံးအကြိမ် မြင်ဖူးခြင်း မဟုတ်သော်လည်း ဤနတ်ဘုရား ဓါတ်ကြွင်းကို မြင်လိုက်တိုင်း သူ့မျက်လုံးများက တောက်ပလာသည်။

“ဒီတစ်ခါ ဘယ်လို ရောင်းဖို့ စီစဉ်ထားလဲ...”

လင်းဟွမ်က နတ်ဘုရားရုပ်တုကို တတ်နိုင်သမျှ အမြန်ဆုံး လိုချင်နေသောကြောင့် မေးလိုက်သည်။

အကယ်၍ ထန်ရှုက လေလံပွဲ နောက်တစ်ခု ကျင်းပရန် စီစဉ်နေပါက အမြန်ဆုံး ဆိုလျှင်ပင် နောက်တစ်လ ကြာအုံးမည်။

“ဝယ်လက် နှစ်ယောက်ကလည်း ဝယ်ဖို့ အလျှင်လိုနေလို့ ဒီတစ်ကြိမ်တော့ လေလံပွဲ မလုပ်ဖြစ်တော့ဘူး… ပြီးတော့ ငါတို့ စုဆောင်းထားတဲ့ အထဲမှာ ပစ္စည်းကောင်းလေးတွေ မရှိသေးဘူး။”

“ ဒီအကြောင်းပြောဖို့ ဝယ်လက် နှစ်ယောက်ကို ငါ ဖိတ်ခေါ်ထားတယ်… အမြင့်ဆုံးဈေး ပေးတဲ့ လူရမယ်…”

ထန်ရှူက အနည်းငယ် ကူကယ်ရာမဲ့ နေသော ခံစားချက်နှင့် ထုတ်ပြောလိုက်သည်။ သူ၏ ကျော်ကြားမှုကို မြှင့်တင်ရန်အတွက် လေလံပွဲကို စီစဉ် ချင်သော်လည်း အခြေအနေက သူ့ကို ခွင့်မပြုပေ။ ပုံမှန် အခြေအနေဆိုပါက ဝမ်ပေါင်လေလံ အိမ်တော်သည် ကြီးမားသော လေလံပွဲတစ်ပွဲကို ကျင်းပနိုင်ရန် ပစ္စည်း

စုဆောင်းဖို့အတွက် နှစ်လ၊ သုံးလ မှနေ၍ တစ်နှစ်ခွဲ တိုင်အောင် အချိန်ယူ ပြင်ဆင်ရသည်။ အသေးစား လေလံပွဲ ပြင်ဆင်ရန် အတွက်ပင် ပြင်ဆင်ချိန် တစ်လကျော် လိုအပ်သည်။

“မနက်ဖြန် မနက်ကျရင် သူတို့နဲ့တွေ့ဖို့ စီစဉ်ထားတယ်… အားလုံး စီစဉ်ထားတဲ့အတိုင်း ဖြစ်လာမယ်ဆို နေ့လယ် မတိုင်ခင် အပြီးသတ် သဘောတူညီမှုကို ရလိမ့်မယ်… ပြီးတာနဲ့ ငါ မင်းကို ချက်ချင်း ဆက်သွယ်လိုက်မယ်…”

ထန်ရှု၏ အစီအစဉ်က လင်းဟွမ် လိုချင်သည့်အတိုင်း အတိအကျ ကွက်တိ တူနေ၏။

"အို... ဟုတ်ပြီ... မင်းဆရာက ဒီ အရောင်းအဝယ်လုပ်ဖို့ နတ်ဘုရားရုပ်တု အပြင် ဘာလို သေးတယ်လို့ တိတိကျကျ ပြောလိုက်သေးလား....."

ထန်ရှုက သတိထားကာ မေးလိုက်သည်။

"သူက ဒီတစ်ကြိမ်တော့ ပေါ့ပေါ့ပါးပါးပဲ။ အကောင်းဆုံးကတော့... နတ်ဘုရားတစ်ပိုင်း အဆင့်

ဝိညာဉ် သလင်းကျောက်လို့တော့ ပြောတယ်။ အဲ့ဒါတွေ တစ်ခုမှ မရှိဘူးဆိုရင်လည်း နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းဆို လုံလောက်တယ်တဲ့”

လင်းဟွမ်က အဖြေကို စဉ်းစားပြီး ပြောလိုက်သည်။

“အာ... ပြဿနာ မရှိဘူး... ငါ ဝယ်လက်တွေကို ပြောလိုက်မယ်...”

ထန်ရှူက ခေါင်းညိတ်လိုက်သည်။

“ ဒါဆို မနက်ဖြန် သတင်းကောင်းကိုပဲ စောင့်နေလိုက်မယ်...”

လင်းဟွမ်သည် ထန်ရှူနှင့် အောင်မြင်စွာ ဆွေးနွေးပြီးနောက် ဟိုတယ်သို့ ပြန်ထွက်လာခဲ့သည်။ စိတ်တည်ငြိမ်အောင် လုပ်ပြီး ခါးသိုင်း လေ့ကျင့်ရန် လုပ်လိုက်စဉ် အင်ပါယာနှလုံးသား လက်စွပ်က ရုတ်တရက် တုန်ခါလာသည်။

ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်လိုက်သောအခါ ကျန်းဖိန်ထံမှ မက်ဆေ့ချ်တစ်ခု ဖြစ်နေကြောင်း သိလိုက်သည်။

“အစည်းဝေး ကျင်းပမယ့်ရက်က… သန်ဘက်ခါ မနက် (၉) နာရီခွဲလို့ သတ်မှတ်လိုက်ပြီ။ နေရာက ကြယ်လမ်းစဉ်သစ်ပင် စစ်ဆေးရေးဂိတ် (၆၃) ရဲ့ အစည်းအဝေး ခန်းမ၊ ကျေးဇူးပြုပြီး အချိန်မီ လာပေးပါ…”

လင်းဟွမ်က မက်ဆေ့ချ် ပြန်ပို့လိုက်သည်။

“လာခဲ့မယ်…”

ထို့နောက် ဓါးကျင့်စဉ်ကို ဆက်လက် လေ့ကျင့်နေလိုက်သည်။

နောက်တစ်နေ့ မနက်တွင် မနက်စာစားပြီးနောက် ပိုင်ဟောင်(လှံ) ရောင်းချသည့် ကိစ္စကသာ စိတ်ထဲ ကြီးစိုးနေသဖြင့် လေ့ကျင့်ရန်ပင် အာရုံမစိုက်နိုင် ဖြစ်နေသည်။ ထို့ကြောင့် လေ့ကျင့်မည့် ကိစ္စကို ဘေးဖယ်ထားပြီး နှလုံးသားကွန်ရက်နှင့် မုဆိုးအဖွဲ့အစည်း ဖိုရမ်ထဲမှ သတင်းများကို ကြည့်ရှုနေခဲ့သည်။

မုဆိုးအဖွဲ့အစည်း ဖိုရမ်ပေါ်က မထင်ရှားသော သတင်းတစ်ပုဒ်က သူ့အာရုံကို ရုတ်တရက် ဖမ်းစားသွားသည်။

ထိုသတင်း ခေါင်းစဉ်မှာ

'ခရမ်းရောင် ကြီးကန်း အဖွဲ့အစည်း ဘာတွေလုပ်နေတာလဲ...'

ခေါင်းစဉ်တွင် ခရမ်းရောင် ကြီးကန်း အဖွဲ့အစည်းအကြောင်း ပါလာသောအခါ လင်းဟွမ်သည် မနေနိုင်ဘဲ ကလစ်တစ်ချက် နှိပ်လိုက်သည်။

ဒါသည် အဖွဲ့ခွဲ (၃) အမှတ် (၁၇) ဝပ်ကျင်းတွင် တာဝန် ထမ်းဆောင်နေသော မုဆိုးအဖွဲ့အစည်း

အဖွဲ့ဝင်တစ်ယောက်က ရေးတင်ထားသော အကြောင်းအရာ ဖြစ်သည်။

သူက ဝပ်ကျင်းစခန်းသို့ တိုက်ခိုက်ရေး အဆင့်ကောင်းသော တန်ခိုးရှင်များ အုပ်စုလိုက် ရောက်လာနေသည်ကို သတိထားမိသည်။ ထို့အပြင် ရောက်လာသော အဖွဲ့များကလည်း တစ်ဖွဲ့ထက် တစ်ဖွဲ့ ပိုမို အစွမ်းထက်လာပြီး တိုက်ခိုက်ရေး အဆင့်များကလည်း ပိုမို မြင့်မားလျက် ရှိနေသည်။

စာအောက်တွင် ကွန်းမန့် သုံးခုသာ တုံ့ပြန်ထားသည်။ အခြေခံအားဖြင့် ဤကိစ္စကို မည်သူကမှ အလေးအနက် မထားပေ။

သို့သော်လည်း လင်းဟွမ်ကမူ (A - ၁၇) ဝပ်ကျင်းတွင် ရန်လင်းနှင့် ဟုန်ကျန်းတို့ ရောက်နေကြောင်း ချက်ချင်း တွေးလိုက်မိသည်။ ဟုန်ကျန်းက ဤကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ သိရှိထားသည်မှာ သေချာနေပြီး ယခုအချိန်တွင် သူမက ထိုဝပ်ကျင်းသို့ တိုက်တိုက်ဆိုင်ဆိုင်

ရောက်ရှိနေခြင်းမှာ ရည်ရွယ်ချက် တစ်ခုခု ရှိကို ရှိရလိမ့်မည်။

"ဒီမိန်းမ ဘာတွေ ကြံစည်နေတာလဲ..."

လင်းဟွမ်သည် အနည်းငယ် မျက်မှောင်ကြုတ် သွားသည်။

ဟုန်ကျန်းတို့ အမှတ် (၁၇) ဝပ်ကျင်းတွင် ပေါ်လာရသည့် အကြောင်းအရင်းက ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းနှင့် တစ်ခုခု ပတ်သက်နေမှာ အသေအချာပင်။

လင်းဟွမ်က ထိုအကြောင်း တွေးနေစဉ် အင်ပါယာ နှလုံးသားလက်စွပ်ရှိ ဆက်သွယ်ရေး မျက်နှာပြင်တွင် မက်ဆေ့ချ်တစ်ခု ရုတ်တရက် ပေါ်လာသည်။ ပို့ထားသူက ထန်ရှု ဖြစ်နေသည်ကို မြင်လျှင် မက်ဆေ့ချ်ကို ချက်ချင်း ဖွင့်ဖတ်လိုက်သည်။

“ သဘောတူညီမှု ပြီးခါနီးပြီ။ နောက်ဆုံး အပိတ်ဈေးနှုန်းက နတ်ဘုရားရုပ်တု (၃) ခု... နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ် သလင်းကျောက် (၂) ခု...”

လင်းဟွမ်သည် မက်ဆေ့ချ်ကို မြင်သောအခါ အံ့အားသင့်သွားသည်။

“ အခု ငါက နတ်ဘုရား ရုပ်တုတစ်ခု ပိုရတာလား...”

မည်သို့ပင် ဆိုစေကာမူ ဤရလဒ်ကို ပျော်ပျော်ရွှင်ရွှင် ကျေနပ်နေသည်။ ဒါသည် နတ်ဘုရားရုပ်တု တစ်ခု သို့မဟုတ် နတ်ဘုရားအဆင့် ဝိညာဉ် သလင်းကျောက်များ ဖြစ်နေသည်။ နှစ်ခုလုံးက သူ့ အရေးတကြီး လိုအပ်သော အရာများပင်။

"လုပ်လိုက်တော့... နောက်မှ လာခဲ့မယ်..."

လင်းဟွမ်သည် ထန်ရှုထံ စာချက်ချင်း ပြန်ပို့ပြီးနောက် သူ ကြည့်နေသော ဝဘ်ဆိုဒ်များကို ပိတ်လိုက်သည်။

သူ စိတ်မလောပါဘူးဟု သက်သေပြရန် ဝမ်ပေါင် လေလံအိမ်တော်ကို ချက်ချင်း မသွားခဲ့ပေ။ ထိုအစား ဟိုတယ်အနားက ကော်ဖီဆိုင်သို့ သွားခဲ့ပြီး ကော်ဖီနှစ်ခွက် သောက်ရင်း အစာပြေမုန့်များ စားနေခဲ့သည်။ နာရီဝက်ခန့် အချိန်ဖြုန်းပြီးမှ

ဝမ်ပေါင် လေလံအိမ်တော်သို့ ဖြည်းဖြည်းချင်း လျှောက်သွားလိုက်သည်။

အချိန် ယူခဲ့သော်လည်း ဝမ်ပေါင် လေလံအိမ်တော်သို့ ရောက်သောအခါ ထန်ရှုက ပြုံးပြီး ပြောလိုက်သည်။

"မြန်လိုက်တာ... ငါက အစောဆုံး မနက်ဖြန် ထမင်းစားတဲ့ အချိန်လောက်မှ လမယ် ထင်နေတာ..."

"အင်း... ငါ့ဆရာက ငါ့ကို လောနေလို့ ဟော့..."

လင်းဟွမ်သည် ကိုယ့်ကိုယ်ကို ကာကွယ်ရန်အတွက် မရှိသော ဆရာကို အသုံး ချလိုက်သည်။

ထန်ရှုသည် နတ်ဘုရား ရုပ်တု (၃) ခု၊ နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ်သလင်းကျောက် (၂) ခုကို ထုတ်ပြီး လင်းဟွမ် လက်ထဲ ထည့်ပေးလိုက်သည်။ သတိပေးရန်လည်း မမေ့ခဲ့ပေ။

"ညီအစ်ကိုလင်း။ မင်းဆရာက စက်တင်ဘာလမှာ ကျင်းပမယ့် လေလံပွဲမှာ ငါ့ကို ထောက်ပံ့ပေးဖို့ မျှော်လင့်မိတယ်..."

"မစိုးရိမ်နဲ့... ငါ့ဆရာက သူနဲ့ရင်းနှီးတဲ့ လူတွေနဲ့ အလုပ်လုပ်ရတာ သဘောကျတယ်"

လင်းဟွမ်က ပြုံးပြီး နတ်ဘုရား ရုပ်တုများနှင့် နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ် သလင်းကျောက်များကို သိမ်းလိုက်သည်။

" ငါတို့ ဝမ်ပေါင်လေလံ အိမ်တော်ကလည်း ညီအစ်ကိုလင်းနဲ့ ညီအစ်ကိုလင်း ဆရာတို့လို ပုံမှန် ဖောက်သည်တွေကို အမြဲတမ်း ကြိုဆိုပါတယ်ဗျာ..."

## အခန်း(၉၇၄) - မင်းသိတဲ့ အရာအားလုံးကို မေ့လိုက်...

လင်းဟွမ်သည် ဝမ်ပေါင်လေလံပွဲမှ ထွက်ပြီး ဟိုတယ်သို့ ပြန်ရောက်သည်နှင့် နတ်ဘုရားရုပ်တု သုံးခုကို ထုတ်ယူပြီး လေ့လာရန် မစောင့်နိုင်အောင် ဖြစ်နေသည်။

နတ်ဘုရား ရုပ်တုသုံးခုထဲမှ ပထမဦးဆုံး တစ်ခုမှာ ခေါင်းတလား သယ်ဆောင်ထားသော မွန်းစတား တစ်ကောင် ဖြစ်သည်။

ထိုမွန်းစတားသည် ခန္ဓာကိုယ် အနှံ့တွင် ကြွက်သားများ ပြည့်နှက်နေပြီး နီရဲနေသည်။ ၎င်း၏ ခန္ဓာကိုယ်ပုံစံက ဟော့ပေါ့ အစပ်ထဲမှ အရေခွံ ချွတ်ထားသော ဂဏန်းတစ်ကောင်နှင့် တူသည်။

၎င်းသည် ခန္ဓာကိုယ်ပေါ်တွင် အနက်ရောင် အစက်အပြောက်များ ရှိနေပြီး ခြေထောက် နှစ်ခုနှင့် လမ်းလျှောက်သောကြောင့် လူသားနှင့် တူ၏။ သို့သော်လည်း ဦးခေါင်းပေါ်တွင် ကျွဲကဲ့သို့ ချိုနှစ်ချောင်း ရှိနေသည်။ လူများနှင့် မတူသည်မှာ

ခြေထောက် နှစ်ဖက်တွင် ခွာများရှိနေပြီး လက်တွင် နတ်ဆိုးကဲ့သို့ လက်သည်းများ ရှိနေသည်။

ပခုံး အနောက်ဘက်တွင် ခေါင်းတလားနှင့် ချည်ထားသော ကြိုးထူထူလေး နှစ်ချောင်း ရှိ၏။ ခေါင်းတလားက သိသိသာသာ လေးလံနေပြီး ခေါင်းတလား ဖိထားသော အလေးချိန်ကြောင့် ခါးအနည်းငယ် ကုန်းနေသည်။

"ဒီကောင့်ကို အခေါင်းထမ်းသမားလို့ ခေါ်တယ်။ ဒါ အသူရာ ပရိတို့စ်က ကျလာတဲ့ အမျိုးအစားပဲ။

သေခြင်းနိယာမကို ကျွမ်းကျင်တဲ့ အစစ်အမှန် နတ်ဘုရား အဆင့် (၉)ပဲ.... ”

ကျောက်ပြားက မိတ်ဆက် ပေးလိုက်သည်။

“အသူရာ ပရိုတို့စ် သေသွားတဲ့အချိန်မှာ နတ်ဘုရားရုပ်တု ထွက်ကျလာမယ်လို့ တစ်ခါမှ မထင်ထားဘူး”

“ဘယ်လို အစစ်အမှန် ဝိညာဉ်ကို စိတ်ကူးယဉ် မြင်ယောင် ကြည့်သင့်လဲ..”

လင်းဟွမ်က မနေနိုင်ဘဲ မေးလိုက်သည်။

"တကယ်တော့ သေခြင်း နိယာမကို ကျွမ်းကျင်ပိုင်နိုင်တဲ့ မရဏာ သူရဲကောင်း၊ သွေးဝတ်ရုံ သေမင်း နတ်ဘုရား၊ ရွှေအရိုးစု၊ အင်မော်တယ် ဖားပြုတ်လုံး၊ ရွှံ့စောင်း ခေါင်းတလား၊ ကြက်သွေးမျက်လုံး ကျီးကန်း၊ ရုပ်ဆိုးကလေးငယ် ရုပ်သေးရုပ် အများကြီးမှ အများကြီးပဲ။"

" အဲဒီကောင်တွေ အားလုံးက တော်တော်လေး အစွမ်း ထက်ပေမယ့် စိတ်ဓါတ် အရှိဆုံးနှင့် အထူးခြားဆုံး ကတော့ မရဏာလိပ်ပြာလို့ ငါတော့ ယူဆတယ်"

"မရဏာလိပ်ပြာက ယင်-ယန် ဂိတ် အဆင့်ကို ရောက်တာနဲ့ ရုပ်ဝတ္ထုလောကနဲ့ ဘုံသုံးပါးကြားမှာ လွတ်လွတ်လပ်လပ် သွားလာနိုင်တဲ့ တစ်ခုတည်းသော အစစ်အမှန် ဝိညာဉ်ပဲ။ မင်းရဲ့ ဝိညာဉ်က နဂိုအတိုင်း ရှိနေရင်တော့ မရဏာလိပ်ပြာက မင်းကို နာမ်လောကထဲ လမ်းပြပြီး ခေါ်သွားနိုင်တယ်"

"သူ့မှာလည်း အားနည်းချက် ရှိပေမယ့် သူရဲ့ အစပြု တိုက်ခိုက်ရေး အစွမ်းက အနက်ရောင် သေမင်း နတ်ဘုရားနဲ့ ရွှေအရိုးစုတို့ လိုမျိုး

အစစ်အမှန် ဝိညာဉ်တွေကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်း မရှိဘူး။ ပိုးအိမ်ထဲက တစ်ခါထွက်လာတိုင်း ကြီးထွားလာလို့ အစစ်အမှန်ဝိညာဉ်များကြားမှာ ထူးချွန်သလို ပိုးအိမ်ထဲကထွက်လာတိုင်းလည်း ပိုပြီး သန်မာလာတယ်”

“ဒါဆိုလည်း မရဏ လိပ်ပြာပဲပေါ့..”

လင်းဟွမ်သည် ကျောက်ပြား၏ မိတ်ဆက်စကားကို ကြားပြီးနောက် မရဏလိပ်ပြာကိုရွေးချယ်ရန် ဆုံးဖြတ်လိုက်သည်။ သူ့တွင်တိုက်ခိုက်ရေး ကျွမ်းကျင်သော နတ်ဘုရားရုပ်တု

တိုက်ခိုက်ရေး ဝိညာဉ်များ အများအပြား ရှိနေသည်။ တစ်ကောင် နည်းသွားလျှင်ပင် သူ့အပေါ် သက်ရောက်မှု ရှိလိမ့်မည် မဟုတ်ချေ။

လင်းဟွမ်သည် ပထမဦးဆုံး အစစ်အမှန် ဝိညာဉ်ကို အတည်ပြုပြီးနောက် အမျိုးသမီးပုံစံ ရှိသော ဒုတိယမြောက် နတ်ဘုရား ရုပ်တုကို ကြည့်လိုက်သည်။ ထိုအမျိုးသမီးသည် ထွင်းဖောက်မြင်ရလုနီးပါး ဖြစ်နေသော ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်။ ခြေထောက်ဗလာနှင့် လေထဲ

ပျံ့ဝဲနေသော ပုံစံဖြစ်ပြီး လှပသော ခန္ဓာကိုယ် ကောက်ကြောင်း ရှိ၏။

သို့သော်လည်း သူမ မျက်နှာပေါ်တွင် မျက်နှာ အသွင်အပြင်မရှိဘဲ အနက်ရောင် ဆံပင်များသာ ရှိနေသည်။ သူမ ဆံပင်များက မရေမတွက်နိုင်သော မြွေငယ်လေးများကဲ့သို့ လေထဲ ဝဲနေပြီး တိုက်ခိုက်တော့မည့် ပုံမျိုး ဖြစ်နေသည်။

“ ဒီမွန်းစတားကိုတော့ ဆံပင်နတ်ဆိုးလို့ ခေါ်တယ်။ သက်ရှိထင်ရှား ရှိစဉ်အချိန်က အင်ပါယာ အစစ်အမှန် နတ်ဘုရား အဆင့် (၈) ရှိတဲ့

နတ်ဆိုးဝိညာဉ် အမျိုးအစား ပရိတ္တိစ်ပဲ။ ချိတ်ပိတ်နိယာမ ကျွမ်းကျင်တယ်။ မင်းရဲ့ သွေးဝတ်ရုံ အရိုးစုလို ချိန်းကြိုးတွေနဲ့ ချိတ်ပိတ်နိုင်တဲ့ စွမ်းရည်လိုမျိုးပေါ့။ ဒါက ပိုစွမ်းတယ်”

“ချိတ်ပိတ်ခြင်း နိယာမ ကျွမ်းကျင်တဲ့ အစစ်အမှန် ဝိညာဉ်တွေ ကြားထဲမှာတော့ ဒီနတ်ဆိုး ဆံပင်နဲ့ လိုက်ဖက်မှု အရှိဆုံးက သံခြေချင်း မြွေနဂါးပဲ။ အဲ့ဒီ သံခြေချင်း မြွေနဂါးက တော်တော်လေး ကြောက်စရာကောင်းတဲ့ အစစ်အမှန် ဝိညာဉ်ပေါ့။ ပရိတ္တိစ်တွေ ကြားထဲမှာ ချိတ်ပိတ်နိုင်စွမ်း အစွမ်းအထက်ဆုံး

ဖြစ်တဲ့ မာဒူဆာတောင် သံခြေချင်း မြွေနဂါးရဲ့ အစွမ်းကို ရရှိထားတာ။ အစွမ်း အထက်ဆုံးက သံခြေချင်း မြွေနဂါး တစ်ကောင်က အကြည့်တစ်ချက်တည်းနဲ့တင် ကမ္ဘာကြီး တစ်ခုလုံးကို ထာဝရ ထောင်ချနိုင်ပြီးတော့ အချိန်နဲ့ ဟင်းလင်းပြင်ကို ရပ်တန့် သွားစေတယ်လို့ ဒဏ္ဍာရီတွေထဲမှာတော့ ဖော်ပြထားတယ်..”

“ဟာ ဒါဆို အစွမ်းထက်တာပေါ့..”

လင်းဟွမ်သည် ဤမျှအစွမ်းထက်သော ချိတ်ပိတ်နိုင်စွမ်းကို တစ်ခါမှ စိတ်ကူး မကြည့်ဖူးပေ။

ချိတ်ပိတ်စွမ်းရည်ကို တိုက်ခိုက်ရေး စွမ်းရည်တစ်ခုမျှသာဟု အမြဲတမ်း ထင်နေခဲ့ဖူးသည်။

ဒုတိယမြောက် အစစ်အမှန် ဝိညာဉ်ကို ရွေးချယ်ပြီးနောက် လင်းဟွမ်သည် တတိယမြောက် နတ်ဘုရားရုပ်တုကို ကြည့်လိုက်သည်။

ဒီနတ်ဘုရား ရုပ်ထုသည် ခြေတိုလက်တို အရုပ်ကလေး တစ်ရုပ်နှင့် ပိုတူသလို လူရွှင်တော်ကဲ့သို့ မျက်နှာလည်း ပါရှိ၏။ အထူးခြားဆုံး အစိတ်အပိုင်းမှာ ဝမ်းဗိုက်အပိုင်းဖြစ်သည်။ အသွေးအသားနှင့် ပြုလုပ်ထားခြင်း

မဟုတ်ဘဲ စက်ဝိုင်းပုံစံ နာရီတစ်ခု ဖြစ်နေသည်။ နာရီ၊ မိနစ်နှင့် အချိန်အတာကိုပင် ရှင်းရှင်းလင်းလင်း မြင်ရသည်။ အထဲမှ ခွေးသွားစိတ် အကြီး၊ အသေးများကိုပင် မြင်နေရ၏။

"ဟာ.... ဘယ်လို ထူးဆန်းတဲ့ သက်ရှိကြီးလဲ.."

လင်းဟွမ်သည် ယခင်က မွန်းစတားမျိုးစုံကို မြင်ဖူးသော်လည်း ဤမျှ တစ်မူထူးခြားသော မွန်းစတားမျိုးကို လုံးဝ မမြင်ဖူးပေ။ ရုပ်သေးရုပ် တစ်ခုနှင့်ပင် တူနေသည်။

“ဒါက အချိန်ဝိညာဉ်ပဲ။ ပရိုတို့စ်တွေ ကြားထဲမှာတော့ အရေအတွက် အကန့်အသတ်ရှိတဲ့ တမူထူးခြားတဲ့ မျိုးစိတ်ပေါ့။ သူတို့ သက်ရှိထင်ရှား ရှိစဉ်အချိန်က အစစ်အမှန် နတ်ဘုရား အဆင့် (၈) ရှိပြီးတော့ အချိန်နိယာမ ကျွမ်းကျင်တယ်။ သူတို့က တိကျတဲ့ နေရာတစ်ခု အချိန်စီးဆင်းမှုကို ထိန်းချုပ်နိုင်ပြီးတော့ အချိန်ကိုတောင် ရပ်ပစ်လိုက်လို့ ရတယ်..”

"ဒါဆိုရင် အချိန်နိယာမကို ကျွမ်းကျင်တဲ့ အစစ်အမှန် ဝိညာဉ်တွေက ပိုပြီး အစွမ်းထက်နေတာ မဟုတ်ဘူးလား....."

လင်းဟွမ်သည် ဤ နတ်ဘုရားရုပ်တုကို တော်တော်လေး စိတ်ဝင်စားနေသည်။

"ဟုတ်တယ်။ ဖန်ဆင်းရှင် နာရီက အမျိုးအစား တူတဲ့ အစစ်အမှန် ဝိညာဉ်တွေပဲ။ ဒဏ္ဍာရီထဲမှာတော့ ဖန်ဆင်းရှင် နာရီက တည်ရှိမှုအချိန်ရဲ့ အစစ်အမှန် ဝိညာဉ်တစ်ခုလို့ ပြောကြတယ်။ နာရီလက်တံကို ပြောင်းပြီး ဖန်ဆင်းမှုအားလုံးရဲ့ သေခြင်း၊ ရှင်ခြင်းကို

ထိန်းချုပ် နိုင်တယ်။ ကမ္ဘာတစ်ခုလုံးကိုတောင် ပစ်မှတ်ထားပြီးတော့ ဖျက်ဆီးပစ်နိုင်တယ်”

“ဒဏ္ဍာရီထဲမှာတော့ အစွမ်းအထက်ဆုံး ဖန်ဆင်းရှင် နာရီက အချိန်နဲ့ အသက်ကို ထိန်းချုပ်နိုင်တဲ့ အပြင် အချိန်ကို ရပ်တန့်နိုင်တယ်၊ နောက်ပြန်ဆုတ် နိုင်တယ်၊ အတိတ်ကို ပြန်သွားခြင်း ဆိုတဲ့ ကြောက်စရာ အချိန် စွမ်းရည်တွေ ပိုင်တယ် ဆိုပါတော့”

“ဝိုး.. ကြားရတာ တော်တော်လေး မိုက်တယ်..”

လင်းဟွမ်သည် ကျောက်ပြား၏ ရှင်းပြမှုကို နားထောင်ပြီးတော့ နတ်ဘုရားရုပ်တု သုံးခုလုံးကို အလွန် သဘောကျနေပြီး တစ်ခုမှ မလွှင့်ပစ်နိုင်ဘူးဟု ရုတ်တရက် တွေးလိုက်မိသည်။

“ငါ ဘာလုပ်သင့်လဲ.. အားလုံး အမိုက်စားတွေကြီးပဲ။ ဒါပေမယ့် အင်မော်တယ် အဆင့်(၉)ကို ရောက်ဖို့ နတ်ဘုရား ရုပ်တုကလည်း နှစ်ခုပဲ လိုတာဆိုတော့ တစ်ခု ပိုနေမှာ...... ခေါင်းစားတယ်ကွာ...... ဘယ်တစ်ခုကို စွန့်လွှတ်ရမှာတုန်း”

"ဘာဖြစ်လို့ စွန့်လွှတ် ရမှာလဲ.."

ထိုစဉ် ကျောက်ပြား၏ အသံက လင်းဟွမ်နားထဲ ရောက်လာသည်။

"ငါက အင်မော်တယ်အဆင့် (၉) တက်ဖို့ နတ်ဘုရားရုပ်တု နှစ်ခုပဲ လိုတာလေ.. တစ်ခု ပိုနေတော့ မစွန့်လွှတ်ရင် ဘာလုပ်ရမှာတုန်း"

လင်းဟွမ်က စိတ်ရှုပ်ရှုပ်နှင့် ပြန်ပြောလိုက်သည်။

"လူတိုင်းမှာ ကံကြမ္မာစက်ဝိုင်း ကိုးခုပဲ ရှိလို့ တိုက်ခိုက်ရေး ဝိညာဉ်ကိုးခုပဲ ထားနိုင်ပေမယ့် မင်းမှာ

ကံကြမ္မာစက်ဝိုင်း ဆယ်ခု ရှိတယ်လေ။ ကံကြမ္မာစက်ဝိုင်း တစ်ခုကို တစ်ကောင် နှုန်းထည့်ရင်တောင် ဆယ်ကောင်ထည့်လို့ ရနေတာကို... ငါပြောတာ မှန်တယ် မဟုတ်လား..”

ကျောက်ပြားက မေးလိုက်သည်။

“အမ်.....”

ဒီအချိန်တွင် လင်းဟွမ်သည် ကျောက်ပြား၏ အယူအဆကို ပြန်မချေပနိုင် ဖြစ်သွား၏။ သေသေချာချာ စဉ်းစားကြည့်သောအခါ အဓိပ္ပါယ်ရှိသလိုလို ဖြစ်နေသည်။

" နတ်ဘုရားရုပ်တု တစ်ခုကို စုပ်ယူလိုက်တိုင်း ငါ့ရဲ့ တိုက်ခိုက်ရေး အဆင့်က တစ်ဆင့် တိုးလာတာ။ အခုလက်ရှိ အခြေနေက နတ်ဘုရား ရုပ်တုနှစ်ခုကို စုပ်ယူလိုက်တာနဲ့ ငါက အင်မော်တယ် အထွတ်အထိပ် အကန့်အသတ်ကို ရောက်သွားပြီ။ နောက်တစ်ခု ထပ်စုပ်ယူလိုက်ရင် ဘာဖြစ်သွားနိုင်မလဲ"

လင်းဟွမ်က ထိုကဲ့သို့ တွေးတောပြီးနောက် သူ့သံသယစိတ်ကို ထုတ်ဖော် ပြောဆိုလိုက်သည်။

“ ဒါဆိုလည်း ဒီအတိုင်းပဲ ထားလိုက်ပေါ့။ အခုလက်ရှိ မင်းနေထိုင်နေတဲ့ ကမ္ဘာကြီးရဲ့ ကျင့်ကြံမှုစနစ်မှာ ချို့ယွင်းချက်တွေ အများကြီးမှ အများကြီးပဲ။ မင်း စဉ်းစားနေတဲ့ ကန့်သတ်ချက်ဆိုတာ ဟိုးအပေါ်က ကြည့်လိုက်ရင် ဘာမှ မဟုတ်ဘူး..”

ကျောက်ပြားက ပြုံးပြီး ပြောလိုက်သည်။

“မင်း ပြောချင်တာ အင်မော်တယ်အဆင့် (၉)က အင်မော်တယ် အဆင့်တွေအတွက် ကန့်သတ်ချက်

မဟုတ်သေးဘူးပေါ့ ။ အဲ့ဒီအပေါ်မှာ အဆင့်ထပ်တက်ဖို့ နေရာလွတ် ရှိသေးတာလား..”

လင်းဟွမ်က အံ့အောသင့်သွားပြီး ချက်ချင်းမေးလိုက်သည်။

“ငါ ပြောချင်တာ အရင်တုန်းက မင်းမှာ အဆင့်တက်လှမ်းဖို့ နေရာ မကျန်ဘူးပေါ့ကွာ အခြေအနေ အမျိုးမျိုး အောက်မှာတော့ မဖြစ်နိုင်စရာမရှိဘူး”

ကျောက်ပြားက ခေတ္တတိတ်ဆိတ် သွားပြီးနောက် လင်းဟွမ် မေးသည့်မေးခွန်းကို တိုက်ရိုက် ပြန်မဖြေသေးပေ။

“အင်မော်တယ် အဆင့် (၉) နောက်မှာ အင်မော်တယ် အဆင့် (၁၀) ရှိသေးတာပေါ့”

ကျောက်ပြား ပြောလိုက်သော စကားက လင်းဟွမ် သိထားသော ကျင့်ကြံခြင်း နည်းစနစ်နှင့် ပတ်သက်သည့် အသိပညာ တစ်ခုလုံးကို ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားစေသည်။ အတွေးလည်း နက်သွားစေသည်။

“ ငါ့ခန္ဓာကိုယ်က တခြားသူနဲ့ မတူဘူး။ ငါ့ရဲ့ တိုက်ခိုက်ရေး ဝိညာဉ် ဆိုတာကလည်း အစစ်အမှန် ဝိညာဉ် အားလုံးကို ငါကိုယ်တိုင် စိတ်ကူးယဉ် မြင်ယောင် ထားတာပဲ။ အစစ်အမှန် ဝိညာဉ်တွေကလည်း ကြောက်စရာကောင်းတဲ့ တည်ရှိမှုတွေပဲ။ အခြား အစစ်အမှန် ဝိညာဉ်တွေနဲ့ မျှဝေပြီး ယူဖို့တောင် သူတို့အတွက် မဖြစ်နိုင်ဘူး။ “

“ ဒါ့ကြောင့်လည်း ငါ့ရဲ့ ကံကြမ္မာ စက်ဝိုင်းထဲမှာ တိုက်ခိုက်ရေး ဝိညာဉ် အများကြီး မထည့်နိုင်ဘဲ ကံကြမ္မာစက်ဝိုင်း တစ်ခုစီမှာ တိုက်ခိုက်ရေး ဝိညာဉ်

တစ်ကောင်စီပဲ အများဆုံး ထည့်နိုင်တာပေါ့။ ဒီလို ခြေခံပြီး တွက်ချက်မယ် ဆိုရင်တော့ ကံကြမ္မာစက်ဝိုင်း ဆယ်ခုဆို အစစ်အမှန် ဝိညာဉ် ဆယ်ခု ရနိုင်တာပေါ့”

“ဒီသဘောတရား အတိုင်းဆိုရင် ငါက အင်မော်တယ် အဆင့် (၁၀) ကို သေချာပေါက် တက်လှမ်းနိုင်တာပဲ”

## အခန်း(၉၇၅) - ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ အစည်းအဝေး

လင်းဟွမ်သည် အင်မော်တယ် အဆင့် (၁၀) သို့ တက်လှမ်းရန် တစ်ရာ ရာခိုင်နှုန်း မသေချာသော်လည်း သူ့ မှတ်ဉာဏ်ထဲတွင် ရှိနေသော အခြားကမ္ဘာမှ ကျင့်ကြံခြင်း နည်းစနစ်နှင့် နှိုင်းယှဉ်ပြီးနောက် ဖြစ်နိုင်ချေ (၈၀) ရာခိုင်နှုန်း ရှိသည်ဟု ယူဆလိုက်သည်။

ထိုအချက်ကို အတည်ပြု ပြီးနောက် လင်းဟွမ်သည် ယခင် အချိန်က ကံကြမ္မာစက်ဝိုင်း သိုလှောင်ကတ်ကို ထပ် မသုံးမိခဲ့သည့် အတွက် အနည်းငယ် နောင်တ ရသွားသည်။ အကယ်၍ ထိုအချိန်က ချွင်းချက်မဲ့ကတ်များကို သုံးခဲ့မည်ဆိုလျှင် ကံကြမ္မာစက်ဝိုင်း အနည်းငယ် တိုးလာနိုင်ပြီး အင်မော်တယ်အဆင့် (၂၀) အထိ တက်လှမ်း နိုင်လိမ့်မည်။

သို့သော်လည်း မနက်ဖြန်တွင် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ အစည်းအဝေး ရှိနေသေးကြောင်း

သတိရသွားပြီး ယခုလက်ရှိ အချိန်တွင် သူ့ကံကြမ္မာစက်ဝိုင်းထဲ နတ်ဘုရားရုပ်တုများ ထည့်သွင်းချင်သည့် စိတ်ကို အတင်း ချိုးနှိမ်၍ နတ်ဘုရားရုပ်တု သုံးခုလုံးကို ပြန်သိမ်းလိုက်သည်။

ထို့နောက် စိတ်တည်ငြိမ်အောင် လုပ်ပြီး ဓါးကျင့်စဉ်ကို စတင် လေ့ကျင့်လိုက်သည်။

နောက်တစ်နေ့ မနက်တွင် လင်းဟွမ်သည် မနက်စာ စားပြီး ဓားကျင့်စဉ် လေ့ကျင့်ပြီးနောက် မနက် (၉) နာရီ မိနစ် (၂၀)ခန့်တွင် ပါရမီရှင်သမဂ္ဂထဲ ဝင်ရောက်ခဲ့သည်။

နောက်ဆုံး အကြိမ် အပြင် ပြန်ထွက်ခဲ့သည့် အချိန်က ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့၏ အခြေစိုက် စခန်းထဲတွင် ရှိနေခဲ့သောကြောင့် ယခုတစ်ကြိမ်တွင် အစည်းအဝေးခန်းသို့ ရောက်ရန် ခြေလှမ်းအနည်းငယ်သာ သွားခဲ့ရသည်။

အစည်းအဝေးခန်းထဲ ရောက်သွားသောအခါ ကျန်းဖိန်က ထိုနေရာတွင် ရောက်နေပြီ ဖြစ်သည်။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ ထိပ်ပိုင်း စီမံခန့်ခွဲမှု အဖွဲ့ဝင် ခြောက်ယောက်လည်း ရောက်ရှိနေပြီး တိုက်ခိုက်ရေး အဆင့် အင်မော်တယ်

အဆင့် (၈) ရှိသည့် အမျိုးသမီး တစ်ယောက်လည်း ရှိနေသည်။

လင်းဟွမ်က ကျန်းဖိန်နှင့် ကျန်သည့်လူများကို ခေါင်းညိတ် ပြလိုက်သော်လည်း သူ့မျက်လုံးများ ကောင်မလေးပေါ် ရောက်နေသည်။ ဤအမျိုးသမီးမှာ ချန်းသွမ်က လက်ထောက် အကြီးအကဲအဖြစ် ထောက်ခံထားသော ကူဖိန်း ဖြစ်သည်မှာ ရှင်းနေသည်။

ရိုးရိုးသားသား ပြောရလျှင် ကူဖိန်းသည် လင်းဟွမ် စိတ်ကူးထားသလောက် မလှပေ။ ချန်းသွမ်က

အလုပဂေးလေး တစ်ယောက်ကို အဆိုပြုခဲ့မည်ဟု ထင်ခဲ့သော်လည်း ကူဖိန်း လှသည့်အချက်ကို ရှာမတွေ့ ဖြစ်နေ၏။

သူမ ခန္ဓာကိုယ်က ယောကျ်ားတစ်ယောက်ကဲ့သို့ပင်။ သူမ၏အရပ်မှာ အနည်းဆုံး (၁.၈၅) မီတာမြင့်ပြီး သူမ၏ပေါင်က လင်းဟွမ်၏ ပေါင်ထက်ပင် အနည်းငယ် ပိုကြီးနေ၏။ ထို့အပြင် ယခုအချိန် အစည်းဝေးခန်းထဲတွင် ရှိနေသော လူကိုးယောက်ထဲ၌ သူမက ဗလ အကြီးဆုံး

ဖြစ်နေသည်။ သူမမျက်နှာကို ရုပ်ဆိုးသည်ဟု မယူဆနိုင်သော်လည်း နီရဲရဲကြီး ဖြစ်နေသည်။

ဤမျက်နှာမျိုးက ယောက်ျားလေးသာ ဆိုလျှင် အတော်လေး ဆွဲဆောင်မှု ရှိသော်လည်း ကောင်မလေး တစ်ယောက်ပေါ်တွင် ရှိနေသောအခါ အတော်လေး ကို့ရို့ကားယား နိုင်လှ၏။ အရေးအကြီးဆုံး အချက်မှာ ဆံပင်ကို ဘိုကေညှပ်ထားပြီး ဦးရေပြားကိုပင် မြင်နေရခြင်းပင်။

သူမ၏ ရင်သပ်ရှုမောဖွယ်ရာ ကောင်းသော ရင်သားများကြောင့်သာ ထိုကဲ့သို့ မဟုတ်ပါက

လင်းဟွမ်သည် သူမကို မိန်းမသား တစ်ယောက်ပါဟု တစ်ချက်ကြည့်ရုံနှင့် မသိနိုင်ချေ။

လင်းဟွမ်က သူမအား ကြည့်နေသည်ကို သတိထားမိလိုက်လျှင် ကူဖိန်းက ချက်ချင်း ထရပ်လိုက်ပြီး

"အကြီးအကဲ လင်း၊ ငါ့နာမည် ကူဖိန်းပါ"

“မင်္ဂလာပါ”

လင်းဟွမ်က သူမကို နှုတ်ဆက်ရန် လက်ကို ဆန့်ထုတ်လိုက်သည်။

"ဒီလို လောကဝတ်တွေ လုပ်နေစရာ မလိုပါဘူး"

ကျန်းဖိန်က ပင်မထိုင်ခုံတွင် မထိုင်ခဲ့ပေ။ ထိုအစား လင်းဟွမ်နှင့် မျက်နှာချင်းဆိုင် ဘယ်ဘက်ခြမ်းက ထိုင်ခုံတွင် ထိုင်လိုက်သည်။

ထိုင်ခုံ နေရာယူပြီးနောက် ကျန်နေသည့် အကြီးအကဲ နှစ်ယောက်လည်း ရောက်လာကြသည်။

အစည်းအဝေး အခန်းထဲ၌ လူစုံနေသည်ကို မြင်လျှင် ကျန်းဖိန်က ဝေ့ဝိုက်မနေတော့ဘဲ လိုရင်း အကြောင်းအရာကို ချက်ချင်း ပြောလိုက်သည်။

"ဒီနေ့ အစည်းအဝေးရဲ့ အဓိက ရည်ရွယ်ချက်က ပြဿနာနှစ်ခု ဖြေရှင်းဖို့ပဲ..."

"ပထမ ပြဿနာက အကြီးအကဲ ပျောက်ဆုံးသွားလို့ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှာ ဆုံးဖြတ်ချက်ချရမယ့် ကိစ္စတချို့ကို အချိန်ဆွဲထားရတယ်။ ဒီလို ရပ်တန့်နေမယ် ဆိုရင် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ တစ်ခုလုံး ထိခိုက်သွားနိုင်တယ်"

"ဒုတိယ ပြဿနာက လက်ထောက် အကြီးအကဲ ကျန်းယွီ အင်ပါယာအဆင့်ကို တက်သွားပြီ။ သူ့ရာထူးက လစ်လပ်နေပြီ ဆိုတော့

သူ့ရာထူးအစားဝင်မယ့် လူတစ်ယောက်ကို အမြန်ဆုံး ရှာရမယ်။ ဒါကလည်း အဖွဲ့အစည်းရဲ့ လုပ်ငန်းဆောင်တာတွေကို ထိခိုက်စေနိုင်တယ်”

"မင်းတို့မှာ ထင်မြင်ယူဆချက် တွေရှိရင် ချက်ချင်း ထပြောပါ"

ကျန်းဖိန် ပြောပြီးသည်နှင့် ရုပ်အင်္ကျီအဖြူ ဝတ်ဆင်ထားသော လူငယ်တစ်ယောက်က ပထမဦးဆုံး ထပြောလိုက်သည်။

“အကြီးအကဲက အခု ပျောက်ဆုံး နေသလို သူ့သေဆုံးမှုကို အတည် မပြုနိုင်သေးဘူး။

သူ့ရာထူးက လစ်လပ်နေတယ် ဆိုပေမယ့် ငါ့ရဲ့ ပုဂ္ဂိုလ်ရေး အမြင်ကတော့ ဆုံးဖြတ်ချက် ချရမယ့် ကိစ္စတွေရှိရင် လက်ထောက် အကြီးအကဲ သုံးယောက်က တာဝန်ယူလိုက်လို့ ရတာပဲ”

"ရှောင်ဖန်း.... မင်းရဲ့ အကြံပြုချက်က ရေတို ဖြေရှင်းချက်ပဲလေ။ အကြီးအကဲ ရာထူး လစ်လပ်နေတဲ့ သတင်းကို အချိန်အကြာကြီး ဖုံးကွယ်ထားလို့ အလုပ် မဖြစ်ဘူး။ တခြား အဖွဲ့အစည်းတွေက ငါတို့ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကို စောင့်ကြည့် နေကြတာ။ ငါ့ရဲ့

အကြံပြုချက်ကတော့ ရှေ့ထွက် အကြီးအကဲ တစ်ယောက် ရွေးချယ်ဖို့ပဲ။ ငါတို့မှာ တာဝန်ခံတစ်ယောက် မဖြစ်မနေ ရှိမှ အဆင်ပြေမှာ”

ညစ်နွမ်းသော အသားအရည်ရှိသည့် လူလတ်ပိုင်း အမျိုးသားတစ်ယောက်က မတူညီသော အမြင်ကို ထုတ် ပြောလိုက်သည်။

“လူအိုကြီးရှားရဲ့ အမြင်ကို ငါ သဘောတူတယ်။ ရှေ့ထွက် အကြီးအကဲ ရွေးချယ်တာက အကြီးအကဲ နေရာ အစားထိုးတာ မဟုတ်ဘူး။ အကြီးအကဲ

ပြန်ရောက်လာရင် ယာယီ အကြီးအကဲက ရာထူးကနေ ပြန် နုတ်ထွက်လိမ့်မယ်”

"ရှောင်ဖန်း.... မင်းရဲ့ အကြံပြုချက်ကို ငါ နားလည်ပေမယ့် ပြဿနာက ဘယ်လောက် လက်တွေ့ကျလဲ ဆိုတာ မင်း စဉ်းစားရမယ်။ တကယ်လို့ အကြီးအကဲက အချိန်တိုလေး ပျောက်ဆုံးနေတယ် ဆိုရင် မင်း အကြံပြုသလို ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ ပုံမှန် လည်ပတ်မှုကို ထိန်းသိမ်းထားနိုင်ပေမယ့် ဒါက ပြဿနာအတွက် အဖြေ မဟုတ်သေးဘူး။ တကယ်လို့

အကြီးအကဲသာ အချိန်အကြာကြီး ပျောက်နေရင် ဘယ်လို လုပ်မလဲ။ ဆေးမြီးတိုနဲ့ ကုတာက အဲ့ဒီအချိန်မှာ အလုပ် မဖြစ်တော့ဘူး”

လင်းဟွမ်ဘေးတွင် ထိုင်နေသော ဖက်တီးက လူနှစ်ဦး၏ အကြံပြုချက်အပေါ် မှတ်ချက် ပေးလိုက်သည်။

ရှပ်အင်္ကျီဖြူ ဝတ်ဆင်ထားသော လူငယ်က အနည်းငယ် မျက်မှောင် ကြုတ်သွားသော်လည်း နောက်ထပ် မကန့်ကွက်တော့ပေ။

“ငါကတော့ လူအိုကြီးကျန်းရဲ့ အကြံပြုချက်ကို သဘောတူတယ်။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ လက်ရှိ အခြေအနေကို ကြည့်လိုက်ရင် ရှေ့ထွက်အကြီးအကဲ တစ်ယောက် ရွေးချယ်ဖို့ လိုနေပြီ”

ဖက်တီးဘေးတွင် ထိုင်နေသော ဆံပင်တိုတိုနှင့် အမျိုးသမီးက ပြောလိုက်သည်။ သူမသည် ထိပ်တန်း စီမံခန့်ခွဲမှု ရှစ်ဦးတွင် တစ်ဦးတည်းသော အမျိုးသမီး ဖြစ်သည်။

ကျန်သည့် လူများက ဘာမှမပြောဘဲ ငြိမ်နေကြသည်။

"တတိယ ဖြေရှင်းချက် ရှိသေးလား"

ကျန်းဖိန်က မည်သူမှ စကား မပြောသည်ကို မြင်လျှင် မေးလိုက်သည်။

အားလုံးက တိတ်တိတ် ဆိတ်ဆိတ်ပဲ တုံ့ပြန်ကြသည်။

“ဒါဆိုရင် အဆိုပြုချက် နှစ်ခုကို မဲခွဲ ကြည့်ရအောင်။ ပထမ အဆိုပြုချက်က အကြီးအကဲ

တာဝန်ကို ထမ်းဆောင်ရမှာက လက်ထောက် အကြီးအကဲ သုံးယောက် ဖြစ်တယ်။ ဒုတိယ အဆိုပြုချက်က ရှေ့ထွက် အကြီးအကဲ တစ်ယောက် ရွေးချယ်ရမှာ ဖြစ်တယ်။”

“အခု ပထမ အဆိုပြုချက်ကို ထောက်ခံတဲ့လူတွေ လက်မြှောက်ပါ”

ကျန်းဖိန် ပြောပြီးသည်နှင့် အကျီဖြူ ဝတ်ဆင်ထားသော လူငယ်က ပထမဦးဆုံး လက်မြှောက်လိုက်သည်။ သူသည် အခြားသူများကို

မယုံကြည်နိုင်သော်လည်း သူ့ရွေးချယ်မှုအပေါ် ခိုင်ခိုင်မာမာ ရပ်တည်နေ၏။

သို့သော် အခြား မည်သူကမှ လက်မထောင်ကြပေ။

"ကောင်းပြီ၊ ဒုတိယ အဆိုပြုချက်ကို ထောက်ခံတဲ့ လူတွေ ကျေးဇူးပြုပြီး လက်ထောင်ပါ"

ကျန်းဖိန်က သူ့လက်ကို ပထမဦးဆုံး မြှောက်လိုက်သည်။ နောက်ပိုင်းတွင် ထိပ်တန်း စီမံခန့်ခွဲသူ ရှစ်ဦးအနက် ခြောက်ဦးက

လက်ထောင်သည်။ လင်းဟွမ်က နောက်ဆုံးမှ လက်မြှောက်လိုက်သည် ။

ကျန်းဖိန်က နှစ်ခါလုံး လက်မမြှောက်သော မျက်မှန် တပ်ထားသည့်လူကို လှမ်းကြည့်လိုက်သည်။

“ငါ့ကို ကျော်လိုက်ပါ”

မျက်မှန် တပ်ထားသောလူက ပခုံးတွန့်ပြီး ပြောလိုက်သည်။

"ကူဖိန်း မင်းရော မဲ မပေးဘူးလား....”

ကျန်းဖိန်က ခေါင်းကိုလှည့်ပြီး စားပွဲရှည်၏ အစွန်ဆုံးတွင် ထိုင်နေသော ကူဖိန်းကို လှမ်းကြည့်ကာ မေးလိုက်သည်။

"ငါလဲ မဲပေးပိုင်ခွင့် ရှိတာလား"

ကူဖိန်းက အံ့အားသင့်သွားပြီး ပြန်မေးလိုက်သည်။

" ဒီမှာ ထိုင်ကတည်းက မင်းမှာ မဲပေးပိုင်ခွင့် ရှိနေပြီ"

ကျန်းဖိန် ခေါင်းညိတ်ပြီး ပြောလိုက်သည်။

"ဒါဆို ပထမတစ်ခုကို ရွေးမယ်"

"ကောင်းပြီလေ။ ဒါက (၂)မဲ၊ (၁၀)မဲ။ ဒုတိယ အဆိုပြုချက် အနိုင်ရတယ်"

ကျန်းဖိန်က နောက်ဆုံးရလဒ်ကို ကြေညာ လိုက်သည်။

တက်ရောက်သူ (၁၁) ဦးရှိသည့်အနက် ကန့်ကွက်မဲ နှစ်မဲနှင့် ကြားမဲတစ်မဲ ရရှိခဲ့သည်။

"ဒုတိယ အကြီးအကဲ လင်း၊ အခု လောလောဆယ်တော့ ရှေ့ထွက် အကြီးအကဲ ရာထူး ကိစ္စကို ခဏ ဘေးဖယ်ထားရအောင်။ တတိယမြောက် လက်ထောက် အကြီးအကဲကို အရင်

ဆုံးဖြတ်လိုက်မယ်။ ဒါမှ အသစ်ခန့် အပ်မယ့် လက်ထောက် အကြီးအကဲအတွက် ပိုပြီး မျှတမှာ”

ကျန်းဖိန်က အစည်းအဝေး၏ ဒုတိယအပိုင်းကို ကျော်ပြီး လင်းဟွမ်ကို တိုက်ရိုက် ကြည့်လိုက်သည်။

လင်းဟွမ်က သဘောတူကြောင်း ပြသရန် ခေါင်းညိတ်လိုက်သည်။

ကျန်းဖိန်က လူတိုင်းကိုကြည့်ရန် ခေါင်း လှည့်လိုက်ပြီး

"ငါတို့ရဲ့ အရင် လက်ထောက် အကြီးအကဲ ကျန်းယွီက အင်ပါယာအဆင့် ရောက်သွားပြီဆိုတော့ သူ့ရာထူးက လစ်လပ်နေတယ်။ ပုံမှန်လုပ်ထုံး လုပ်နည်းကတော့ စစ်ဆေးရေးဂိုဏ်း (၆၃) မှာ အရည်အချင်း ပြည့်မီတဲ့ လက်ထောက် အကြီးအကဲ ကိုယ်စားလှယ်လောင်း စာရင်းကို တင်သွင်း၊ ပြန်လည် သုံးသပ်၊ နောက်ဆုံးမှာ မဲပေးရမှာ"

“ဒါပေမယ့် အကြီးအကဲ ချန်းသွမ်က အစကတည်းက ကူဖိန်းကို ကျန်းယွီရဲ့ နေရာမှာ အစားထိုး ဆိုပြီး အဆိုပြုထားသလို ဒါကို

ကျန်းယွီကလည်း သဘောတူ ထားပြီးသားပဲ။ ပြီးတော့ လက်ထောက် အကြီးအကဲ လင်းနဲ့ ဆွေးနွေးလိုက်တော့လည်း ပုံမှန် လုပ်ထုံး လုပ်နည်းတွေကို ကျော်ပြီး အကြီးအကဲရဲ့ အမိန့်ကိုပဲ အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်တယ်"

"အခုအချိန်မှာ ကူဖိန်းက တစ်ဦးတည်းသော လက်ထောက် အကြီးအကဲ ကိုယ်စားလှယ်လောင်း ဖြစ်တဲ့အတွက် သူမရဲ့ ဒီရာထူးကို ထောက်ခံကြလား၊ မထောက်ခံဘူးလား ဆိုတာ မဲပေးကြရမယ်။ မဲတစ်ဝက်ကျော်ရင် သူမက လက်ထောက်

အကြီးအကဲ ဖြစ်လာလိမ့်မယ်။ ဆန္ဒမဲတစ်ဝက်အောက် လျော့နည်းနေရင်တော့ တတိယမြောက် အကြီးအကဲရာထူးက ယာယီလစ်လပ်နေမယ်။ ဒီရာထူးအတွက် ကူဖိန်းကို ကန့်ကွက်ပြီး နောက်ပိုင်းမှာ တခြားကိုယ်စားလှယ်လောင်းတွေကို လူသိရှင်ကြားခေါ်ယူသွားမယ်"

“ ဒါနဲ့ ရှင်းအောင် ပြောရဦးမယ်။ ကူဖိန်း..... ဒီတစ်ခါ မင်းမှာ မဲပေးပိုင်ခွင့် မရှိဘူး”

ကျန်းဖိန်က ရည်ရွယ်ချက် ရှိရှိ အလေးပေး ပြောဆိုလိုက်သည်။

ကူဖိန်းက ခေါင်းညိတ်လိုက်သော်လည်း သူမ မျက်နှာပေါ်တွင် မည်သည့် အမူအရာမှ မရှိပေ။ ထို့ကြောင့် လင်းဟွမ်သည် ကူဖိန်းက ဤရာထူးကို လိုချင်လား၊ မလိုချင်ဘူးလား ဆိုသည်ကို မပြောနိုင်ပေ။

“ကဲ မဲပေးရအောင်။ သဘောတူတဲ့ လူတွေ ကျေးဇူးပြုပြီး လက်ထောင်ပါ”

## အခန်း(၉၇၆) - တကယ် ထက်တဲ့ အမျိုးသမီးပဲ။

ကျန်းဖိန် ပြောပြီးသည်နှင့် လင်းဟွမ်က ကျန်းဖိန်နောက်လိုက်ပြီး သူ့လက်ကို ပထမဦးဆုံး မြှောက်လိုက်သည် ။

လက်ထောက် အကြီးအကဲ နှစ်ယောက်က လက်မြှောက်နေသည်ကို မြင်သောအခါ ထိပ်တန်း စီမံခန့်မှုအဖွဲ့ဝင် ရှစ်ယောက်သည် တုံ့ဆိုင်းသွားပြီး တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ဆံပင်အတိုနှင့် အမျိုးသမီးက စားပွဲရှည်၏ အစွန်ဆုံးမှာ ထိုင်နေသော ကူဖိန်း ကိုကြည့်ပြီး လက်မြှောက်လိုက်သည်။

ထိုအချိန်မှစ၍ ညစ်နွမ်းနေသော အသားအရေနှင့် လူလတ်ပိုင်းအရွယ် အမျိုးသားနှင့် လင်းဟွမ် ဘေးရှိတွင် ထိုင်နေသော ဖက်တီးတို့လည်း လက် မြှောက်လိုက်ကြသည်။

ကျန်သည့် ငါးယောက်က လက်မမြှောက်ပေ။

"မဲပေး ပြီးပြီဆိုတော့ ရလဒ် ကြေညာမယ်။"

ကျန်းဖိန်က လူတိုင်းကို တစ်ချက်ကြည့်လိုက်သည်။

“ထောက်ခံမဲ (၇) မဲ ။ ကန့်ကွက်မဲ (၅) မဲ။ တစ်ဝက်ကျော် ထောက်ခံတယ်”

ရလဒ် ကြေငြာပြီးနောက် ကျန်းဖိန်သည် ကူဖိန်းကို လှမ်းကြည့်ပြီး ပြုံးလိုက်ကာ....

"ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ တတိယမြောက် လက်ထောက် အကြီးအကဲ ဖြစ်လာတဲ့အတွက် ကူဖိန်းကို ဂုဏ်ပြုပါတယ်"

ကူဖိန်းကလည်း ပြုံးလိုက်ပြီး ကျေးဇူးတင်ကြောင်း ပြသရန် မတ်တပ် ထရပ်လိုက်သည်။

"တတိယမြောက် လက်ထောက် အကြီးအကဲ ရွေးချယ်ပြီး ပြီဆိုတော့ အခုချိန်မှာ ငါတို့ရဲ့ ပထမဆုံး အကြောင်းအရာဖြစ်တဲ့ ရှေ့ထွက် အကြီးအကဲ ရွေးချယ်ဖို့ အချိန် ရောက်ပြီ"

"အခု ငါတို့မှာ လက်ထောက် အကြီးအကဲ သုံးယောက် ရှိတာဆိုတော့ ကိုယ်စားလှယ်လောင်း သုံးယောက် ရှိမယ်။ ကိုယ်စားလှယ်လောင်း သုံးယောက်ထဲက တစ်ယောက်ကို ရှေ့ထွက်

အကြီးအကဲ ရာထူးအတွက် မဲပေး ရွေးချယ်ကြမယ်”

“ ဒီမှာရှိတဲ့ လူ (၁၁) ယောက်က တစ်ယောက်တစ်မဲစီ မဲပေးပိုင်ခွင့် ရှိတယ်။ လက်ထောက်အကြီးအကဲတွေလည်း အတူတူပဲ။ ကိုယ်စားလှယ်လောင်း သုံးယောက်ကလည်း ကို့ကိုယ်ကိုလည်း မဲပေးနိုင်တယ်။ တခြားသူကိုလည်း မဲပေးနိုင်တယ်”

“မဲပေးချင်တဲ့ ကိုယ်စားလှယ် နာမည်ကို စာရွက်ပေါ်မှာ ရေးလိုက်ပါ။ မဲမပေးချင်တဲ့ လူကတော့ စာရွက်အလွတ် ထားနိုင်တယ်”

ကျန်းဖိန်သည် စကား ပြောပြီးနောက် လက်ဖဝါးအရွယ် စာရွက်ဖြူ တစ်ရွက်ကို လူတိုင်းထံ ပေးလိုက်သည်။

“ သူများရေးတဲ့ နာမည်ကို မကြည့်နဲ့၊ တစ်ယောက်နဲ့ တစ်ယောက် မတိုင်ပင်နဲ့။ ရှေ့ထွက် အကြီးအကဲ ဖြစ်စေချင်တဲ့ ကိုယ်စားလှယ်လောင်း နာမည်ပဲ ချရေး။ ရေးပြီးတဲ့လူက မင်းတို့ ရေးထားတဲ့

နာမည်ကို ဘယ်သူမှ မမြင်အောင် စာရွက်ကို ခေါက်ထားပါ ။ မကြာခင် ရေတွက်ပြီး မဲရလဒ် ကြေညာပေးမယ်။ မဲအများဆုံး ရတဲ့ ကိုယ်စားလှယ်လောင်းကို ရှေ့ထွက် အကြီးအကဲ အဖြစ် ရွေးချယ်သွားမယ်"

လင်းဟွမ် အပါအဝင် လူတိုင်းက သူတို့ရှေ့မှ စာရွက်ဖြူကို ကောက်ယူပြီး သူတို့၏ စိတ်စွမ်းအားများနှင့် စကင်န် ဖတ်လိုက်သည်။ ဤစာရွက်က ထောက်လှမ်းမှုကို အတိုင်းအတာတစ်ခု အထိ ပိတ်ဆို့ထားကြောင်း တွေ့ရှိခဲ့ကြသည်။

ထို့အပြင် စာရွက်အပေါ်တွင် မည်သည့် အမှားအယွင်းမှ မရှိပေ။

လင်းဟွမ်သည် စာရွက်အကြောင်း အတည်ပြုပြီးနောက် စာရွက်ထဲသို့ ကံကြမ္မာစွမ်းအား ထည့်သွင်းကာ ကျန်းဖိန်၏ နာမည်ကို စာရွက်ပေါ် ချရေးလိုက်သည်။ ထို့နောက် စာရွက်ခေါက်ပြီး သူ့ရှေ့က စားပွဲပေါ် တင်ထားလိုက်သည်။

လင်းဟွမ်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသော ကျန်းဖိန်ကလည်း နာမည်တစ်ခု ချရေးပြီး ချက်ချင်း ခေါက်လိုက်သည်။

မိနစ်ဝက် မပြည့်ခင် လူ (၁၁) ယောက်လုံးသည် သူတို့ မဲပေးချင်သော နာမည်ကို ချရေးလိုက်ကြပြီး စာရွက်ကို တစ်ယောက်ပြီး တစ်ယောက် ခေါက်လိုက်ကြသည်။

"လက်ထောက် အကြီးအကဲ ကူ၊ ကျေးဇူးပြုပြီး လူတိုင်းစီက မဲစာရွက်တွေ သိမ်းပေးပါ"

ကျန်းဖိန်က ကူဖိန်းကို ညွှန်ကြားလိုက်သည်။

ကူဖိန်းက ခေါင်းညိတ်လိုက်ပြီး စာရွက်များကို အမြန် ကောက်ယူလိုက်ပြီး သူ့စာရွက်ကိုပါ

ကောက်ယူလိုက်သည်။ ထို့နောက် မဲစာရွက်များကို ကျန်းဖိန်ထံ လွှဲပြောင်း ပေးအပ်လိုက်သည်။

ကျန်းဖိန်က သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသော လင်းဟွမ်ထံ လမ်းလျှောက်သွားပြီး

“ဒုတိယ အကြီးအကဲ လင်း၊ မင်း ကြေညာပေးပါ”

လင်းဟွမ်သည် မမျှော်လင့်ထားသဖြင့် အနည်းငယ် အံ့ဩသွားသော်လည်း ခေါင်းညိတ်လိုက်သည်။

စာရွက်လိပ်များကို ကောက်ကိုင်ပြီး မတ်တပ် ထရပ်လိုက်သည်။

ပထမဆုံး စာရွက်ကို ဖွင့်လိုက်သောအခါ သူ့နာမည် ဖြစ်နေသည်။

"လင်းရှီ (၁) မဲ"

လင်းဟွမ်က ဖွင့်ထားသည့် စာရွက်ကို ပြပြီး စားပွဲပေါ် တင်လိုက်သည်။

ဒုတိယစာရွက်ကို ဖွင့်ကြည့်လိုက်ရာ သူ့နာမည်ကို ထပ်တွေ့လိုက် ရပြန်သည်။

"လင်းရှီ (၂) မဲ"

ထို့နောက် ဖွင့်ထားသော စာရွက်ကို လူများထံ ထပ်မံ ပြသလိုက်ပြီး စားပွဲပေါ် တင်လိုက်သည်။

တတိယစာရွက်ကို ဖွင့်လိုက်သည်နှင့် စာရွက်ပေါ်က သူ့နာမည်ကို မြင်သောအခါ မနေနိုင်ဘဲ မျက်မှောင်ကြုတ်သွားသည်။ သူ့နာမည် ပါနေပြန်သည်။

"လင်းရှီ (၃) မဲ"

မဲစာရွက်ကို စားပွဲပေါ် ချပြီးနောက် အနည်းငယ် မျက်မှောင်ကြုတ်ကာ စတုတ္ထစာရွက်ကို ကောက်ယူလိုက်သည်။

နောက်ဆုံး၌ ဤတစ်ကြိမ်တွင် သူ့နာမည် မဟုတ်တော့သဖြင့် သူ၏ အမူအရာက အနည်းငယ် ပြေလျော့သွား၏။

"ကျန်းဖိန်၊ ၁ မဲ။"

ထိုအချိန်မှစ၍ ကျန်းဖိန်၏ နာမည်က မကြာခဏ ဆိုသလို ထွက်ပေါ်လာသည်။

"လင်းရှီ (၄) မဲ"

"ကျန်းဖိန် (၅) မဲ”

နောက်ဆုံး၌ ကျန်းဖိန်၏ မဲများက လင်းဟွမ်ကို ကျော်တက်သွားသည်။ လင်းဟွမ်သည် ပို၍ စိတ်သက်သာရာ ရသွား၏။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကို စောင့်ရှောက်ရန် အချိန် မရှိသောကြောင့် ရှေ့ထွက် အကြီးအကဲ ရာထူးကို အမှန်ကတယ် မလိုချင်ပေ။

သို့သော်လည်း နောက်ထပ် စာရွက်ကို ဖွင့်လိုက်သောအခါ သူ့နာမည်က ပြန်ပေါ်လာသည်။

"လင်းရှီ (၅) မဲ"

လင်းဟွမ်သည် (၅)မဲ၊ (၅)မဲ နှင့် သရေ ဖြစ်နေသည့်အတွက် အနည်းငယ် အံ့အား သင့်နေသည်။

သူသည် လက်ထောက် အကြီးအကဲ ဖြစ်လာသည်မှာ တစ်လမျှသာ ရှိသေးပြီး သာမန်အားဖြင့် ဘာမှ မလုပ်တတ်ပေ။

ထို့အပြင် ပါရမီရှင် သမဂ္ဂထဲကိုလည်း ပုံမှန် မဝင်ဖြစ်ခဲ့ပေ။ သူ့ကို ဘာကြောင့် ဒီလူများက မဲပေးကြလည်း ဆိုသည်ကို သူမသိပေ။

ကျန်းဖိန်လည်း အနည်းငယ် စိုးရိမ်နေပုံရသည်။ လူတော်တော် များများက လင်းဟွမ်ကို မဲပေးကြလိမ့်မည်ဟု မမျှော်လင့်ထားပေ။

ရလဒ်ကြောင့် လူတိုင်း အံ့အောနေကြသည်။ လူတိုင်းက သူတို့၏ ကိုယ်ပိုင် လက်ရေးကို မှတ်မိနေသောကြောင့် လင်းဟွမ်က လိမ်လည် လှည့်ဖြားနေခြင်း မဟုတ်ကြောင်း ထုံးစံအတိုင်း သိနေကြသည်။

နောက်ဆုံး တစ်မဲကို ထုတ်ဖော်ကြေညာခြင်း မရှိသေးပေ။

လူတိုင်းက နောက်ဆုံး မဲစာရွက်ကို ရင်တထိတ်ထိတ်နှင့် စောင့်မျှော် နေကြသည် ။

လင်းဟွမ်သည် နောက်ဆုံး စာရွက်ကို ကောက်ကိုင်လိုက်ပြီး ထိုအပေါ်က နာမည်ကို တွေ့လိုက်သောအခါ စိတ်သက်သာရာ ရသွားသည်။

"ကျန်းဖိန် (၆) မဲ"

"(၆)မဲ (၅)မဲ"

"အကြီးအကဲကျန်း၊ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ ရှေ့ထွက် အကြီးအကဲ ဖြစ်လာတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ကျေးဇူးပါ.. ကျေးဇူးပါ"

ကျန်းဖိန်သည် ဤရလဒ်ကို မြင်လိုက်မှ စိတ်သက်သာရာ ရသွားသည်။ အပြုံးများစွာနှင့် မတ်တပ်ထရပ်ပြီး လင်းဟွမ်ကို နှုတ်ဆက် လိုက်သည်။ ထို့နောက် လူတိုင်းကို ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။

လင်းပွှမ်ကို လူ တစ်ဝက်နီးပါးက မဲပေးခဲ့ကြသော်လည်း မည်သို့ပင် ဆိုစေကာမူ နောက်ဆုံးရလဒ်ကို သူ လက်ခံသည်။

အသစ် ခန့်အပ်လိုက်သော လက်ထောက်အကြီးအကဲ ကူဖိန်းက မဲတစ်မဲမှ မရသည့်အတွက် မည်သူမျှ မအံ့သြကြပေ။

ကျန်းဖိန်က နိဂုံးချုပ် စကား ပြောပြီးနောက် အစည်းအဝေးကို အဆုံးသတ်လိုက်သည်။

ကျန်းဖိန်နှင့် ထိပ်ပိုင်း အကြီးအကဲများသည် အစည်းအဝေး အခန်းထဲမှ တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားကြသည်။

လင်းဟွမ်က ထွက်သွားရန် လုပ်လိုက်စဉ် ကူဖိန်းက သူ့ကိုတားလိုက်ပြီး

"ဒုတိယအကြီးအကဲ လင်း၊ မင်းရဲ့ ဖုန်းနံပါတ် ရနိုင်မလား"

“ရပါတယ်”

လင်းဟွမ်က ချက်ချင်း သဘောတူလိုက်သည်။

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ ဝန်ထုပ်ဝန်ပိုးကို မျှဝေ ထပ်ဆောင် နိုင်စေရန် ကူဖိန်းကို ထောက်ခံခဲ့ခြင်း ပင်။ နောင်တွင် ကိစ္စများစွာအတွက် အချင်းချင်း ဆက်သွယ် ရလိမ့်မည်။

လင်းဟွမ်၏ ဖုန်းနံပါတ်နှင့် အသေးစိတ် အချက် အလက်များကို လက်ခံ ရရှိပြီးနောက် ကူဖိန်းက ပြုံးရင်း မေးလိုက်သည်။

"ဘာဖြစ်လို့ ရှေ့ထွက် အကြီးအကဲ မဖြစ်ချင်တာလဲ"

"ငါ့ကို ပြောတာလား"

လင်းဟွမ် မျက်ခုံးပင့်သွားသည်။

ကူဖိန်းက ရယ်မောပြီး ဆက်ပြောလိုက်သည်။

"နောက်ဆုံး မဲစာရွက်ကို ဖွင့်လိုက်တဲ့အချိန်မှာ မင်း တော်တော်လေး သက်သာရာ ရသွားတာကို ငါ မြင်လိုက်တယ်"

"ဟားဟား၊ အဲဒါကို မင်း မြင်တာလား..."

လင်းဟွမ်က ငြင်းရန် စိတ်မဝင်စားပေ။

"ငါက နည်းနည်းလေး ပျင်းလို့ ဖြစ်နိုင်တယ်"

"ဒါပေမယ့် မင်းသာ ရှေ့ထွက် အကြီးအကဲဖြစ်လာရင် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က ဒီထက်ပိုပြီး တိုးတက် လာနိုင်တယ်လို့ ငါ ထင်တယ်"

ကူဖိန်းက ပြုံးနေရင်း ပြောလိုက်သည်။

"မင်းက ငါ့ကို အရမ်း အထင်ကြီးနေပြီ။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ ဒီနေ့ ရရှိနေတဲ့ အောင်မြင်မှုတွေက ရှေးက အကြီးအကဲတွေနဲ့ ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ဝင်တွေ အတူတူ ကြိုးစားခဲ့လို့ပါ။ လူတစ်ယောက်တည်းရဲ့

အရည်အချင်းနဲ့ ပြောင်းလဲလို့ မရဘူး။ အကြီးအကဲ ချန်းသွမ် မလုပ်နိုင်ရင် ငါလည်း မလုပ်နိုင်ဘူး”

လင်းဟွမ်က ခေါင်းခါလိုက်သည်။

"နောက်ပြီးတော့ အစ ကတည်းက အင်မော်တယ်အဆင့်မှာ အကြာကြီး ဆက်နေဖို့ စိတ်မကူးထားလို့ပဲ"

“နဂါးက ရေတိမ်မှာ မနေဘူးဆိုတဲ့ စကားကို အခုမှပဲ နားလည်သွားတော့တယ်။"

ကူဖိန်းက ပြုံးပြီး ပြောလိုက်သည်။

“ကဲ ဖုန်းနံပါတ်လည်း လဲပြီးပြီ ဆိုတော့ ငါ သွားတော့မယ်”

လင်းဟွမ်သည် ထွက်သွားသော ကူဖိန်းကို ကြည့်ပြီး ခေါင်းခါကာ ပြုံးလိုက်မိသည်။

"တော်တော်လေး ထက်တဲ့ အမျိုးသမီးပဲ။ ချန်းသွမ်ရဲ့ အကြိုက်က တစ်ကယ့်ကို တစ်ခုခုပဲ”

## အခန်း(၉၇၇) - အင်မော်တယ် အဆင့် (၁၀) တက်လို့ ရတယ်ဟ..

လင်းဟွမ်သည် ပါရမီရှင် သမဂ္ဂထဲက ပြန်ထွက်လာသောအခါ မွန်းတည့်ချိန် နီးပါး ဖြစ်နေသည်။

"ကူဖိန်းကိုလည်း ကောင်းကောင်း ထောက်ခံခဲ့ပြီးပြီ။ ရှေ့ထွက်အကြီးအကဲ ရာထူး ကိစ္စလည်း ဖြေရှင်းပြီးပြီ ဆိုတော့ ဒီအတောအတွင်း

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က လူတွေနဲ့ တွေ့စရာ မရှိတော့ဘူး”

လင်းဟွမ်သည် ထိုအကြောင်း တွေးပြီးနောက် သိုလှောင်လက်စွပ်ထဲမှ နတ်ဘုရားရုပ်တု သုံးခုကို ထုတ်ယူလိုက်သည်။

“အခု ငါ့ရဲ့ တိုက်ခိုက်ရေး အဆင့်ကို မြှင့်တင်ဖို့ အချိန် ရောက်ပြီ”

လင်းဟွမ်၏ စိတ်စွမ်းအားများသည် စိတ်ဝိညာဉ်လှိုင်း သုံးခုအဖြစ် ပြောင်းလဲသွားပြီး နတ်ဘုရားရုပ်တု သုံးခုနှင့် ချိတ်ဆက်သွားသည်။

ထို့နောက် ရုပ်တုသုံးခုလုံးကို ရစ်ပတ်ကာ သူ၏ ခန္ဓာကိုယ်ထဲသို့ ဆွဲခေါ်သွား၏။ အထဲ ရောက်သွားသည်နှင့် တပြိုင်နက် နတ်ဘုရားရုပ်တု သုံးခုသည် စိတ်စွမ်းအား၏ လမ်းညွှန်ချက် မပါဘဲ အလင်းတန်း သုံးခုအဖြစ် ပြောင်းလဲသွားသည်။ ထို့နောက် လက်ကျန် ကံကြမ္မာစက်ဝိုင်း သုံးခုထဲက နတ်မီးလျှံထဲ ဝင်ရောက်သွားသည်။

ကံကြမ္မာ စက်ဝိုင်းထဲရှိ ရောမ မီးတောင်ကြီးသည် နတ်ဘုရား ရုပ်တုများ ဝင်လာသည်နှင့် တပြိုင်နက် ပြင်းပြင်းထန်ထန်

တုန်ခါလာသည်။ နတ်မီးလျှံသည် လျင်မြန်စွာ ကျုံ့ဝင်သွားပြီး မျက်စိတစ်မှိတ် အတွင်းမှာပင် ရောမ ဝဲကတော့ကြီး သုံးခုအဖြစ် ပြောင်းလဲသွား၏။

တစ်ချိန်တည်းမှာပင် လင်းဟွမ်၏ ကံကြမ္မာ စက်ဝိုင်းထဲက ပြည့်နှက်နေသော ကံကြမ္မာ စွမ်းအားများကို ဝဲကတော့ကြီးများက စုပ်ယူသွားခဲ့သည်။ ဒါသည် နတ်ဘုရားရုပ်တု အသစ်သုံးခု တည်ရှိနေသော ကံကြမ္မာစက်ဝိုင်း သုံးခုထဲတွင် ဖြစ်ပျက် နေရုံသာမက အခြားသော ကံကြမ္မာစက်ဝိုင်း (၇) ခုထဲတွင်လည်း ရေ အငမ်းမရ

သောက်နေသော နဂါးကြီးတစ်ကောင် ကဲ့သို့ ကံကြမ္မာစွမ်းအားကို စုပ်ယူနေသည်။

တစ်နာရီ နီးပါးခန့် ကြာသောအခါ လင်းဟွမ် ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာ စွမ်းအားများသည် လုံးဝ ခမ်းခြောက် သွားပြီး နတ်မီးလျှံက သုံးခု ခွဲထွက်သွားကာ နတ်ဘုရားရုပ်တုကို အပြည့်အဝ ထိုးဖောက် ဝင်ရောက်သွားသည်။

ခဏအကြာ နတ်ဘုရားရုပ်တု သုံးခုသည် နိုးထလာသကဲ့သို့ မျက်လုံးများ ပွင့်လာပြီး သူတို့ မျက်လုံးထဲမှ အနက်ရောင် နတ်မီးလျှံများ

ထွက်ပေါ်လာသည်။ သူတို့၏ ခန္ဓာကိုယ်က လျှင်မြန်စွာ ကြီးထွားလာပြီး လက်ဖဝါးအရွယ် အရွယ်အစားမှ ပုံမှန်အရွယ်အစား အထိ ဖြစ်လာလာသည်။ ထိုအချိန်တွင် နတ်ဘုရား ရုပ်တု၏ မျက်လုံးများက နှစ်နှစ်ခြိုက်ခြိုက် အိပ်မော ကျသွားသကဲ့သို့ ပြန်မှိတ်သွား၏။

ထို့နောက် နတ်ဘုရားရုပ်တု သုံးခုထဲမှ ကံကြမ္မာစွမ်းအားများသည် အရှိန်အဟုန် ပြင်းထန်စွာ ပြန်လည် ထွက်ပေါ်လာပြီး ကံကြမ္မာ စက်ဝိုင်းများထံ ပျံ့နှံ့သွားသည်။ ထို့နောက် ကံကြမ္မာ

စက်ဝိုင်းများကို လျော်ကြေး ပြန်ပေးသည့် အနေနှင့် ပြန်လည် ဖြည့်သွင်း ပေးနေသည်။

ကံကြမ္မာစက်ဝိုင်း ဆယ်ခုလုံး ပြည့်သွားပြီးနောက် ကံကြမ္မာ စွမ်းအားများသည် လင်းဟွမ်၏ အာရုံကြောများ၊ အကြောများ၊ သွေးကြောများ၊ ကြွက်သားများ၊ အရိုးများ၊ ဝိညာဉ်များ ထိတိုင်အောင် စတင် စီးဝင်လာသည်။

လင်းဟွမ်သည် သူ၏ တိုက်ခိုက်ရေး အဆင့်က လျှင်မြန်စွာ မြင့်တက်နေကြောင်း ရှင်းရှင်းလင်းလင်း ခံစားမိသည်။ မူလက ရှိသော အင်မော်တယ်

အဆင့်(၇)မှ အင်မော်တယ် အဆင့်(၈)သို့ အရှိန်အဟုန် ပြင်းထန်စွာ မြင့်တက်သွားပြီး မျက်စိ တစ်မှိတ်အတွင်းမှာပင် အင်မော်တယ် အဆင့် (၉) ရောက်သွားသည်။ ဆက်လက်၍ အင်မော်တယ် အဆင့်(၉) အထွတ်အထိပ်သို့ အတားအဆီး မရှိ မြင့်တက်သွား ပြန်သည်။

“အင်မော်တယ် အဆင့် (၁၀)....၊ အင်မော်တယ် အဆင့် (၁၀) တကယ် တက်လှမ်းနိုင်တာပဲ.. ငါ မယုံနိုင်ဘူး..”

လင်းဟွမ်သည် သူ၏ တိုက်ခိုက်ရေး အဆင့်က မည်သူမှ မရောက်ဖူးသေးသည့် အဆင့်အထိ မြင့်တက်သွားသည်ကို မြင်လျှင် အနည်းငယ် စိတ်လှုပ်ရှားလာသည်။ အစကတော့ သီအိုရီအရသာ ဖြစ်နိုင်ပြီး လက်တွေ့တွင် မဖြစ်နိုင်ဘူးဟု ထင်နေခဲ့သည်။ မအောင်မြင်ခင်က အင်မော်တယ် အဆင့်(၁၀) သို့ တက်လှမ်း နိုင်ပါ့မလားဟု မိနစ်တိုင်း၊ စက္ကန့်တိုင်း သံသယ ဖြစ်နေခဲ့သည်။

ယခုမူ ဤကမ္ဘာပေါ်ရှိ ကျင့်ကြံခြင်းနည်းစနစ်များက ကျောက်ပြား ပြောသည့်အတိုင်း ချို့ယွင်းချက်များ ရှိနေပုံ ရသည်။

“မင်းကို ပြောပါတယ်..”

ထုံးစံအတိုင်း ကျောက်ပြားကလည်း လင်းဟွမ်၏ တိုက်ခိုက်ရေး အဆင့် ပြောင်းလဲမှုကို ခံစားမိသည်။

“အခု ဘယ်လို ခံစားရလဲ...”

“တော်တော်လေး ထူးခြားတယ်။ အရင်ကထက် အများကြီး အစွမ်း ထက်လာသလိုပဲ”

လင်းဟွမ်က လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်၍ လက်ကို ဝှေ့ယမ်းပြီး အရှက်မဲ့စွာ အော်ဟစ်လိုက်သည်။

"မင်း အမှန်တွေ ပြောနေတယ် ဆိုတာ ငါသိနေတယ်.."

"……"

ကျောက်ပြားသည် ခေတ္တမျှကြောင် သွားပြီးနောက် ရေရွတ်လိုက်သည်။ အမှန်တကယ်ဆို အင်မော်တယ်အဆင့် (၁၀) ရောက်ရှိခြင်းသည် လင်းဟွမ်အတွက် အပြည့်အဝ အဆင့်တက်သွားခြင်း

မဟုတ်သေးပေ။ နောက်ဆုံး တိုက်ခိုက်ရေးဝိညာဉ် သုံးခုကို အပြည့်အဝ စိတ်ကူးပုံဖော်ပြီးမှသာ အမှန်တကယ် အဆင့်တက်လှမ်း သွားသည်ဟု ယူဆနိုင်လိမ့်မည်။

ယခုမူ လင်းဟွမ်သည် အစစ်အမှန် ဝိညာဉ်များကို စိတ်ကူး ပုံဖော်ရန် တံခါးပိတ် ကျင့်ကြံခြင်း အခြေအနေသို့ ချက်ချင်း မသွားခဲ့ပေ။

“အစစ်အမှန် ဝိညာဉ်ကို စိတ်ကူးယဉ်ပုံဖော်ဖို့ အလျင်လိုလို့ မရသေးဘူး.. အစစ်အမှန် ဝိညာဉ် သုံးခုလုံးကို စိတ်ကူးယဉ် ပုံဖော်မယ်ဆိုရင်

တစ်လကျော်လောက် ကြာလိမ့်မယ်။ ဒီတော့ ရှင်းစရာရှိတဲ့ ကိစ္စတွေ အရင်ဆုံး ရှင်းလင်းထားရမယ်....”

လင်းဟွမ်သည် နေ့လည်စာ စားပြီးနောက် ဟိုတယ်အခန်းထဲသို့ ပြန်လာကာ ဆက်သွယ်ရေး မျက်နှာပြင် ဖွင့်ပြီး ဟုန်လု၏နာမည်ကို ရှာကာ ဗီဒီယိုဖုန်း ခေါ်လိုက်သည်။ မကြာခင် ဖုန်းခေါ်ဆိုမှု ချိတ်ဆက်သွားသည်။

ခန္ဓာကိုယ် အနည်းငယ် ပြည့်တင်းသော အသက် (၃၀) အမျိုးသမီး တစ်ယောက်က ဗီဒီယိုဖုန်းထဲတွင်

ပေါ်လာသည်။ သူမက ဖယ်ရှားခြင်းမြို့ မှောင်ခိုဈေးကွက်ထဲက ဟုန်လု ဖြစ်သည်။

"တောင်းထားတဲ့ ပစ္စည်းရဲ့ အခြေအနေ ဘယ်လိုလဲ"

လင်းဟွမ်က ဤအမျိုးသမီးနှင့် စကား အနည်းငယ်မျှပင် မပြောဘဲ လိုရင်း တန်းမေးလိုက်သည်။

"မစ္စတာလင်း.. မင်းတောင်းထားတဲ့ ပစ္စည်းတွေက တော်တော်လေး ရှားတယ်.. လွန်ခဲ့တဲ့ လအနည်းငယ်ကတည်းက မင်း မှာထားတာ

မှန်ပေမယ့် ငါတို့တွေ တစ်ဝက်လောက်ပဲ စုရသေးတယ်။ အခုချိန်ထိ ဘာမှန်း မသိသေးတဲ့ ပစ္စည်း တချို့ကလည်း ရှိနေသေးတယ်။ ဒီနှစ်မကုန်ခင် ပစ္စည်းစုံအောင် စုနိုင်ပါ့မလား ဆိုတာတောင် မသေချာသေးဘူး”

ဟုန်လုက ကူကယ်ရာမဲ့စွာ ဝန်ခံလိုက်သည်။

“ဒါဆိုလည်း မင်းစုဆောင်းပြီးသား ပစ္စည်းတွေပဲ အရင် ပေးလိုက်။ ပစ္စည်းတွေယူဖို့ နှစ်ရက်အတွင်း မင်းဆီကို ရောက်အောင် လာခဲ့မယ်”

လင်းဟွမ်က ထပ်ပြောလိုက်သည်။

"ဒီထဲမှာ ရှာရအခက်ဆုံးလို့ ထင်တဲ့ ပစ္စည်းစာရင်းပေး။ ငါ့ဘာသာငါ ရှာလိုက်မယ်"

"ရတယ်လေ။ အဲ့တာဆို ငါ ပစ္စည်းတွေကို ပို့ပေးလိုက်မယ်"

ဟုန်လုက ခေါင်းညိတ် လိုက်သည်။ ဖြစ်ပျက်နေသည့် ကိစ္စများက သူမ အတင်းအကြပ် ဖိအားပေးပြီး မလုပ်နိုင်သော ကိစ္စများ မဟုတ်ကြောင်း သိနေ၏။

ဟုန်လုနှင့် ဖုန်းပြောပြီး (၁၀) မိနစ်ခန့် ကြာသောအခါ မက်ဆေ့ချ်နှစ်ခု ရှေ့ဆင့်နောက်ဆင့် ဝင်လာသည်။

လင်းဟွမ်က ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်လိုက်သည်။ မက်ဆေ့ချ်မှာ ခေါင်းစဉ်နှင့် (Attach) အတက်ချ် တွဲထားသော ဖိုင်များ ဖြစ်နေသည်။ ဤမက်ဆေ့ချ်ကို ပို့လိုက်ပေးလိုက်သည့် သူမှာ ဟုန်လုမှလွဲ၍ အခြားသူ မဟုတ်ပေ။

လင်းဟွမ်သည် ယခုအခါ အင်ပါယာ ရွှေဝါရောင်အဆင့် ရောက်နေပြီ ဖြစ်သော

သွေးရဲရဲလေးကို ဆင့်ခေါ်ပြီး 'စုဆောင်း ပစ္စည်း စာရင်း' ဆိုသည့် မက်ဆေ့ချ်ကို ဖွင့်လိုက်သည်။

လူတစ်ယောက်နှင့် မွန်းစတား တစ်ကောင်သည် ပစ္စည်းအမျိုးအစား တစ်ရာကျော်ကို စစ်ဆေး နေကြသည်။ လင်းဟွမ်က သွေးရဲရဲလေးကို မနေနိုင်ဘဲ မေးလိုက်သည်။

"ဒီပစ္စည်း စာရင်းက ဘယ်နှစ်စုံလောက် လုပ်လို့ ရနိုင်မလဲ"

"ငါတို့ကံက အဲ့ဒီလောက် မဆိုးပါဘူး။ နှစ်စုံစာလောက်တော့ အေးဆေးပဲ"

သွေးရဲရဲလေးက ပြုံးပြီး တွက်ပြလိုက်သည်။

“ချောကလက်လေးနဲ့ ဟာကျူလီဘုရင် အတွက်ပေါ့”

“တကယ်တော့ ငါတို့ကံက အဆိုးကြီး မဟုတ်ဘူး..”

သူ့မျက်လုံးထောင့်တွင် ဖုံးဖိမရသော အပြုံးများ ပေါ်လာသည်။

“ငါ ထပ် လုပ်ကြည့် လိုက်အုံးမယ်”

မွန်းစတားများ ကတ်များကို ဂန္တဝင်အဆင့်မှ ဒဏ္ဍာရီအဆင့် မြှင့်တင်ရာတွင် အဆင့်မြှင့်တင်ခြင်း ကတ်ငါးကတ် သုံးရသည့် အပြင် မွန်းစတားကတ် တစ်ခုချင်းစီအတွက် ရှားပါး ပစ္စည်းများ လိုအပ်သေး၏။

လင်းဟွမ်သည် နှစ်သစ်ကူး မတိုင်ခင်ကတည်းက ပစ္စည်းများကို စတင် စုဆောင်းလာခဲ့သည်မှာ သုံးလကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း တိုးတက်မှုက နှေးကွေးလွန်း နေသည်။

"ပစ္စည်း အများကြီး မကျန်တဲ့အစုံ ရှိသေးလား.."

လင်းဟွမ်က ထပ်မေးလိုက်သည်။

“အင်း... အာဏာရှင်က နှစ်ခု၊ ပိုင်က လေးခု။ ကျန်တဲ့ကတ်တွေက တော်တော်လေး လိုသေးတယ်။ ဒီအချိန်အတောအတွင်းမှာ အားလုံးစုံအောင် စုဆောင်းဖို့ ခက်ခဲလိမ့်မယ်..”

လင်းဟွမ်က ပစ္စည်းများ စုဆောင်းနိုင်မည့် အခြားနည်းလမ်းကို ရှာဖွေရန် ကြံစည်နေကြောင်း သွေးရဲရဲလေး သိနေသည်။

“အာဏာရှင်နဲ့ ပိုင်မှာ မရှိတဲ့တာ ဘာလဲ..”

"အာဏာရှင်က ကြွယ်အူတိုင်၊ နတ်ဘုရားပုဆိန် ဓါတ်ကြွင်း။ "

"ပိုင်က နတ်ဘုရားတစ်ပိုင်း သွေး တစ်တန်၊ ပြီးတော့ နတ်ဘုရားတစ်ပိုင်း ဝိညာဉ် ဆယ်ခု.."

"အာဏာရှင်မှာ မရှိတဲ့ ပစ္စည်းနှစ်ခုက ကြွယ်လမ်းစဉ် ကုန်တိုက်မှာ ရနိုင်တယ်။ နောက်ပြီးတော့ ပိုင့်အတွက် လိုအပ်တဲ့ ပစ္စည်းလေးမျိုးထဲမှာ နတ်ဘုရားတစ်ပိုင်းသွေး အပါအဝင် ပစ္စည်းသုံးမျိုးကလည်း ကြွယ်လမ်းစဉ် ကုန်တိုက်မှာ ရှိနိုင်တယ်။ နတ်ဘုရားတစ်ပိုင်း

ဝိညာဉ်ကတော့ နတ်ဘုရားတစ်ပိုင်း မွန်းစတားတွေကို အမဲလိုက်ပြီး သတ်ဖြတ်မှ ရနိုင်လောက်မယ်”

လင်းဟွမ်က မျက်ခုံးပင့်ပြီး ပြောလိုက်သည်။

ပထမစာရင်းကို ပိတ်ပြီးနောက် ဒုတိယ မြောက်စာရင်းကို ဖွင့်လိုက်သည်။ ထိုပစ္စည်း စာရင်းထဲတွင် ပစ္စည်းများစွာ မပါဝင်ပေ။ (၃၀) ကျော်သာ ရှိသော်လည်း ပိုင် လိုအပ်နေသော နတ်ဘုရားတစ်ပိုင်း ဝိညာဉ်များလည်း ပါဝင်နေသည်။

လင်းဟွမ်သည် တစ်ချက် စဉ်းစားပြီးနောက် ကြယ်လမ်းစဉ် ကုန်တိုက်ထဲတွင် ရနိုင်သော

ပစ္စည်း အနည်းငယ်ကို ဖယ်ပြီး ကျန်သည့်ပစ္စည်း စာရင်းကို ဝမ်ပေါင်လေလံပွဲမှ ထန်ရှုထံ ပို့ပေးလိုက်သည်။

"ဒီစာရင်းထဲက ပစ္စည်းတွေရအောင် တတ်နိုင်သလောက် ကူညီပေးပါ.."

ချင်ချင်း ဆိုသလို ထန်ရှုက မက်ဆေ့ချ် ပြန်ပို့လာသည်။

"စုဆောင်း ပေးတာက ကိစ္စ မရှိဘူး။ အချိန်တော့ နည်းနည်းလိုမယ်.."

“ အဆင်ပြေတယ်.. ရနိုင်သလောက်သာ စုဆောင်းပေး..”

လင်းဟွမ်က ပြန်ဖြေလိုက်သည်။

ထျန်ရှူက ပြဿနာမရှိပါဘူး ဟူသော အီမိုဂျီရုပ်ပုံ တစ်ခု ချက်ချင်း ပြန်ပို့လာသည်။

လင်းဟွမ်သည် ဝမ်ပေါင် လေလံပွဲသို့ ပစ္စည်းစာရင်း အပြည့်အစုံ မပို့ရသည့် အကြောင်းအရင်းမှာ ဤလေလံပွဲ၏ လျှို့ဝှက်မှုအဆင့်က မှောင်ခို ဈေးကွက်လောက် မြင့်မားခြင်း မရှိသောကြောင့် ပင်။ ထို့အပြင်

လင်းဟွမ်က မှောင်ခိုဈေးကွက်ကို ပေးခဲ့သည့် ပစ္စည်းစာရင်းကလည်း အပြည့်အစုံ မဟုတ်ပေ။

သွေးရဲရဲလေးက ရှာရခက်သော ပစ္စည်းများကိုသာ စာရင်း ပြုစုထားပြီး ဈေးကွက်ထဲတွင် ရှာတွေ့နိုင်သော ပစ္စည်းများကို ထုတ်နုတ်ချန်ထားရစ်ခဲ့ခြင်း ဖြစ်သည်။ လိုအပ်သော ပစ္စည်းစုစုပေါင်း၏ ထက်ဝက်မျှသာ ပါဝင်၏။

ထိုကဲ့သို့ ပြုလုပ်ရသော အကြောင်းအရင်းမှာ အဆင့်တက်ကတ် အသုံးမပြုဘဲ အဆိုပါ ပစ္စည်းများကို အသုံးပြုပြီး မွန်းစတားများအား

မြှင့်တင်ပေးနိုင်ပါ့မလား ဆိုသည်မှာ မသေချာသောကြောင့် ဖြစ်သည်။

အတုယောင် ဒဏ္ဍာရီအဆင့် မွန်းစတားများကို ဒဏ္ဍာရီအဆင့်သို့ မြှင့်တင်ခြင်းသည် ဤကုန်းမြေ တစ်ခုလုံးတွင် လင်းဟွမ်မှလွဲ၍ အခြားသူ မရှိနိုင်ပေ။